# သစ်တောကြေးမုံ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## ပဉ္စမအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (အကျိုးအမြတ်မယူသော)အသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပဉ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်၊ နံနက်(၉)နာရီအချိန်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့ပါသည်။






စာမျက်နှာ - ၃ သို့

# လေးမည်ရ မြန်မာနိုင်ငံသစ်တောကျောင်း

မြန်မာနိုင်ငံတွင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများစွာရှိသော သစ်တောများအား ကာကွယ်ထိန်းသိမ်းရန်နှင့် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သစ်တောဦးစီးဌာန၏ အမာခံကျောရိုးများဖြစ်သော တောအုပ်ဝန်ထမ်းကောင်းများ လိုအပ်လျက်ရှိပေသည်။ မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ 'မြမ္မာပြည်သစ်တောကျောင်း' ဟုလည်းကောင်း၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးအချိန်တွင် 'မြန်မာနိုင်ငံတော် သစ်တောကျောင်း' ဟုလည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်းတွင် 'သစ်တောလုပ်ငန်းအတတ်သင်ကျောင်း' ဟုလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ယခုခေါ်ဝေါ်သုံးစွဲနေသည့် 'မြန်မာနိုင်ငံ သစ်တောကျောင်း' ဟုလည်းကောင်းခေါ်ဝေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်း တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း(၁၁၈)နှစ် ကြာမြင့်ခဲ့ ပြီဖြစ်ပါသည်။ လေးမည်ရ မြန်မာနိုင်ငံသစ်တောကျောင်းကို လေးမည်ရ မြို့ဖြစ်သည့် ပြင်ဦးလွင်တွင် ဖွင့် လှစ်သင်ကြားပို့ချလျက်ရှိသည်။

မြန်မာနိုင်ငံသစ်တောကျောင်း တည်ထောင်ဖွင့် လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ တိုင်းပြည်အတွက် သစ်တောလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်မည့် လုပ်ငန်းကျွမ်းကျင်သူများဖြစ်လာစေရန်၊ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးလိုစိတ်ရှိသော ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ နိုင်ငံတော်မှချမှတ်ထားသည့် လူမှုရေး၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့် စီမံကိန်းနှင့်တာဝန်များကို ပြည်သူလူထုနှင့် ပူးပေါင်း၍ စီမံကိန်းများအောင်မြင်သည်အထိ စည်းရုံးဆောင်ရွက်သွားရန်၊ အမျိုးသားစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက်ပါဝင်လှုပ်ရှားမည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် ဝန်ထမ်းများစိတ်ဓါတ်၊ စည်းကမ်းနှင့် အကျင့် စာရိတ္တများတိုးတက်ကောင်းမွန်လာစေရန်တို့ဖြစ်ပါသည်။

ဝန်ကြီးဌာနအနေဖြင့် ဌာနအတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင်ဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပေသည်။ သစ်တောတက္ကသိုလ်၊ မြန်မာနိုင်ငံသစ်တောကျောင်းနှင့် သစ်တောလုပ်ငန်း သင်တန်းကျောင်းများတွင် နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက်လုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အရည်အသွေးမြင့် ဝန်ထမ်းများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့တွင် ပြုလုပ်ကျင်းပသော (၁၁၂)ကြိမ်မြောက် မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲတွင် သင်တန်းသား(၇၈)ဦး သင်တန်းဆင်းခဲ့ကြပြီး အောင်လက်မှတ်ရရှိခဲ့သော သင်တန်းသားများအနေနှင့် တစ်ဆင့်မြင့်ရာထူးဖြင့် သက်ဆိုင်ရာလုပ်ငန်းဌာနများတွင် ဆက်လက်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်းအနေဖြင့် သစ်တောအမှုထမ်း(၅၉၄၂)ဦးကို မွေးထုတ်ပေးနိုင်ခဲ့ ပြီဖြစ်ပါသည်။ ယခုနှစ်ကျောင်းဆင်းပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိနေသော ဝန်ထမ်းများအားလုံးအနက်မှ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများကိုရွေးချယ်ပြီး တစ်ဆင့်မြင့် ရာထူးနှင့် ဂုဏ်ပြုဆုပေးခဲ့သည်။

မြန်မာနိုင်ငံသစ်တောကျောင်းမှ မွေးထုတ်ပေးလိုက်သော ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ ကျေးဇူးသစ္စာကိုစောင့်သိ၍ ကောင်းမွန်သော ဝန်ထမ်းကောင်းများဖြစ်အောင် ထိန်းသိမ်းကျင့်ကြံနေထိုင်ရန်၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူရန်၊ အကျင့်စာရိတ္တတွင် စံနမူနာပြုဖြစ်အောင် ကျင့်ကြံနေထိုင်ကာ ပြည်သူ့အကျိုးသယ်ပိုးပြီး ယုံကြည်မှုကိုရယူရန်၊ နိုင်ငံတော်၏ သစ်တောသယံဇာတများနှင့် ကောင်းမွန်သောသဘာဝ ပတ်ဝန်းကျင်အခြေအနေကို နောင်သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာနိုင်ငံသစ်တောကျောင်းမှ နှစ်စဉ်မွေးထုတ်ပေးခဲ့သော ဝန်ထမ်းများသည် စာတွေ့ပိုင်၍ လက်တွေ့နိုင်ခဲ့သည့် ဌာန၏အမာခံကျွမ်းကျင်ဝန်ထမ်းများဖြစ်သည်အားလျော်စွာ၊ နိုင်ငံတာဝန်နှင့် ဌာနတာဝန်များကို တာဝန်ယူဆောင်ရွက်ကြရာတွင် သင်တန်းကျောင်းမှ သင်ကြားပေးခဲ့သည့် အသိပညာ၊အတတ်ပညာတို့ဖြင့် သစ်တောသယံဇာတများကို ထာဝစဉ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ အားကြိုးမာန်တက် ထမ်းဆောင်ကြပါစေလိုကြောင်း တိုက်တွန်းနှိုးဆော်ဖော်ပြအပ်ပါသည်။



## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

**အရိပ်နေလျှက် အခက်မချိုး၊**
**မျှစ်ကိုချိုးလည်း ဝါးမျိုးမသတ်၊**
**ဝတ်ရည်ကိုစား ပန်းများမခြွေ၊**
**စိမ်းနေဦးမည့် တို့တောမြေ။**

# မာတိကာ


| | |
|---|---|
| ➤ပဥ္စမအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဗိုရမ်ဖွင့်ပွဲအခမ်းအနား | မျက်နှာဖုံး၃ |
| ➤လေးမည်ရ မြန်မာနိုင်ငံသစ်တောကျောင်း | ၁ |
| ➤သတင်းများကဏ္ဍ | ၃-၇ |
| ➤တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ | ၈-၁၀ |
| ➤သစ်တောပညာအစ | ၁၁ |
| ➤ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂါလာပါဂို့စ်အမျိုးသားဥယျာဉ် | ၁၂-၁၆ |
| ➤အပြည်ပြည်ဆိုင်ရာတောင်တန်းများနေ့ | ၁၇-၁၈ |
| ➤ပူနွေးကမ္ဘာတားဆီးဖို့ သဘာဝဝန်းကျင်ထိန်းသိမ်းစို့(ကဗျာ) | ၁၈ |
| ➤ရွှေပင်တောမှ ရွှေဩဇာ | ၁၉-၂၁ |
| ➤လေကာတန်းသစ်တော | ၂၂-၂၄ |
| ➤မိသားစုလေးများ | ၂၅-၂၆ |
| ➤နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့၏ ပွင့်တော်မူရာ ပွင့်ရာဗောဓိပင်များ | ၂၇ |
| ➤ရေအိမ်ငှက်ကာ | ၂၈-၃၀ |
| ➤သူတို့လည်း ဝမ်းသာပါလိမ့်မယ် | ၃၁-၃၃ |
| ➤မြန်မာရှား | ၃၄-၃၆ |
| ➤ဒေါ့ကိုမြန်မြန် ကယ်ကြပါ(ကဗျာ) | ၃၇ |
| ➤ကလစ်၊ ကလစ်၊ ကလစ် | ၃၈-၄၀ |
| ➤ဖိနပ်တစ်ဖက်ဝယ်ရခြင်း | ၄၀ |
| ➤သဘာဝပတ်ဝန်းကျင်ဆိုင်ရာအင်တာနက်မှသတင်းများ | ၄၂-၄၅ |
| ➤ကမ္ဘာ့မိုးလေဝသအဖွဲ့(WMO)က ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံတကာပါဝင်သော ထိပ်သီးညီလာခံအတွင်း ထုတ်ပြန်ခဲ့သည် - | ၄၆ |
| ➤အစိမ်းရောင်ကျေးရွာ နောင်ကာတ်(အပိုင်း-၂) | ၄၇ |
| ➤Soil and Water Conservation in Shan State of Myanmar | ၄၈-၅၀ |
| ➤(၁၁၂)ကြိမ်မြောက် မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲအခမ်းအနား | ကျောဖုံး၄ |


**စိမ်းလန်းသာယာ ၊ ပြည်မြန်မာ**
**သယံဇာတ၊ တောမှရ၏။**


**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးတင်ထွန်း
ဒုတိယညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးမိုးဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးအောင်ကျော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးဌေးဝင်း(၄) | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထွန်း | ဦးစီးအရာရှိ |
| ဦးဝင်းသန်း | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ-၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၉၄
fdextension39@ gmail.com

မျက်နှာဖုံးမှအဆက်




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစိမ်းရောင် စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု(အကျိုးအမြတ်မယူသော)အသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပဥ္စမအကြိမ် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် ယခုဖိုရမ်သည် လက်ရှိအနေအထားတွင် လတ်တလောဦးတည်နေသည့် အလားအလာများအားပြောင်းလဲပြီး ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် လိုအပ်သည့် ဆောင်ရွက်မှုများအားခြုံငုံမိစေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အရေးပါပြီး အချိန်ကိုက်ဖြစ်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု တိုးပွားလာခြင်း၏ ဆိုးကျိုးများကြောင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ယိုယွင်းပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲမှုများအား တုံ့ပြန်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခံနိုင်ရည်ပြည့်ဝစေရေး၊ တန်းတူညီမျှမှုရှိစေရေးနှင့် အလုံးစုံပါဝင်သည့် အနာဂတ်ကိုပိုင်ဆိုင်နိုင်ရေးအတွက် လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာများနှင့် လက်တွေ့ဆောင်ရွက်မှုများအား ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေသည့် သဘောတူညီချက်များအား ကုလသမဂ္ဂညီလာခံများတွင် ချမှတ်ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် လတ်တလောချမှတ်ဆောင်ရွက်ခဲ့သည့် နိုင်ငံတကာကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့အားလုံးနှင့် နောင်လာနောက်သားများအပေါ် အမုန်တကယ်ဆိုးကျိုးဖြစ်ပေါ်စေမည့် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတွင် အလေးအနက်ထား ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားနှင့်သဘာဝသယံဇာတ အရင်းအမြစ်ပေါ်များသည့် ဖွံ့ဖြိုးစနိုင်ငံတစ်နိုင်ငံအနေဖြင့် ရေရှည်တည်တံ့သည့်၊ ခံနိုင်ရည်ရှိသည့်၊ စနစ်ကျသည့်၊ အလုံးစုံ ပါဝင်သည့်၊ ညီညွတ်မျှတသည့် ပြုပြင်ပြောင်းလဲမှုများအတွက် အလားအလာကောင်းများရှိနေပါကြောင်း၊ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့် စီမံကိန်းများနှင့် အကောင်အထည်ဖော်မှုများတွင် သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့ကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် ပင်မလုပ်ငန်းစဉ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာမူဘောင်နှင့် စွန့်ပစ်ပစ္စည်းစီမံမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် ပါဝင်ပတ်သက်သူများအားလုံးနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရာတွင် ရေရှည်စဉ်ဆက်မပြတ် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ပြည့်စုံကောင်းမွန်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ထိထိရောက်ရောက် အကျိုးရှိစွာ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ မိမိအနေဖြင့် ဖိုရမ်မှထွက်ပေါ်လာမည့် ဆွေးနွေးညှိနှိုင်းမှု ရလဒ်များသည် ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံတွင် အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးမှုကို အလေးထားဆောင်ရွက်နိုင်ရန် အသုံးဝင်သည့် အကြံဉာဏ်များ၊ ထည့်သွင်းဆောင်ရွက်ရမည့် အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု (အကျိုးအမြတ်မယူသော)အသင်း ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ဝင်းအောင်၊ ကနေဒါနိုင်ငံသံအမတ်ကြီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး နှင့် နော်ဝေနိုင်ငံသံအမတ်ကြီးတို့က အသီးသီးအဖွင့်အမှာစကားပြောကြားပြီးနောက် ဂျပန်နိုင်ငံ Global Environment Action မှ ညွှန်ကြားရေးမှူးချုပ်က Keynote Speech အားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံခြားသားပညာရှင်များနှင့်သက်ဆိုင်ရာဝန်ကြီး ဌာနများအပါအဝင် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများ စုစုပေါင်း(၄၅၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

ဖွင့်ပွဲအခမ်းအနား အစီအစဉ်အပြီးတွင် ပဥ္စမအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်တွင် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပါသည်။

ကျောဖုံးမှအဆက်

## ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာ သင်တန်းအမှတ်စဉ်(၁၁၂)နှင့် မြန်မာနိုင်ငံမြေတိုင်းကျောင်း အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံ သစ်တောကျောင်း အခြေခံသစ်တောပညာ သင်တန်းအမှတ်စဉ်(၁၁၂)နှင့် မြန်မာနိုင်ငံ မြေတိုင်းကျောင်း အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ၊ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းဆင်းသင်တန်းသားများနှင့် မိသားစုများတက်ရောက်ကြပါသည်။ ရှေးဦးစွာအလံကိုင်တပ်ဖွဲ့နှင့် သင်တန်းဆင်းတပ်ဖွဲ့များမှ ပြည်ထောင်စုဝန်ကြီးအား စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းနှင့် မြေတိုင်းကျောင်းတို့မှ သင်တန်းထူးချွန်ဆုရသင်တန်းသားများနှင့် စစ်ရေးပြ အကောင်းဆုံးတပ်ခွဲကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ကျောင်းဆင်းပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသစ်တောကျောင်းသည် သက်တမ်း(၁၁၈)နှစ်နှင့် မြေတိုင်းကျောင်း၏ သက်တမ်းသည်လည်း(၆၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ခေတ်အဆက်ဆက် ဖွင့်လှစ်သင်ကြားခဲ့သည့် အတတ်ပညာသင်ကျောင်းများဖြစ်ကြကြောင်း။ သစ်တောကျောင်းကို (၁၈၉၈)ခုနှစ်က စတင်ဖွင့်လှစ်ပို့ချခဲ့ရာ ယနေ့ထိ သင်တန်းသား(၅၉၄၂)ဦး၊ မြေတိုင်းကျောင်းမှ သင်တန်းသား(၁၂၁၉၄)ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံသစ်တောကျောင်းကို လက်တွေ့လုပ်ငန်းကျွမ်းကျင်ပြီး ဌာန၏အမာခံဝန်ထမ်းကောင်းများဖြစ်စေရန် ကျန်းမာကြံ့ခိုင်ပြီးစိတ်ဓာတ်၊ စည်ကမ်းနှင့်စာရိတ္တတိုးတက်ကောင်းမွန်လာစေရန်၊ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ်နှင့် ပြည်သူ့အကျိုးသယ်ပိုးလိုစိတ်ရှိသည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် ပြည်သူနှင့်ပူးပေါင်းပြီးလုပ်ငန်းရည်မှန်းချက်များ အောင်မြင်သည်အထိ စည်းရုံးဆောင်ရွက်နိုင်စေရန်၊ ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်၊ စွမ်းဆောင်ရည်မြင့်မားစေရန်လည်းကောင်း၊ မြန်မာနိုင်ငံမြေတိုင်းကျောင်းကို နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများတွင် မြေပုံများလိုအပ်၍ ကွင်းဆင်းတိုင်းတာရေးလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းဆင်းပြီး လုပ်ငန်းခွင်အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရာတွင် မိမိတို့တတ်မြောက်သည့် ပညာရပ်၊ အတွေ့အကြုံများကို ပေါင်းစပ်ပြီး စဉ်ဆက်မပြတ် လေ့လာဆည်းပူး၍ တီထွင်ကြံဆလုပ်ကိုင်ကြရန်မှာကြားလိုကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ သစ်တောများပြန်လည်တည်ထောင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကိုပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများတွင် သဘာဝအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲကြ၍ နောက်ဆက်တွဲဆိုးကျိုးများတွေ့ကြုံခံစားနေကြရပြီဖြစ်ကြောင်း၊ ဖြစ်ပေါ်လာသော သဘာဝအန္တရာယ်နှင့် အကျိုးဆက်များကို လျှော့ချနိုင်ရန် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာကွယ်ရန်ရည်ရွယ်ပြီးသစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(Myanmar Reforestation and Rehabilitation Programme)ကို ရေးဆွဲဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ခေတ်မီလုပ်ငန်းသုံးစက်ကိရိယာများ၊ အထောက်အကူပြုပစ္စည်းများအသုံးပြု၍ ပြဿနာများကို ကျော်လွှားဆောင်ရွက်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျွန်းရတနာခန်းမတွင် ဆက်လက်ကျင်းပခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့သော သစ်တောဝန်ထမ်း(၂)ဦးအား တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးအပ်၍ ဂုဏ်ပြုဆုများပေးအပ်ခြင်း၊ အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၁၂)မှ သင်တန်းသား (၇၈)ဦး၊ အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၅)မှ သင်တန်းသား(၂၂)ဦးတို့ကို သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခြင်း၊ အခြေခံသစ်တောပညာသင်တန်းဆင်း သင်တန်းသားများအား တစ်ဆင့်မြင့်ရာထူးပေးအပ်သည့် အမိန့်စာများပေးအပ်ခြင်း၊ ထူးချွန်ဆုရသင်တန်းသားများအားဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ အလှူရှင်များမှ မြန်မာနိုင်ငံ သစ်တောကျောင်းသို့ အလှူငွေများပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူ၊ ထူးချွန်ဆုရသင်တန်းသားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

## မြန်မာ့သစ်တောမူဝါဒဆိုင်ရာ ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံသစ်တောအသင်းနှင့် ပျိုးပင်အစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့သစ်တောမူဝါဒဆိုင်ရာပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို (၉-၁၁-၂၀၁၆)ရက်နေ့ (၉)နာရီတွင် The Hotel Royal ACE ၊ နေပြည်တော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်တောမူဝါဒတွင် မြေအသုံးချမှု၊ ကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်း၊ သစ်တောမျိုးဆက်ခြင်းနှင့် သစ်တောတည်ထောင်ခြင်း၊ သစ်တောအခြေခံသည့် စက်မှုလုပ်ငန်း၊ ဈေးကွက်နှင့် ကုန်သွယ်မှု၊ သစ်တောသုတေသန၊ သစ်တောစီမံကိန်းရေးဆွဲခြင်း၊ ကဏ္ဍအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းများအတွင်း စွမ်းဆောင်ရည်ခိုင်မာစေခြင်း၊ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး၊ ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ပြည်သူတို့၏ နီးကြားထကြွသည့်အသိရှင်သန်ရေးတို့ကို လွှမ်းခြုံပြီး ဆောင်ရွက်မည့်ရည်ရွယ်ချက်များအလိုက် မူဝါဒလုပ်ငန်းများ၊ မဟာဗျူဟာများ၊ ရေတို/ရေရှည်လုပ်ငန်းစဉ်များဖြင့် အသေးစိတ်ပြုစုရေးဆွဲထားတာကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊

သစ်တောလျော့နည်းပြုန်းတီးခြင်း၏ အဓိကအကြောင်းရင်းများမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ အလွန်အကျွံသစ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးမြေများ၊ လူနေအိမ်များကျူးကျော် တိုးချဲ့လာခြင်း၊ စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်အတွက် ရေလှောင်တမံများတည်ဆောက်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ မြို့ရွာများ တိုးချဲ့ထူထောင်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်၊ ထင်းလိုအပ်ချက် များပြားလာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေနှင့် သစ်တောသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာန၏ သစ်တောဥပဒေအား အသစ်ပြန်လည်ရေးဆွဲခြင်းနှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအား ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် မြန်မာ့သစ်တောမူဝါဒသည် ၁၉၉၅ ခုနှစ်၌ ပြဋ္ဌာန်းခဲ့ပြီး နှစ်ပေါင်း(၂၁)နှစ်ရှိပြီဖြစ်ကြောင်း၊ ယခုလက်ရှိ အချိန်အထိ ပဓာနကျသောအချက်(၆)ချက်နှင့် ရည်ရွယ်ချက်၊ မူဝါဒလုပ်ငန်းများ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များသည် လက်တွေ့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် လွှမ်းခြုံသက်ရောက်နေဆဲဖြစ်ကြောင်း၊ ကုန်လွန်ခဲ့သော ကာလများအတွင်း မြန်မာ့သစ်တောမူဝါဒပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို ပြန်လည်ဆန်းစစ်ပြီး ပြောင်းလဲလာသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေများနှင့် လိုက်လျောညီထွေစွာ ဆင်ခြင်သုံးသပ်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများ၏ (၂၂)ကြိမ်မြောက် ညီလာခံတက်ရောက်




မော်ရိုကိုနိုင်ငံ၊ မာရာကက်ချ်မြို့ရှိ Bab Ighli ၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၂)ကြိမ်မြောက် ညီလာခံ(Conference of Parties-COP 22)၊ (၁၂)ကြိမ်မြောက် ကျိုတိုနောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်များညီလာခံ (Conference of the Parties serving as the meeting of the Parties to the Kyoto Protocol-CMP12)၊ ပထမအကြိမ်ပါရီ သဘောတူညီချက် အဖွဲ့ဝင်များညီလာခံ (Conference of the Parties serving as the meeting of the Parties to the Paris Agreement -CMA 1)နှင့်အတူ

ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ COP 22 ညီလာခံ၏ အဆင့်မြင့်အစည်းအဝေး(High Level Segment) ဖွင့်ပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် Plenary Marrakech တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး မော်ရိုကိုနိုင်ငံဘုရင် ၊ ကုလသမဂ္ဂအထွေထွေညီလာခံသဘာပတိ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၊ ကွန်ဗင်းရှင်းအမှုဆောင် အတွင်းရေးမှူး ၊ ပြင်သစ်နိုင်ငံသမ္မတတို့က အဖွင့်အမှာစကား ပြောကြားပြီးနောက် နိုင်ငံအကြီးအကဲများနှင့် နိုင်ငံကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံအဆင့်ထုတ်ပြန်တင်ပြချက်(National Statement)များကို ဖတ်ကြားခဲ့ကြပါသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက National Statement ဖတ်ကြားတင်ပြရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ပြင်းထန်လှသည့် ဆိုးကျိုးများဖြစ်ပေါ်လျက်ရှိကြောင်း၊ သက်သေအထောက်အထားအရ ပိုမိုထင်ရှားလာသည့်အတွက် ချက်ချင်းအရေးတကြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ ကမ္ဘာ့အပူချိန် ၁.၅ စင်တီဂရိတ် အောက်ထိန်းသိမ်းသွားရန် ရည်မှန်းချက်ချမှတ်ထားသည့် ပါရီသဘောတူညီချက်အား စတင်အကောင်အထည်ဖော် အလေးပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ထိခိုက်ခံစားလွယ်သော နိုင်ငံဖြစ်ကြောင်းကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ထားသည့် ကမ္ဘာ့အဆင့် ရာသီဥတုအန္တရာယ်အညွှန်းကိန်းဆိုင်ရာ သုတေသနစာတမ်းတွင်ဖော်ပြထားပါကြောင်း၊ ၂၀၁၆ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံအနေဖြင့် ပါရီသဘောတူညီချက်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲချမှတ်ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုတွင် ပူးပေါင်းပါဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏အခြေအနေနှင့် သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် (Intended Nationally Determined Contributions-INDC)ကိုထပ်မံမွမ်းမံလျက်NDC ကို ရေးဆွဲလျက်ရှိပါကြောင်း၊ ပါရီသဘောတူညီချက်ပါ အပိုဒ်(၈)ကို အပြည့်အဝထောက်ခံသည့်အပြင် ဆုံးရှုံးပျက်စီးမှုဆိုင်ရာ နိုင်ငံတကာ ဝါဆောယန္တရား၏ လုပ်ငန်းစီမံချက်ကို (၅)နှစ်သက်တမ်းတိုးမြှင့်ရေး အတည်ပြုချမှတ်သွားရန်မျှော်လင့်ပါကြောင်း၊ ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များအတွက် အထောက်အပံ့ရရှိနိုင်ရေးသည်လည်း အလွန်အရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ပါရီသဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အဆင်သင့်ရှိနေပါကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၂) ကြိမ်မြောက်ညီလာခံသို့ တက်ရောက်နေစဉ်အတွင်း ၁၄-၁၁-၂၀၁၆ ရက်နေ့တွင် Korea pavilion ၌ ကိုရီးယားနိုင်ငံအခြေစိုက် Global Green Growth Institute မှ ညွှန်ကြားရေးမှူးချုပ်နှင့်လည်းကောင်း၊ ၁၅-၁၁-၂၀၁၆ ရက်နေ့ နံနက်ပိုင်းတွင် Korea pavilion ၌ ကိုရီးယားနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့်လည်းကောင်း၊ ညနေပိုင်းတွင် China pavilion ၌ကျင်းပသည့် Bamboo for Climate Action ဆိုင်ရာဆွေးနွေးပွဲနှင့် Japan Pavilion ၌ ဂျပန်နိုင်ငံပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ကျင်းပသည့် 4th JCM Partner Countries' High-level Meeting များသို့တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး ရာသီဥတုပြောင်းလဲလျှော့ချရေးနှင့်လိုက်လျောညီထွေရှိစေရေးဆိုင်ရာ ရေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၁၈-၁၁-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

## သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း



သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေး ကျင်းပပြုလုပ်ရာ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ (၄-၁၁-၂၀၁၆)ရက်နေ့ နံနက်(၉)နာရီတွင်

အမြဲတမ်းအတွင်းဝန်က သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ ကဏ္ဍအလိုက် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ

ဗဟိုကော်မတီအောက်တွင် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝအရင်းအမြစ်များကို ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် စဉ်ဆက်မပြတ်အသုံးပြုခြင်း၊ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ခြင်းသည် အလွန်အရေးကြီးကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ကလည်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အကြံပြု ဆွေးနွေးခဲ့ကြသည်။

## မြန်မာ–အိန္ဒိယ Wildlife Crime Control ဆိုင်ရာ Nodal Point များ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပခြင်း

မြန်မာ–အိန္ဒိယတောရိုင်းတိရစ္ဆာန်တရားမဝင် ကူးသန်းရောင်းဝယ်မှုထိန်းချုပ်ရေးအဖွဲ့ Nodal Point များ၏ ပထမအကြိမ်မြောက် အစည်းအဝေးကို အိန္ဒိယနိုင်ငံ Mizoram ပြည်နယ်၊ Aizawl မြို့တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့မှ (၁၃)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ မြန်မာ–အိန္ဒိယ Wildlife Crime Control ဆိုင်ရာ Nodal Point များ၏ ဒုတိယအကြိမ် အစည်းအဝေးအား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂–၂၃ ရက်နေ့တို့တွင် နေပြည်တော်၊ သစ်တောဦးစီးဌာန၌ကျင်းပရာ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် တောရိုင်းတိရစ္ဆာန်တရားမဝင်ကူးသန်းရောင်းဝယ်မှုများ(Wildlife crime)အား ပူးပေါင်း ညှိနှိုင်းတားဆီးရန်နှင့် မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံအကြား Wildlife Crime ဆိုင်ရာသတင်းအချက်အလက်များဖလှယ်ရန် ရည်ရွယ်ပါသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ Nodal Point၊ နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် ရောင်းဝယ်မှုများအား ဥပဒေအရထိရောက်စွာ အရေးယူတားဆီးရေးလုပ်ငန်းအဖွဲ့(National Wildlife Law Enforcement Task Force)မှအဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး၊ အိန္ဒိယနိုင်ငံဘက်မှ Wildlife Crime Control Bureau မှ Nodal Point နှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ကိုယ်စားလှယ်အပါအဝင်စုစုပေါင်း (၁၅)ဦးတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်တောရိုင်းတိရစ္ဆာန်တရားမဝင်အမှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ နယ်စပ်ဖြတ်ကျော် တောရိုင်းတိရစ္ဆာန်တရားမဝင်အမှုများနှင့် ကူးသန်းရောင်းဝယ်မှု သတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာနည်းလမ်းများ၊မြန်မာ–အိန္ဒိယနှစ်နိုင်ငံNodal Point များအကြား ပိုမိုကောင်းမွန်စေမည့် ဆက်သွယ်ရေးလမ်းကြောင်းတည်ဆောက်ခြင်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများအား အဓိကထားဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးချက်များအရ အိန္ဒိယနိုင်ငံ၊ Wildlife Crime Control Bureau (WCCB) ၏စစ်ဆေးတွေ့ရှိချက်များအရ အိန္ဒိယနိုင်ငံဖက်မှ ကျား၊ ကျားသစ်၊ ကြံ့ချို ၊အိန္ဒိယ ကြယ်လိပ်နှင့် အခြားတိရစ္ဆာန် အစိတ်အပိုင်းများကို မြန်မာပြည်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်နေကြောင်းနှင့် WCCB နှင့် WII တို့ပူးပေါင်း၍ အိန္ဒိယနိုင်ငံ၏ ကျားအကောင်ရေ ၂၀၀၀ ၏ Stripe Pattern များအား Digital စနစ်ဖြင့်စုဆောင်းခြင်း၊ DNA စုဆောင်းခြင်းဖြင့် Database တည်ဆောက်ထားပါကြောင်း၊ ပင်လယ်မျှော့ကူးသန်းရောင်းဝယ်ရေးမှာလည်း ဘင်္ဂလား ပင်လယ်ကွေ့ဘက်တွင် ပိုမိုဖြစ်ပွားလျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား တောရိုင်းတိရစ္ဆာန် တရားမဝင်ကူးသန်းရောင်းဝယ်နေမှုဆိုင်ရာ တားဆီးနှိမ်နင်းခြင်းလုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နှစ်နိုင်ငံ၏သစ်တောအမှုများ၊ တောရိုင်းတိရစ္ဆာန်အမှုများနှင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိခြင်းဆိုင်ရာသတင်းအချက်လက်များအားဖလှယ်ရန်၊ တောရိုင်းတိရစ္ဆာန်အမှုများအား ကြိုတင်တားဆီးနှိမ်နင်းနိုင်ရန်အတွက် သတင်းအချက်အလက်များအား အချိန်မှီအပြန်အလှန်ပေးပို့ရန်၊ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံနယ်စပ်ရှိ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များဖလှယ်ရန်၊ မြန်မာနှင့်အိန္ဒိယနိုင်ငံတို့တွင် တောရိုင်းတိရစ္ဆာန်အမှုများတွင် လက်ရှိအသုံးပြုလျက်ရှိသော ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများအား အချင်းချင်းဖလှယ်ရန်၊ တောရိုင်းတိရစ္ဆာန်မှုခင်းဆေးပညာရပ်များ၊ မျိုးစိတ်ခွဲခြားခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ကူးသန်းရောင်းဝယ်တားဆီးခြင်း အထောက်အကူပြုခေတ်မှီနည်းပညာရပ်များနှင့်ပတ်သက်၍ စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့အတွက် နှစ်နိုင်ငံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံအကြား ကျင်းပလေ့ရှိသည့် နယ်စပ်ဒေသဆိုင်ရာအစည်းအဝေး (Border Level Meeting)၏ အစီအစဉ်တွင် နယ်စပ်ဖြတ်ကျော် တောရိုင်းတိရစ္ဆာန်အမှုများနှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေးနိုင်ရေး အကြံပြုရန်၊ ယခင်ဆွေးနွေးမှုမှတ်တမ်းများအရ အိန္ဒိယနိုင်ငံ Wildlife Institute of India (WII) ၌ မြန်မာနိုင်ငံမှအရာရှိများအတွက် Wildlife Management ဘာသာရပ်ဆိုင်ရာ သင်တန်းများပို့ချပေးနိုင်ရေး အိန္ဒိယနိုင်ငံဘက်မှ စီစဉ်ပံ့ပိုးပေးရန်၊ MoUအရသော်လည်းကောင်း၊ သံတမန်နည်းလမ်းအရ အိန္ဒိယဘက်မှ အကြောင်းကြားချက်အရသော်လည်းကောင်း၊ မြန်မာ–အိန္ဒိယ Wildlife Crime Control ဆိုင်ရာ Nodal Point များ၏ တတိယအကြိမ် အစည်းအဝေးအား ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ကျင်းပရန် သဘောတူညီခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး





တရားမဝင် သစ်တောထွက်ပစ္စည်းများ
ဖမ်းဆီးရမိခြင်းသတင်းများ

(၂-၁၁-၂၀၁၆)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် အင်းရွာနယ်မြေရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ်၊ မယ်ညိုရွာနှင့် တက်တူလယ်ရွာကြား၊ ဧရာဝတီမြစ်အတွင်း၌ စစ်ဆေးတွေ့ရှိသည့် စက်လှေ(၁)စီးဖြင့်ဆွဲယူလာသည့် ဝါးဖောင်(၇)ဖျစ်မှ တရားမဝင်ကျွန်း(သစ်/တိုင်) (၃၁၀)လုံး၊ (၆၅. ၀၉၄)တန်နှင့် ပိုင်ရှင်(၁)ဦး၊ ပိုင်ရှင်မတွေ့ရှိသော ဝါးဖောင်(၂)ဖျစ်မှ တရားမဝင်ကျွန်း (သစ်/တိုင်/ ခွဲသား)၊ (၁၇၄)လုံး/ချောင်း၊ (၂၂. ၅၇၂၂)တန် ဖမ်းဆီးရမိခဲ့ပါသည်။ စုစုပေါင်းဖမ်းဆီးရမိမှုမှာ တရားမဝင်ကျွန်း(သစ်/တိုင်/ခွဲသား)၊ (၄၈၄)လုံး/ချောင်း၊ (၈၇. ၆၆၆၂)တန်နှင့် စက်လှေ(၁)စီး၊ တရားခံ(၁)ဦးတို့ဖြစ်ပါသည်။ တရားခံအား အင်းရွာရဲစခန်းတွင် (ပ. ပ. က)ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်ထားရှိပြီးဖြစ်ပါသည်။

## ရှမ်းပြည်နယ်



(၂-၁၁-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ဝမ်ကောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ၊ ဝမ်ကောင်းရပ်ကွက် အိမ်အမှတ် ဝက-၇/၆၅ တွင် တရားမဝင်မွေးမြူထားရှိသည့် လိပ်ကြက်တူရွေး(၈၅၃)ကောင်နှင့်အတူ တရားခံ(၂)ဦးဖမ်းဆီးရမိခဲ့ပါသည်။ တရားခံများအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး




(၈-၁၁-၂၀၁၆)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ မဟာအောင်မြေမြို့နယ် အမှတ်(၉)ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(၅/၁-၁၆)၊ (၅၉)လမ်းနှင့် (၃၅)လမ်းထောင့်တွင် ယာဉ်အမှတ်(MDY-8J/9866)တပ်ဆင်ထားသော (မီဆူဘီရှီ)အမျိုးအစား (အဖြူ/အစိမ်းကြား)အရောင်၊ ဆန်းသစ်မှန်လုံခရီးသည်တင်ယာဉ်ပေါ်မှ တရားမဝင်(ပိတောက်/တမလန်း)ခားရွေ(၁၄)တုံး၊ (၀. ၅၁၁၀)တန်၊ ခြံဝင်းအတွင်းစုပုံထားသော တရားမဝင်(ပိတောက်/ တမလန်း) ခားရွေ(၂၅၅)ချောင်း၊ (၉. ၂၇၉၄)တန်၊ လက်ကိုင်စက်လွှ(၁)လက်နှင့် တရားခံ(၁)ဦးဖမ်းဆီးရမိပါသည်။ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ တရားမဝင် (ပိတောက်/တမလန်း) ခားရွေ(၂၆၉)တုံး၊ (၉. ၇၉၀၄)တန်၊ မော်တော်ယာဉ်(၁)စီး၊ လက်ကိုင်စက်လွှ(၁)လက်နှင့် တရားခံ(၁)ဦးဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး





(၈-၁၁-၂၀၁၆)ရက်နေ့တွင် စစ်ဆေးရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ကိုးပင်-သာဂရလမ်း၊ မိုင်တိုင် (၆/၇)နေရာတွင် ယာဉ်အမှတ်(ဆ/၇၈၇၅)နှင့်(ဈ/၄၂၇၄)တပ်ဆင်ထားသော (FAW)အမျိုးအစား၊ (၆)ဘီးယာဉ် (၂)စီးပေါ်မှ တရားမဝင် အခြားသစ်(၂၄)လုံး၊ (၇. ၀၆၇၈)တန်နှင့်အတူ တရားခံ(၄)ဦး ဖမ်းဆီးရမိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး



(၉-၁၁-၂၀၁၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ လှည်းငုတ်ချောင်း ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများပါဝင်သော ပူးပေါင်းအဖွဲ့သည် မှော်ဘီမြို့နယ်၊ ရန်ကုန်- ပြည်ကားလမ်းမိုင်တိုင်(၃၄/၆)၊ (CFDTC)သစ်တောသင်တန်းကျောင်းရှေ့တွင် ယာဉ်အမှတ်(YGN-6E/7415) တပ်ဆင်ထားသော (MITSUBISH-CANTER)အမျိုးအစား၊ အဖြူရောင်၊ ကွန်တိန်နာယာဉ်ပေါ်မှ တရားမဝင် ကျွန်း(ခွဲသား/တံခါးချပ်)၊ (၃၃၂)ချောင်း/ချပ်၊ (၅. ၉၆၃၈)တန်နှင့်အတူ တရားခံ(၄)ဦးဖမ်းဆီးရမိပါသည်။

## မွန်ပြည်နယ်



(၉-၁၁-၂၀၁၆)ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ ကျိုက်မရောရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာအုပ်စု၊ ဖက်တေးကုန်းကျေးရွာတွင် ယာဉ်အမှတ် (Mon-3B/7682) တပ်ဆင်ထားသော (HINO)အမျိုးအစား၊ (၆)ဘီးယာဉ်ပေါ်မှ တရားမဝင် စကားဝါသစ်(၆)လုံး၊ (၇. ၂၄၇၈)တန်နှင့်အတူ တရားခံ(၁)ဦးဖမ်းဆီးရမိပါသည်။ ဖမ်းဆီးရမိသစ်၊ မော်တော်ယာဉ်နှင့် တရားခံအား သစ်တောဥပဒေပုဒ်မ ၄၁(က)အရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

## မကွေးတိုင်းဒေသကြီး



(၁၉-၁၁-၂၀၁၆)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂန့်ဂေါမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ စမိတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဂန့်ဂေါမြို့နယ် အိမ်သစ်ကျေးရွာ၏ အရှေ့ဘက်(၁)မိုင်ခန့်အကွာနေရာတွင် ယာဉ်အမှတ်- 6D/6603 တပ်ဆင်ထားသော NISSAN အမျိုးအစား၊ အဖြူရောင်(၁၀)ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား(၇၀)ချောင်း၊ (၉. ၉၀၇၆)တန် နှင့်အတူ တရားခံ(၅)ဦးဖမ်းဆီးရမိပါသည်။

### တိုင်းဒေသကြီးနှင့်ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလ မှ အောက်တိုဘာလအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၉၁၉၂.၇၈၇၉ | |
| ၂ | သစ်မာ | တန် | ၅၉၅၀.၄၁၆၈ | |
| ၃ | အခြား | တန် | ၁၇၀၀၅.၆၄၃၂ | |
| | စုစုပေါင်း | | ၃၂၁၄၈.၈၄၇၉ | |
| ၄ | မီးသွေး | တန် | ၂၂၁၆.၁၅၂၀ | |
| ၅ | ကား | စီး | ၁၀၄၃ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | ၆ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၇၉ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၁၈၄ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၁၀၈ | |
| | စုစုပေါင်း | | ၁၄၂၀ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၃၈၇ | |

# သစ်တောပညာရာဇဝင်

**ဝင်းချစ်**

သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံရှိ သစ်တောများနှင့်ပတ်သက်၍ ပထမဦးဆုံးအကြံပြုခဲ့သူမှာ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ရုက္ခဗေဒဥယျာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်သည့် ဆရာဝန်ဒေါက်တာဝေါလစ်ချ်(Dr.Nathaniel Wallich)ဖြစ်ကြောင်းသိရပါသည်။ ၎င်းသည် ၁၈၂၇ ခုနှစ်က မော်လမြိုင်မြို့သို့ရောက်ရှိခဲ့ရာ မြန်မာ့သစ်တောများသည် ၎င်းတွေ့ရှိခဲ့ဖူးသော သစ်တောများတွင် ပြိုင်စံမရှိသော သစ်တောများ(unrivalled in comparison with anything) ဖြစ်ကြောင်း အစွယ်ရောက်ရှိပြီးနှင့် အိုမင်းနေသည့် သစ်ပင်များကိုခုတ်လှဲဖို့၊ ပြန်စိုက်ဖို့နှင့် ကျွန်းကို အစိုးရကိစ္စတစ်ခုတည်းအတွက်သာသုံးဖို့ရန် အကြံပြုခဲ့ပါသည်။ ထိုအချိန်သည် ၁၈၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး အင်္ဂလိပ်တို့က မြန်မာပိုင် ရခိုင်နှင့်တနင်္သာရီနယ်တို့ကို သိမ်းပိုက်ပြီးချိန်ဖြစ်ပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ခုမှာ ထိုအချိန်ထိ အင်္ဂလန်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးတွင် သစ်တောပညာရှင်တစ်ဦးတစ်ယောက်မှ မပေါ်ပေါက်သေးခြင်းဖြစ်ပါသည်။ ရုက္ခဗေဒပညာတတ်သည့် ဆရာဝန်များနှင့် ရုက္ခဗေဒဥယျာဉ်မှူးအချို့သည် အိန္ဒိယတွင် မူလအလုပ်လုပ်ကိုင်ရင်း သစ်တောပညာကို လေ့လာလိုက်စားကြကြောင်း ဒေါက်တာဂစ်ဘ်ဆန်(Dr.Gibson)ဆိုသည့် ရုက္ခဗေဒဥယျာဉ်မှူးသည် ဘုံဘေမှာ ၁၈၄၈ ခုနှစ်က သစ်တောမင်းကြီးလုပ်ကြောင်း၊ ဒေါက်တာကလက်ဟွန်း(Dr.Cleghorn)ဆိုသူသည် ပန်ဂျပ်တွင် ဆရာဝန်လုပ်ရင်း သစ်တောပညာလိုက်စားသည့်အတွက် သစ်တောမင်းကြီးဖြစ်ရာမှနောက် အိန္ဒိယနိုင်ငံ သစ်တောအင်စပက်တော်ချုပ်(Inspector-General of Forests) ဖြစ်လာကြောင်း၊ ဒေါက်တာဝေါလစ်နှင့် ဒေါက်တာမက်ကလဲလင်းဒ်(Dr.J.Mc.Clelland)တို့မှာမူ မြန်မာပြည်ထိရောက်ရှိလာကြောင်း မှတ်သားရပါသည်။

မြန်မာနိုင်ငံတွင် ဗြိတိသျှတို့က ပထမဦးဆုံးအဖြစ် ၁၈၄၁ ခုနှစ်က ခန့်အပ်သော သစ်တောအရာထမ်းမှာ ကက်ပတိန်ထရီမန်ဟီး(Captain Tremenhere)ဖြစ်ပြီး သစ်တောဝန်ထောက် (Supreintendent of Forests) အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယမြောက် ၁၈၅၂ ခုနှစ်တွင်ဆက်ခံခဲ့သော သစ်တောဝန်ထောက်မှာ ဒေါက်တာမက်ကလဲလင်းဒ်ဖြစ်ပါသည်။ ၎င်းလက်ထက်တွင် သစ်တောခုတ်ခြင်းနှင့် ပတ်သက်၍ စည်းကမ်းတင်းကြပ်ရန် ဗြိတိသျှအစိုးရထံ အစီရင်ခံစာတစ်စောင် တင်သွင်းသည့်အတွက် ဘုရင်ခံချုပ်ဒါလဟိုဇီ မြို့စားက အောက်ဖော်ပြပါ စာချွန်တော်ကိုထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

(၁) မြန်မာဘုရင်များ လက်ထက်ကအတိုင်း ကျွန်းပင်ထောင်၊ သင်းပင်နှင့် သစ်လုံးဟောင်းအားလုံး အစိုးရက ပိုင်သည်။

(၂) သစ်တောထွက်ပစ္စည်းများသည် သစ်ကုန်သည်၏ အကျိုးတစ်ခုတည်း မဖြစ်စေရ။

(၃) သစ်ခုတ်ယူရာတွင် စနစ်တကျဖြစ်စေရမည်။ ဤစာချွန်တော်သည် သစ်တောမူဝါဒ၏ရှေ့ပြေးလမ်းစဉ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၁၈၅၆ ခုနှစ်တွင် ဗြိတိသျှတို့က ဂျာမန်သစ်တောပညာရှင် ဒေါက်တာဘရန်းဒစ်(Dr.Dietrich Brandis)ကို မြန်မာပြည်တွင် အမှုထမ်းရန်ခန့်အပ်ပါသည်။ ဒေါက်တာဘရန်းဒစ်သည် ရုက္ခဗေဒပညာတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကာ သစ်တောပါရဂူဘွဲ့ရရှိထားသူဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ၌ အမှုထမ်းစဉ် ယနေ့ထက်တိုင် လက်ခံကျင့်သုံးနေရသည့် နာမည်ကျော် တောင်ယာစနစ်(Taungya System)နှင့် မြန်မာရွေးချယ်နည်းစနစ် (Myanmar Selection System)တို့ကို တီထွင်ဖော်ထုတ်ခဲ့ပါသည်။ ဗြိတိသျှအင်ပါယာတွင် သစ်တောများကို သိပ္ပံနည်းကျစီမံအုပ်ချုပ်ခြင်းကို မြန်မာနိုင်ငံကစပါသည်။ ဒေါက်တာဘရန်းဒစ်သည် မြန်မာပြည်တွင် တာဝန်ထမ်းဆောင်ပြီးနောက် အိန္ဒိယနိုင်ငံ၌ သစ်တောအင်စပက်တော်ချုပ်အဖြစ် လုပ်ကိုင်ရင်း သူ၏သစ်တောပညာများကို အိန္ဒိယနှင့် ဗြိတိသျှအင်ပါယာတို့တွင် ဖြန့်ဖြူးခဲ့ရာ ရှေးဦးပထမ မြန်မာသစ်တောပညာရှင်များသည် ဒေါက်တာဘရန်းဒစ်၏ တပည့်များ၏ တပည့်များဖြစ်လာကြပါသည်။

**(အငြိမ်းစား သစ်တောမင်းကြီးချုပ် သီရိပျံချီ ဦးချိန်ဟိုး ရေးသားသော "နှီးကျွန်းရွှေဝါ" ဂုလိုင် ၁၉၆၅ နှင့် "ပဟော့ကျွန်း" (မြန်မာ့ကျွန်း)၊ မေ ၁၉၆၆ တို့ကို ကိုးကားပါသည်။)**

**စာရေးသူ၏ ဆန္ဒအရ ဝင်းချစ်၏စာစုများစာအုပ် စာမျက်နှာ ၁၄၉ မှ မူရင်းအတိုင်းပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။**

# ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဂါလာပါဂို့စ် (Galapagos) အမျိုးသားဥယျာဉ်

ဒေါက်တာသောင်းနိုင်ဦး၊ ညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာန



ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဂါလာပါဂို့စ် (Galapagos) ခရီးစဉ်

Fauna and Flora International -(FFI) ရဲ့အထောက်အပံ့နဲ့ ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ အီကွေဒေါနိုင်ငံ၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဂါလာပါဂို့စ် (Galapagos) အမျိုးသားဥယျာဉ်သို့ လေ့လာရေးခရီးတစ်ခု သွားရောက်ခွင့်ရရှိခဲ့ပါတယ်။ မိမိအသွားချင်ဆုံး ကမ္ဘာ့ထင်ပေါ်ကျော်စောသော နေရာဒေသများစွာအနက် တစ်ခုအပါအဝင်ဖြစ်လို့ အလွန်ဝမ်းမြောက် စိတ်အားထက်သန်ခဲ့ပါတယ်။ ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ခေါင်းဆောင်ပြီး စာရေးသူ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးမျိုးဝင်းညွှန့်၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်နဲ့ သစ်တောဦးစီးဌာနက ဦးစီးအရာရှိ ဦးထွန်းထွန်း (ယခုလက်ထောက်ညွှန်ကြားရေးမှူး)တို့ ခရီးစဉ်မှာပါဝင်ပါတယ်။ ဂါလာပါဂို့စ် (Galapagos) အမျိုးသားဥယျာဉ်မှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ World Wildlife Fund -(WWF) က ဒေသခံစီမံကိန်းဝန်ထမ်းများက ခရီးစဉ်တစ်လျှောက်လုံး ကူညီပံ့ပိုးပေးခဲ့ပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး မှတ်တမ်းလေးတစ်ခု အဖြစ်ကျန်ဖို့ရယ်၊ အခြားသူများကိုလည်း အတွေ့အကြုံမျှဝေ ချင်တာရယ်ကြောင့် ဆောင်းပါးလေးတစ်ပုဒ်ရေးချင်နေခဲ့တာ ကြာပါပြီ၊ အကြောင်းကြောင်းတွေကြောင့် ကြန့်ကြာနေခဲ့တာ၊ အခုတော့ ခရီးသွားမှတ်တမ်းလေးအဖြစ် ရိုးရိုးရှင်းရှင်း ပေါ့ပေါ့ပါးပါးပုံစံလေးနဲ့ ရေးသားမျှဝေလိုက်ပါတယ်။

## ရည်ရွယ်ချက်

၁၉၇၈ ခုနှစ်မှ စတင်၍ UNESCO ၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့် လေ့လာရေးခရီး သွားရောက်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ -

- သဘာဝနယ်မြေစီမံအုပ်ချုပ်မှုမှာ အကောင်းဆုံးစာရင်းဝင်ဖြစ်တဲ့ ဂါလာပါဂို့စ် (Galapagos) အမျိုးသားဥယျာဉ်ရဲ့ သဘာဝနယ်မြေများ စီမံအုပ်ချုပ်မှုဆိုင်ရာနည်းလမ်းများ လေ့လာနိုင်ရန်၊
- သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်၍လေ့လာနိုင်ရန်နှင့်
- မြန်မာနိုင်ငံ၏ သဘာဝနယ်မြေများ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရေးအတွက် အထောက်အကူပြုစေနိုင်ရန်ရည်ရွယ်ပြီး ဒီခရီးစဉ်ကို စီစဉ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

## ခရီးထွက်ခွာခြင်းနှင့် ပြန်လည်ရောက်ရှိခြင်း

ကျွန်တော့်အတွက်တော့ သွားခဲ့ဖူးသမျှ ပြည်ပခရီးစဉ်တွေထဲမှာ အချိန်အကြာရှည်ဆုံးသွားရတဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။(၄-၅-၂၀၁၅)ရက်နေ့ နံနက်(၆း၁၅)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်၊ ထိုမှတစ်ဆင့် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှတစ်ဆင့် အီကွေဒေါနိုင်ငံ၊ ဂွါယာကွေး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ (၆-၅-၂၀၁၅)ရက်နေ့ ဒေသစံတော်ချိန်(၁၁း၀၀)နာရီတွင် ဂွါယာကွေးမြို့လေဆိပ်ကနေ လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းလေးတစ်ကျွန်းဖြစ်တဲ့ ဂါလာပါဂို့စ်လေဆိပ်သို့ ဒေသစံတော်ချိန်(၁၂း၀၅)နာရီတွင် ဆိုက်ရောက်ခဲ့ပါတယ်။ အပြန်ခရီးစဉ်ကိုလည်း အသွားလမ်းကြောင်း အတိုင်းပဲ ခရီးရှည်ကြီးကို လေယာဉ်တစ်မှတစ်မောစီးပြီး ပြန်လာခဲ့ရတာ ပျင်းရိဖွယ်ကောင်းသလို အမှတ်ရစရာလဲ ကောင်းပါတယ်။

## ဂါလာပါဂို့စ် အမျိုးသားဥယျာဉ် (Galapagos) နောက်ခံအခြေအနေ

ဂါလာပါဂို့စ် အမျိုးသားဥယျာဉ်ဟာ ပစိဖိတ်သမုဒ္ဒရာအတွင်း တည်ရှိပြီး မီးတောင်ကျွန်းစုများဖြင့် ဖွဲ့စည်းထားပါတယ်။ ၁၈၃၅ ခုနှစ်မှာ သဘာဝသိပ္ပံပညာရှင် ချားစ်ဒါဝင် (Charles Darwin) က အဆိုပါ ကျွန်းစုများသို့ သွားရောက် လေ့လာသုတေသနပြုခဲ့ပြီး

သဘာဝရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာသော ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ် သီအိုရီ (Theory of Natural Selection) ပေါ်ထုတ်ခဲ့ပါတယ်။ ဂါလာပါဂိုစ် အမျိုးသားဥယျာဉ်နဲ့ အနီးတစ်ဝိုက်ကျွန်းစုများဟာ Theory of Natural Selection နေရာဒေသတစ်ခု ဖြစ်တယ်လို့လည်းဆိုနိုင်ပါတယ်။ ဂါလာပါဂို့စ်အမျိုးသားဥယျာဉ်ဟာ ဇီဝမျိုးစုံမျိုးကွဲပေါ်များ ကြွယ်ဝလှတဲ့အတွက် ၁၉၇၈ ခုနှစ်မှစတင်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ အကျယ်အဝန်းအားဖြင့် (၇၆၁၈၄၄) ဟက်တာရှိပြီး (၉၇)ရာခိုင်နှုန်းက သဘာဝထိန်းသိမ်းနယ်မြေအဖြစ် သတ်မှတ်ထားပါတယ်။ ကျန်တဲ့ (၃)ရာခိုင်နှုန်းကတော့ ဖွံ့ဖြိုးရေးဇရိယာအဖြစ် ခွင့်ပြုထားပါတယ်။ ဂါလာပါဂို့စ် အမျိုးသားဥယျာဉ်ဟာ အီကွေဒေါနိုင်ငံရဲ့ အထူးဥပဒေဖြင့် အုပ်ချုပ်တဲ့ သီးခြားနေရာဒေသလည်း ဖြစ်ပါတယ်။

**ဒေသခံလူဦးရေနှင့် ခရီးသွားဧည့်သည်များ**

ဂါလာပါဂို့စ်ကျွန်းအမျိုးသားဥယျာဉ်တစ်ခုလုံးမှာ လူဦးရေ (၂၅၀၀၀) ခန့်သာရှိပြီး နှစ်စဉ် ပြည်တွင်းပြည်ပ ဧည့်သည် (၂)သိန်း (၅)သောင်းကျော် လာရောက်လည်ပတ်လျက် ရှိကြောင်း သိရပါတယ်။ ၂၀၁၄ ခုနှစ်မှာ အီကွေဒေါနိုင်ငံသို့ နှစ်စဉ် နိုင်ငံခြားသားဧည့်သည် (၁ . ၅)သန်းကျော်လာရောက်ခဲ့ပါကြောင်း လေ့လာသိရှိရပါတယ်။ ဂါလာပါဂို့စ်ကျွန်းအမျိုးသားဥယျာဉ်အတွင်း လူဦးရေ ထိန်းချုပ်နိုင်ဖို့အတွက် ကျွန်းမှာအခြေချနေထိုင်တဲ့ ဒေသခံဌာနေ ပြည်သူများကိုသာ အစဉ်အဆက်အခြေချနေထိုင်ခွင့်ပြုပြီး အီကွေဒေါနိုင်ငံသားများပင်လျှင် (၂)နှစ်ထက် ပို၍ ဂါလာပါဂို့စ်ကျွန်းမှာ နေထိုင်ခွင့်၊ စီးပွားရေးလုပ်ကိုင်ခွင့်မပြုပဲ ဥပဒေဖြင့် တားမြစ်ထိန်းချုပ်ထားပါတယ်။ ဒေသခံများအနေနဲ့ ဂါလာပါဂို့စ်ကျွန်းမှာ ခရီးသွားလုပ်ငန်းအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများကို ပြင်ပမှလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်ရန်မလိုပဲ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ပေးထားကြောင်း သိရပါတယ်။ ဒါကြောင့် ဒေသခံတွေရဲ့ စီးပွားရေးလုပ်ငန်းတွေ အထူးသဖြင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့ ရေလုပ်ငန်းတွေမှာ ပုပင်ကြောင့်ကြမရှိ ဆောင်ရွက်နိုင်ပြီး စီးပွားရေးလည်း ကောင်းမွန်ကြတာကို တွေ့ရပါတယ်။

**အထူးဥပဒေဖြင့် စီမံအုပ်ချုပ်ခြင်း**

ဂါလာပါဂို့စ်ကျွန်းကို အထူးဥပဒေဖြင့် စနစ်တကျ အုပ်ချုပ်ထိန်းသိမ်းကာကွယ်ထားပါတယ်။ မြို့တော်ဝန်၊ အမျိုးသားဥယျာဉ် ညွှန်ကြားရေးမှူးနှင့် စည်ပင်သာယာ အကြီးအကဲများဟာ ဂါလာပါဂို့စ် အမျိုးသားဥယျာဉ်ဖွံ့ဖြိုးရေးအတွက် စီမံအုပ်ချုပ်ကြရတဲ့ တာဝန်အရှိဆုံး ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ဥယျာဉ်စီမံအုပ်ချုပ်ခြင်း၊ ဖွံ့ဖြိုးရေးဇုန်စီမံခန့်ခွဲခြင်း၊ ရန်ပုံငွေကြေးစီမံခန့်ခွဲခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဥယျာဉ်ဧရိယာအတွင်း တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအပါအဝင် ဂါလာပါဂို့စ်ကျွန်း စီမံခန့်ခွဲရေး ကိစ္စအဝဝအားလုံးကို အထူးဥပဒေဖြင့် လွတ်လပ်စွာ စီမံအုပ်ချုပ်ပါတယ်။ ဗဟိုအစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်း အလျဉ်းမရှိဘူးလို့ ဆိုပါတယ်။

ကုန်းမြေနှင့် အဏ္ဏဝါဂေဟစနစ် (၂)ပိုင်းခွဲ၍ စီမံအုပ်ချုပ်ပါတယ်။ ကုန်းမြေအပိုင်းမှာ ဖွံ့ဖြိုးရေးဇုန် (ဧရိယာတစ်ခုလုံး၏ ၃ ရာခိုင်နှုန်း)နဲ့ ထိန်းသိမ်းရေးဇုန် (ဧရိယာတစ်ခုလုံး၏ ၉၇ ရာခိုင်နှုန်း)ဆိုပြီး ခွဲခြားထားပါတယ်။ ထိန်းသိမ်းရေးဇုန်မှာတော့ အဓိကထိန်းသိမ်းရေးလုပ်ငန်းများအဖြစ် လိပ်များ၏ ဂေဟစနစ်ပြန်လည်ထိန်းသိမ်းခြင်း၊ လိပ်သားဖောက်ခြင်းလုပ်ငန်းနှင့် အရွယ်ရောက်လိပ်များကို မူရင်းဒေသကျွန်းစုများသို့ပြန်လည်လွှတ်ခြင်းလုပ်ငန်းများ၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ်အား ဂြိုဟ်တုဆက်သွယ်ရေးစနစ် အသုံးပြု၍ ကုန်းတွင်း၊ ရေပြင်စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်း၊ ဥယျာဉ်အတွင်း ကျွန်းစုများမှာ သဘာဝအလျောက်နေထိုင်ကျက်စားလျက်ရှိတဲ့ ကုန်းနေရေနေ Iguana တွားသွားသတ္တဝါများ၊ လိပ်များ၊ ရှားပါးငှက်မျိုးစိတ်များ၊ အဏ္ဏဝါဂေဟစနစ်နှင့် သန္တာကျောက်တန်းများအား ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ပါတယ်။



အဆိုပါ တော တောင် ရေ မြေ သဘာဝသယံဇာတများကို အကြောင်းပြုပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို ဂါလာပါဂို့စ်အမျိုးသားဥယျာဉ်နဲ့ ဒေသခံပြည်သူများအတွက် အဓိကဝင်ငွေရလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပါတယ်။

အခြားဒေသကနေ ဝင်ရောက်လာတဲ့ကျူးကျော်မျိုးစိတ်များ (Invasive Species)နှင့် တင်သွင်းလာတဲ့ မျိုးစိတ်များ(Introduced Species)ထိန်းချုပ်ခြင်းလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားများအား ကြီးကြပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို သဘာဝနယ်မြေအုပ်ချုပ်ရေးဝန်ထမ်းများနှင့်အတူ ကုန်းမြေမှာ ပြည်သူ့ရဲ ပင်လယ်ပြင် အဏ္ဏဝါဂေဟစနစ်ထိန်းသိမ်းခြင်းအတွက် ရေတပ်မှ အမှုထမ်း၊ အရာထမ်းများနှင့် ပူးတွဲဆောင်ရွက်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ နည်းပညာပိုင်းနဲ့ထိန်းသိမ်းရေး၊ ကာကွယ်ရေးအပိုင်းကို ဂါလာပါဂို့စ် (Galapagos) အမျိုးသားဥယျာဉ်မှ ပညာရှင်များ၊ ဝန်ထမ်းများက အဓိကတာဝန်ယူဆောင်ရွက်ပြီး လုံခြုံရေးနဲ့ တရားဥပဒေ စိုးမိုးရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့နဲ့ ရေတပ်က ပူးတွဲတာဝန်ယူကာကွယ်စောင့်ရှောက်ပေးတာ အလွန်ကောင်းမွန်မှန်ကန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဂါလာပါဂို့စ်အမျိုးသားဥယျာဉ်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေးအကောင်အထည်ဖေါ် ဆောင်ရွက်လျက်ရှိရာ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှု ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ်သို့ ဝင်ရောက်မည့်ခရီးသည်များအားလုံးကို လေဆိပ်အတွင်း စတင်ဝင်ရောက်သည့် ဝင်ပေါက်မှာ ပြင်ပမှရောဂါပိုးမွှားများကို သန့်ရှင်းသောစနစ် ထည့်သွင်းထားသည့် ခြေသုတ်ခုံတွင် သန့်ရှင်းစေပြီးမှ လေဆိပ်အဆောက်အဦအတွင်း ဝင်ခွင့်ပြုပါတယ်။ မည်သူမဆို လိုက်နာရမယ့် စည်းကမ်းသတ်မှတ်ချက်ဖြစ်ပါတယ်။

ဂါလာပါဂို့စ်အမျိုးသားဥယျာဉ် လေဆိပ်အတွက် လိုအပ်တဲ့လျှပ်စစ်ဓာတ် ၄၀ ရာခိုင်နှုန်းကို နေရောင်ခြည်(ဆိုလာ)စွမ်းအင်နှင့် လေအားစွမ်းအင်တို့မှ ရရှိစေရန် စီစဉ်ဆောင်ရွက်ထားပါတယ်။ လေထုညစ်ညမ်းမှုကိုဖြစ်စေမယ့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို တတ်နိုင်သလောက် လျှော့ချတဲ့သဘောပါ။ နေရောင်ခြည်(ဆိုလာ)စွမ်းအင်သုံး ပန်ကာများနှင့် လျှပ်စစ်ပစ္စည်းများကို အသုံးပြုထားပြီး လေဆိပ်တွင်းနံရံများ၊ အကာအရံများကို ဝါးများကို အသုံးပြု၍ အလှဆင်ထားတာကို တွေ့ရပါတယ်။

လူနေအိမ်များ၊ ဟိုတယ်များ၊ သင်္ဘောဆိပ်ကမ်းများရှိရာ ဖွံ့ဖြိုးရေးဇုန်များမှာလည်း အမှိုက်စွန့်ပစ်စနစ်၊ အမှိုက်သိမ်းစနစ်၊ Recycling လုပ်ငန်းများ၊ Landfill လုပ်ငန်းများ၊ စွန့်ပစ်ပစ္စည်းများအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ချိတ်ဆက်ပြီး အခွန်ပေးဆောင်သည့်စနစ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးရေးလုပ်ငန်းများကို ကျင့်သုံးဆောင်ရွက်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလွန်ဂရုတစိုက်နဲ့ ဆောင်ရွက်ကြောင်း သိသာလှပါတယ်။

## ရန်ပုံငွေကြေးစီမံခန့်ခွဲမှု

ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ် စီမံခန့်ခွဲအုပ်ချုပ်မှုအတွက် နှစ်စဉ်ကုန်ကျစရိတ်စုစုပေါင်းရဲ့ (၄၀)ရာခိုင်နှုန်းကို ဗဟိုအစိုးရမှပံ့ပိုးပေးလျက်ရှိပြီး (၄၁) ရာခိုင်နှုန်းကို အမျိုးသားဥယျာဉ်သို့ လာရောက်လည်ပတ်တဲ့ ဝင်ကြေးများမှလည်းကောင်း၊ (၁၃) ရာခိုင်နှုန်းကိုခရီးသွားလုပ်ငန်းလိုင်စင်များ၊ ဟိုတယ်လုပ်ငန်းလိုင်စင်များ၊ ငါးဖမ်းလိုင်စင်အခွန်အခများမှလည်းကောင်း၊ (၄)ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများမှလည်းကောင်း၊ (၁)ရာခိုင်နှုန်းကို လိုင်စင်ဖောက်ဖျက်ခြင်းဆိုင်ရာ ဒဏ်ကြေးငွေများမှလည်းကောင်း၊ အခြား(၁)ရာခိုင်နှုန်းကို တရားမဝင်ငါးဖမ်းခြင်းနှင့် စည်းကမ်းဖောက်ဖျက်ခြင်းမှ ဖမ်းဆီးရမိပစ္စည်းများ ပြန်လည်ထုခွဲရောင်းချခြင်းမှလည်းကောင်း အသီးသီးရရှိကြောင်းသိရပါတယ်။ ဗဟိုအစိုးရရဲ့ အကူအညီအထောက်အပံ့တွေကို တတ်နိုင်သမျှမယူပဲ မိမိရဲ့ဝင်ငွေနဲ့ ရပ်တည်နိုင်အောင် ကြိုးပမ်းနေတယ်လို့သိရပါတယ်။

## ဝန်ထမ်းများအား ရန်ပုံငွေကြေး ထောက်ပံ့မှု

ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ်က ပြည်မကြီးနှင့် အလွန်ဝေးလံပြီး ပစိဖိတ်သမုဒ္ဒရာအတွင်း သီးခြားတည်ရှိနေတာကြောင့် ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ်တွင် တာဝန်ထမ်းဆောင်ကြသော ညွှန်ကြားရေးမှူးအပါအဝင် အရာထမ်း၊ ဝန်ထမ်းများအားလုံး ပြည်မမှအဆင့်တူဝန်ထမ်း၊ အရာထမ်းများထက် လစာ(၂)ဆပိုမိုရရှိကြပါတယ်။ အလားတူပဲ မြို့တော်ဝန်အပါအဝင် အခြားသောအစိုးရဝန်ထမ်း၊ အရာထမ်းများအားလုံး ပုံမှန်လစာထက် (၂)ဆပိုမိုရရှိကြောင်း သိရပါတယ်။

အမျိုးသားဥယျာဉ်ရဲ့ ကုန်းမြေနှင့်ကျွန်းများမှာ ကင်းလှည့်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းရေးတာဝန်များကို ဥယျာဉ်ဝန်ထမ်းများနှင့်အတူ ပြည်သူ့ရဲများက ပူးတွဲတာဝန်ယူထမ်းဆောင်ကြပြီး ပြည်သူ့ရဲအရာထမ်း၊ ဝန်ထမ်းစုစုပေါင်း (၂၂)ဦးရှိပါတယ်။ အမျိုးသားဥယျာဉ်ရဲ့ ပင်လယ်ပြင်မှာ ရေတပ်မတော်မှ အရာထမ်းနှင့် စစ်သည် (၃၃)ဦးက ဥယျာဉ်ဝန်ထမ်းများနှင့်အတူ ကင်းလှည့်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းရေးတာဝန်များကို ပူးတွဲထမ်းဆောင်ပါတယ်။

အဲဒီလို တာဝန်ထမ်းဆောင်မှုများအတွက် အမျိုးသားဥယျာဉ်ရန်ပုံငွေမှ လစဉ်ထပ်ဆောင်း လစာငွေထောက်ပံ့ခြင်း၊ ကင်းလှည့်ခြင်းလုပ်ငန်းအတွက် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များ ထောက်ပံ့ခြင်း၊ နေအိမ်ပေးခြင်းများကို ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ကျဝန်ထမ်းများအနေနဲ့ အလုပ်မှာ ပျော်ရွှင်ကြတာ တွေ့ရပါတယ်။ ပူးတွဲတာဝန်ထမ်းဆောင်တဲ့ ပြည်သူ့ရဲနှင့် ရေတပ်မတော်မှ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအနေနဲ့(၂)နှစ်လျှင်တစ်ကြိမ် အပြောင်းအလဲဖြင့် ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ်တွင် အလှည့်ကျတာဝန်ထမ်းဆောင်ကြရပါတယ်။ ဒါကိုတော့ ဗဟိုအစိုးရနဲ့ညှိနှိုင်းပြီး ဆောင်ရွက်ကြရပါတယ်။ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုစနစ်လို့ ဆိုရပါမယ်။

## ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု

ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းရေး၊ အမျိုးသားဥယျာဉ်ရဲ့အရည်အသွေးကို ထိန်းသိမ်းရေးအတွက် ခရီးသွားများအား စီမံခန့်ခွဲခြင်း၊ ခရီးသွားများ လည်ပတ်ရာနေရာများအား စီမံခန့်ခွဲခြင်းနှင့် ခရီးသွားလုပ်ငန်းများကို စီမံခန့်ခွဲခြင်းဆိုပြီး အပိုင်း(၃)ပိုင်းခွဲကာ ဆောင်ရွက်ပါတယ်။

ခရီးသွားဧည့်သည် အရေအတွက်နဲ့ လည်ပတ်ရာနေရာဒေသရဲ့ လက်ခံနိုင်တဲ့ပမာဏကို ထိန်းညှိဆောင်ရွက်ပြီး ဧည့်လမ်းညွှန်များ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် အမျိုးသားဥယျာဉ်တို့ ပေါင်းစပ်ညှိနှိုင်းပြီး ခရီးစဉ်များကို စနစ်တကျ ရေးဆွဲစီစဉ်ပါကြောင်း သိရပါတယ်။ ဥယျာဉ်ရဲ့ကုန်းတွင်းနဲ့အဏ္ဏဝါဂေဟစနစ်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကို အစဉ်တစိုက်ထိန်းသိမ်း ကာကွယ်သကဲ့သို့ ခရီးသွားဧည့်သည်များ၏ အပြုအမူများ ပြုပြင်ပြောင်းလဲစေရေးအတွက်လည်း အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် နှစ်စဉ်ဧည့်သည်လာရောက်မှု တိုးပွားလာနေသော်လည်း ဂါလာပါဂိုစ့် အမျိုးသားဥယျာဉ်ရဲ့ အရည်အသွေးဟာ ကျဆင်းသွားခြင်းမရှိပဲ စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်တာ ဖြစ်ပါတယ်။

**ဂြိုဟ်တု ဆက်သွယ်ရေးစနစ် အသုံးပြု၍ ရေပြင်စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်း**

ဂါလာပါဂို့စ်(Galapagos) အမျိုးသားဥယျာဉ်မှာ ဂြိုဟ်တုဆက်သွယ်ရေးစနစ် အသုံးပြုပြီး ရေပြင်စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပါတယ်။ အထူးသဖြင့် တရားမဝင် ငါးဖမ်းသင်္ဘောများ ဥယျာဉ်အတွင်း ဝင်ရောက်ငါးဖမ်းခြင်းမရှိစေဖို့၊ အပန်းဖြေသင်္ဘောများ ဥယျာဉ်အတွင်း လှည့်လည်ရာမှာ ကြီးကြပ်ဖို့နဲ့ အမျိုးသားဥယျာဉ်ရဲ့ ဇီဝမျိုးစုံမျိုးကွဲများနဲ့ အဏ္ဏဝါဂေဟစနစ် ထိန်းသိမ်းရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ငါးလုပ်ငန်းများစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့ကို အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အလွန်ထိရောက်တဲ့ ကြီးကြပ်စစ်ဆေးသည့် စနစ်တစ်ခုဖြစ်ပါတယ်။ ဂါလာပါဂို့စ် (Galapagos) အမျိုးသားဥယျာဉ်ရဲ့ အရေးကြီးတဲ့ ကုန်းတွင်းနဲ့ ရေပြင်ပိုင်နက်တစ်ခုလုံးကို ဂြိုဟ်တုဆက်သွယ်ရေး စနစ်နဲ့ CCTVကဲ့သို့ (၂၄)နာရီ စောင့်ကြည့်ပြီး ထိန်းသိမ်းကာကွယ်ထားပါတယ်။

ဂါလာပါဂို့စ် (Galapagos) အမျိုးသားဥယျာဉ်ကို ခြုံငုံမိစေဖို့ အဓိကကျွန်းစုများမှာ ဂြိုဟ်တုဆက်သွယ်ရေးစနစ်များ၊ ကွန်ရက်များချိတ်ဆက်ပြီး ရေပြင်အခြေအနေကို (၂၄)နာရီကာလပတ်လုံးစောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ငါးဖမ်းသင်္ဘောများနှင့် အပန်းဖြေသင်္ဘောများအားလုံးမှာ ကမ္ဘာ့တည်နေရာပြစနစ် (GPS)စနစ် တပ်ဆင်ထားစေခြင်းဖြင့် အဆိုပါသင်္ဘောများရဲ့ တည်နေရာကို အလွယ်တကူသိရှိပြီး စောင့်ကြည့်စစ်ဆေးခြင်း၊သတိပေးခြင်း၊ထိန်းကျောင်းခြင်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဂြိုဟ်တုဆက်သွယ်ရေးစနစ် အသုံးပြုပြီး ရေပြင်စောင့်ကြည့် ကြီးကြပ်ခြင်းလုပ်ငန်းအတွက် ဂြိုဟ်တုနှင့် စတင်ချိတ်ဆက် အသုံးပြုခြင်းအတွက် အသုံးပြုခအဖြစ် အမေရိကန်ဒေါ်လာ(၃)သန်း ကုန်ကျကြောင်းနဲ့ လစဉ်အသုံးပြုမှုအတွက် အမေရိကန်ဒေါ်လာ(၅၀၀၀) သာ ကုန်ကျကြောင်းသိရှိရပါတယ်။ အဖိုးတန်သဘာဝအရင်းအမြစ် သယံဇာတများထိန်းသိမ်းရန်၊ ငါးသယံဇာတများ ထိန်းသိမ်းကာကွယ်ရန်နှင့် သဘာဝအခြေခံခရီးသွားများနှင့် ငါးဖမ်းလှေများအား အကူအညီပေးနိုင်ရန်အတွက် အလွန်ထိရောက်တဲ့ ခေတ်မီနည်းစနစ်တစ်ခု ဖြစ်ပါတယ်။

မုန်တိုင်း၊ ငလျင်စတဲ့ သဘာဝဘေးအန္တရာယ်ကျရောက်မှု ကာကွယ်နိုင်ဖို့အတွက် ရေဒီယိုအချက်ပြစနစ်၊ ကြိုတင်သတိပေးစနစ်များဖြင့် ဆက်သွယ်ရေးကွန်ရက်များ ချိတ်ဆက်ထားရှိ ဆောင်ရွက်တဲ့အတွက် သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်များကို အချိန်နဲ့တစ်ပြေးညီရရှိအောင် စီစဉ်ထားတာဟာ အလွန်ကောင်းမွန်လှပါတယ်။

**မြောက်ပိုင်းစိုင်မာကျွန်းစု** (North Seymour Island)

မြောက်ပိုင်းစိုင်မာကျွန်းစု(North Seymour Island)မှာ ရှားပါးငှက်မျိုးစိတ်များ၊ ကုန်းနေရေနေ Iguana တွားသွားသတ္တဝါများ၊ *Grapsus grapsus* ခေါ်ဂဏန်းများ၊ Frigate birds, blue footed booby, swallow gull tail ငှက်များ ၊ Sea lion နှင့် Palo santo ကဲ့သို့ အပူပိုင်းဒေသပေါက်ရောက်ပင်များကို သဘာဝအတိုင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ရှားပါးငါးမျိုးစိတ်များ သဘာဝအလျောက် နေထိုင်ကျက်စားလျက်ရှိတဲ့ အခြေအနေများ၊ ရေအောက်သန္တာကျောက်တန်းနှင့်အဏ္ဏဝါဂေဟစနစ်အနေများကိုလည်း လေ့လာခဲ့ရပါတယ်။ ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ် ပစိဖိတ်သမုဒ္ဒရာရဲ့ ရေအောက်သန္တာကျောက်တန်းနှင့် အဏ္ဏဝါဂေဟစနစ် အခြေအနေများကို ရေငုပ်ပြီး လေ့လာခွင့်ရခဲ့တာ ကြီးမားသောဆုလာဘ်တစ်ခုပါ။

အထူးမှတ်သားလိုက်နာစရာကောင်းတာက ကျွန်းပေါ်ကို အစားအစာများ၊ အချိုရည်များယူဆောင်ခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်းများကို လုံးဝခွင့်မပြုပါဘူး။ ကျွန်းပေါ်မှ မည်သည့်သက်ရှိသက်မဲ့များကိုမှ အခြားကျွန်းသို့ ယူဆောင်ခြင်းကိုလည်း ခွင့်မပြုပါဘူး။ သဘာဝခရီးသွားဧည့်လမ်းညွှန်များ (Natural Tour Guides)အနေနဲ့ အမျိုးသားဥယျာဉ်မှ ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်များ၊ ဥပဒေများကို တိတိကျကျလိုက်နာပြီး မိမိရဲ့ ခရီးသွားဧည့်သည်များအတွက် မိမိတာဝန်ယူကာ လမ်းညွှန်ပြသကြရပါတယ်။ တာဝန်ယူမှု တာဝန်ခံမှုအပြည့်နဲ့ လုပ်ဆောင်ကြရတာ ဖြစ်ပါတယ်။

သဘာဝခရီးသွား ဧည့်လမ်းညွှန်များရဲ့ လုပ်ငန်းလိုင်စင်ကို အမျိုးသားဥယျာဉ်မှ စိစစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများကို ဆောင်ရွက်ပေးရပါတယ်။ အကျိုးကျေးဇူးကတော့ သဘာဝခရီးသွား ဧည့်လမ်းညွှန်များအားလုံး အမျိုးသားဥယျာဉ်ရဲ့ ဝန်ထမ်းများသဖွယ် ရေမြေတောတောင် သဘာဝသယံဇာတများကို ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြတာကို တွေ့ရှိခဲ့ရပါတယ်။

**လိပ်သားဖောက်မွေးမြူခြင်းလုပ်ငန်း**



ဆန်တာခရုစ်ကျွန်း(Santa Cruz Island)ရှိ လိပ်သားဖောက်မွေးမြူရေးစခန်းမှာ လိပ်သားပေါက်များဖောက်ပြီး တစ်နှစ်ကို လိပ်သားပေါက်(၃၆၀)ခန့် နေရင်းဒေသကျွန်းများသို့ ပြန်လွှတ်ပေးတဲ့ လုပ်ငန်းတစ်ခုရှိပါတယ်။ လိပ်သားပေါက် အသက်(၄)နှစ်သားမှ(၅)နှစ်သားအရွယ်အထိ မွေးမြူပြီးမှ ပြန်လွှတ်ကြောင်းသိရပါတယ်။ အထီး

အမအရေအတွက် လိုအပ်မှုအပေါ်မူတည်၍ Incubator မှာ အပူချိန်ထိန်းညှိပြီး လိပ်သားပေါက်ထုတ်လုပ်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ လိပ်များမျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လေ့လာရေး ခရီးစဉ်အတွင်း နှစ်နိုင်ငံသဘာဝအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားဥယျာဉ်ဆိုင်ရာ စီမံအုပ်ချုပ်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် လိပ်သားပေါက်တစ်ကောင်အား'ရွှေလိပ်'ဟု ကင်ပွန်းတပ်အမည်ပေး မင်္ဂလာအခမ်း အနားကျင်းပခဲ့ပါတယ်။ အမှတ်တရပါပဲ။ အခုဆိုရင်တော့ ရွှေလိပ်လေး အသက်(၂)နှစ်ကျော် (၃)နှစ်ထဲရှိရောပေါ့။ သက်ရှည်ကျန်းမာ စေကြောင်း ဒီနေရာက ဆုတောင်းပေးလိုက်ပါတယ်။

**စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲခြင်းလုပ်ငန်း**

စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချခြင်းလုပ်ငန်းများ (Recycle, Reduce, Reuse-3Rs)နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို လေ့လာခဲ့ရာမှာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသားဥယျာဉ် စွမ်းအင်လိုအပ်ချက် စုစုပေါင်းရဲ့ (၄၀)ရာခိုင်နှုန်းခန့်ကို နေရောင်ခြည်နှင့် လေစွမ်းအင်စတဲ့ ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုကြောင်း လေ့လာသိရှိ ရပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

အမျိုးသားဥယျာဉ်တစ်ခုလုံးမှာ စွန့်ပစ်ပစ္စည်းများ ပြန်လည်ပြုပြင် အသုံးပြုခြင်း (Recycle, Reduce, Reuse-3Rs) လုပ်ငန်းစဉ်များကို WWF ၏ ကူညီပံ့ပိုးမှုဖြင့် ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲ သန့်စင်ထုပ်ပိုးပြီး အီကွေဒေါ်နိုင်ငံမြို့များဆီသို့သင်္ဘောဖြင့်ပို့၍ Recycling ပြုလုပ်ပါတယ်။ ဒါ့အပြင် မြို့နှင့် ၃၀ ကီလိုမီတာခန့် ဝေးသောနေရာမှာ Landfill စီမံကိန်းအဖြစ် အမှိုက်များကိုစုပုံပြီး တောင်ကုန်းသဖွယ်ပြုပြင်ကာ သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထောက်အကူပြုနိုင်ဖို့နဲ့ စွန့်ပစ်ပစ္စည်း များ စီမံခန့်ခွဲရာမှာ ထိရောက်မှုရှိစေဖို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အချိုးအစားလိုက်စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးများပြန်လည်သန့်စင်ခြင်း အတွက် အိမ်ထောင်စုအသီးသီးမှ အောက်ဖော်ပြပါအတိုင်း အခွန်ပေးဆောင်ရကြောင်း လေ့လာသိရှိရပါတယ်-

| Demand (kWh/month) | Base fee (USD) | Electricity tariff (USD) | Electricity demand costs(USD) | Total Electricity (USD) | Sewage Water (USD) | Waste (USD) | Total Bill(USD) |
|---|---|---|---|---|---|---|---|
| 50 | 1.41 | 0.091 | 4.55 | 5.96 | 0.60 | 2.30 | 8.86 |
| 100 | 1.41 | 0.093 | 9.30 | 10.71 | 1.07 | 2.30 | 14.09 |
| 150 | 1.41 | 0.095 | 14.25 | 15.66 | 1.57 | 2.30 | 19.53 |
| 200 | 1.41 | 0.097 | 19.40 | 20.81 | 2.08 | 6.23 | 29.13 |
| 250 | 1.41 | 0.099 | 24.75 | 26.16 | 2.62 | 6.23 | 35.01 |
| 300 | 1.41 | 0.101 | 30.30 | 31.71 | 3.17 | 6.23 | 41.12 |
| 350 | 1.41 | 0.103 | 36.05 | 37.46 | 3.75 | 10.75 | 51.96 |
| 500 | 1.41 | 0.105 | 52.50 | 53.91 | 5.39 | 14.96 | 74.27 |
| 700 | 1.41 | 0.129 | 89.95 | 91.36 | 9.14 | 21.80 | 122.30 |
| 1000 | 1.41 | 0.145 | 145.00 | 146.41 | 14.64 | 21.80 | 182.86 |
| 1500 | 1.41 | 0.171 | 256.35 | 257.76 | 25.78 | 38.09 | 321.63 |
| 2500 | 1.41 | 0.275 | 688.00 | 689.41 | 68.94 | 73.52 | 831.88 |
| 3500 | 1.41 | 0.436 | 1,526.00 | 1,527.41 | 152.74 | 73.52 | 1,753.68 |
| 4000 | 1.41 | 0.681 | 2,724.80 | 2,726.21 | 272.62 | 73.52 | 3,072.36 |

ဆက်လက်ဖော်ပြပေးပါမည်---




တက်နေထွန်း၊ တောအုပ်ကြီး

# အပြည်ပြည်ဆိုင်ရာတောင်တန်းများနေ့







ဒီဇင်ဘာ(၁၁)ရက်နေ့သည် အပြည်ပြည်ဆိုင်ရာတောင်တန်းများနေ့ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်မှစတင်၍ တောင်တန်းဂေဟစနစ်များ၏ အရေးပါပုံကို ကမ္ဘာ့အသိုက်အဝန်းကြား ပိုမိုသိရှိလာစေရန်၊ ကမ္ဘာတစ်ဝန်း တောင်တန်းဒေသများ ဖွံ့ဖြိုးရေးအတွက် ရင်ဆိုင်ကြုံတွေ့နေရသော အခွင့်အလမ်းများနှင့် အခက်အခဲများကို မီးမောင်းထိုးပြနိုင်စေရန်နှင့် တောင်တန်းဂေဟစနစ်နှင့် ပတ်ဝန်းကျင်များ ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်နိုင်ရန်ရည်ရွယ်၍ ဒီဇင်ဘာ(၁၁)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာတောင်တန်းများနေ့ (International Mountain Day)အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

တောင်တန်းဒေသများသည် ကမ္ဘာ့မြေမျက်နှာပြင် စုစုပေါင်း၏ လေးပုံတစ်ပုံခန့်ရှိပြီး ကမ္ဘာ့လူဦးရေ ၁၂ ရာခိုင်နှုန်းခန့် ပိုတင်းနေထိုင်ရာ ဒေသများဖြစ်သကဲ့သို့ ကမ္ဘာ့လူဦးရေ တစ်ဝက်ကျော်ကို ရေချိုအရင်းအမြစ် ထောက်ပံ့ပေးနေသော ကမ္ဘာ့ရေစင်ကြီးများလည်း ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့အနှံ့ရှိတောင်နှင့် တောင်တန်းများသည် နိုင်ငံ၊ ဒေသ၊ ကမ္ဘာ့အဆင့်ရာသီဥတုနှင့် မိုးလေဝသပုံစံများကို လွှမ်းမိုးခြယ်လှယ်နိုင်စွမ်းလည်းရှိပါသည်။ ဥပမာအားဖြင့် ရခိုင်တောင်တန်းများသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၏ မိုးရွာသွန်းမှုပုံစံကို လွှမ်းမိုးသကဲ့သို့ ဖြစ်ပါသည်။

အချို့သောနိုင်ငံ၊ လူမျိုးများအတွက် တောင်တန်းဒေသများသည် ၎င်းတို့၏ရိုးရာယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံများ ပေါက်ဖွားရာနေရာများဖြစ်ကြပြီး ယင်းတို့၏ လူနေမှုဘဝနှင့် နေထိုင်စားသောက်မှုပုံစံအထိပါ လွှမ်းမိုးမှုရှိပါသည်။ ထို့အပြင် အချို့သော နိုင်ငံများအတွက် တောင်တန်းဂေဟစနစ်များသည် အဓိကဝင်ငွေရရှိရာ၊ ခရီးသွားများကို ဆွဲဆောင်နိုင်သော ခရီးသွားဒေသများဖြစ်ကြပါသည်။

သို့ရာတွင် တောင်တန်းဒေသများ၌ နေထိုင်သူတို့သည် လမ်းပန်းဆက်သွယ်မှုအားနည်းခြင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အလေးထားမှုအားနည်းခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်နေဖြင့် ကမ္ဘာ့အဆင်းရဲဆုံး အသိုက်အဝန်းတွင် ပါဝင်နေပါသည်။ ထိုအခြေအနေတွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ လူဦးရေတိုးပွားမှု စသည်တို့ကလည်း တောင်တန်းဒေသများ ရေရှည်ဖွံ့ဖြိုးမှုကို ခြိမ်းခြောက်လျက်ရှိပါသည်။ အရေးကြီးသည့် နောက်တစ်ချက်မှာ တောင်တန်းဒေသများသည် နိုင်ငံနယ်နိမိတ်များကို ကျော်လွှားတည်ရှိလျက်ရှိပြီး တစ်နိုင်ငံထက်ပို၍ ပတ်သက်ဆက်နွယ်၊ ပိုင်ဆိုင်နေခြင်းပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဟိမဝန္တာတောင်တန်းဒေသသည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၈)နိုင်ငံ၌ ဖြန့်ကျက်တည်ရှိနေခြင်းကဲ့သို့ ဖြစ်ပါသည်။

သို့ဖြစ်၍ တောင်တန်းဒေသများ ရေရှည်ဖွံ့ဖြိုးမှုကို ကြိုးပမ်းဆောင်ရွက်ရာတွင် အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသကဲ့သို့ တောင်တန်းဒေသနေ ဒေသခံတို့၏ ရိုးရာအစဉ်အလာ၊ ဒေသန္တရဗဟုသုတတို့ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေသခံတို့သည် မျိုးရိုးအစဉ်အဆက် ကြုံတွေ့လာရသော သဘာဝဘေးအန္တရာယ်နှင့် အခက်အခဲများအောက်တွင် မည်ကဲ့သို့ ရင်ဆိုင်ရှင်သန်ရမည့် နည်းလမ်းအတွေ့အကြုံတို့ကို လက်ဆင့်ကမ်း သင်ယူလာကြသကဲ့သို့ ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေမှုရှိသော မြေအသုံးချမှုနှင့် အသက်မွေးဝမ်းကျောင်းပုံစံတို့ကို အစဉ်အဆက်ဖော်ထုတ် လက်ဆင့်ကမ်းလာကြခြင်းကြောင့် ဖြစ်ပါသည်။

တောင်တန်းဒေသများ ဖွံ့ဖြိုးမှုကို ဆောင်ရွက်ရာတွင် ဒေသခံတို့၏ ယုံကြည်မှုတန်ဖိုးထားယုံကြည်မှုတို့ကို အလေးထားထည့်သွင်းစဉ်းစားရန်လည်း လိုအပ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် အချို့သော အစုအဖွဲ့၊ လူမျိုးတို့အတွက် တောင်တန်းဒေသများသည် ယင်းတို့၏ တန်ဖိုးထားကိုးကွယ်ရာ အမှတ်လက္ခဏာများ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုနှစ် အပြည်ပြည်ဆိုင်ရာတောင်တန်းများနေ့၏ ဆောင်ပုဒ်မှာ Mountain Cultures: celebrating diversity and strengthening identity ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ တောင်တန်းဒေသများ၏ ပေါကြွယ်ဝသော ယဉ်ကျေးမှု၊ အစဉ်အလာတို့ကို ကမ္ဘာ့အသိုင်းအဝန်းကြား ပိုမိုသိရှိလာစေရန်နှင့် ဒေသခံတို့၏ အမှတ်လက္ခဏာ တန်ဖိုးများ၊ အခွင့်အရေးများနှင့် ရိုးရာနည်းလမ်းတို့ကို အလေးထားကြစေရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားလူမျိုးစု(၁၃၅)စုကျော်ဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားအများစုသည် မြန်မာနိုင်ငံ၏ တောင်တန်းဒေသများတွင် မှီတင်းနေထိုင်လျက်ရှိပါသည်။ သို့ဖြစ်၍ တောင်တန်းဒေသများ ဖွံ့ဖြိုးတိုးတက်စေခြင်းသည် ဒေသခံတိုင်းရင်းသားတို့ကို တိုးတက်စေခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးရေးဗဟိုဌာန(International Center for Integrated Mountain Development)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တောင်တန်းဒေသများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယခုနှစ် အပြည်ပြည်ဆိုင်ရာ တောင်တန်းများနေ့၏ ဆောင်ပုဒ်အတိုင်း မိမိနိုင်ငံ၏ကြွယ်ဝစုံလင်လှသော တောင်တန်းဒေသ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကို တန်ဖိုးထားနားလည်ကာ ဒေသခံတိုင်းရင်းသားတို့၏ ပူးပေါင်းပါဝင်မှု၊ ၎င်းတို့၏ ရိုးရာယုံကြည်မှု၊ ဗဟုသုတတို့ကို အလေးထားထည့်သွင်းစဉ်းစားကာ ဆောင်ရွက်သင့်ပါကြောင်းတင်ပြအပ်ပါသည်။

ကိုးကား -- : http://www.un.org/events/mountainday
http://www.fao.org/international-mountain-day/en/
www.icimod.org

## ပူနွေးကမ္ဘာ တားဆီးဖို့ သဘာဝဝန်းကျင်ထိန်းသိမ်းစို့

သစ်တောသစ်ပင်
ကျေးငှက်ရှင်တွေ
သီလေပါလျက်
သင်မဖျက်နှင့်။

သင်ရဲ့အသိ
စည်းကမ်းရှိမှ
သင်၏ဘဝ
သာယာလှသော
သဘာဝဝန်းကျင်
အေးမြရွှင်သော
ပိုင်ရှင်စစ်မှန်
သင်ထိုက်တန်၏။

အသိခေါက်ခက်
အဝင်နက်သော
စည်းပျက်သူများ
တိုးတက်များက
လူသားကမ္ဘာ
ဘယ်သောခါမှ
သာယာအေးမြ
မလှပ၏။

(ဩော်) သတ္တဝါချင်း
မွေးသားရင်းသို့
ချစ်ခြင်းပို့ကာ
မြတနာပြီး
မေတ္တာကိုပွား
ဖြူစိတ်ထားနဲ့
လူသားချင်းချင်း
လှည့်ခြင်းကင်းလျက်
ဆင်းဆင်းရဲရဲ
ပွက်တွင်းထဲမှ
အမြဲအစဉ်
ကင်းပစေကာ
ဝန်းကျင်သဘာဝ
ထိန်းသိမ်းကြရင်း
ကမ္ဘာပူနွေး
တားဆီးပေးကြပါစို့။

မုံရွာ– ချစ်သန်းထွန်း

# ရွှေပင်တောမှ ရွှေဩဇာ

**-ရွှေပင်ငွေခက် တောမှထွက်၏-**

မြန်မာ့ရတနာတန်းဝင်သစ်ပင်များသည် မြေဆီဩဇာ ပြည့်ဝကောင်းမွန်သော တောတွင်သာပေါက်ရောက်ကြသည်။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်တို့သည် ရတနာတန်းဝင် ရွှေပင်ရွှေခက်များ။

ရွှေပင်ငွေခက်တို့ပေါက်ရာတောသည် ‘ရွှေပင်တော’ ။

သစ်တောဌာန၏ ‘ရွှေပင်တော’သည် ‘မြန်မာနိုင်ငံသစ်တောကျောင်း’ ဟု တင်စားလိုပါသည်။

‘ရွှေပင်ငွေခက် တောမှထွက်၏’

ရှေ့တူရှုမှ အစိမ်းခံအဖြူရေး အသိပေးဆောင်ပုဒ်ကို ဖတ်ရင်း စိုက်ခင်းပုံစံ(၆) တွင် လက်မှတ်ရေးထိုးဟန်ပြင်လိုက်စဉ်-

“ဆရာ ကျွန်တော်စေတုတ္တရာက ဦးမြဖေသားပါ” ပြောရင်း အလေးပြုပြီး စာလေးတစ်စောင်ပေးလာသည်။ ကိုမြဖေမှာ ယခုတောအုပ်၊ အလုပ်ဝင်စ တောခေါင်းဘဝက အရင်းနှီးဆုံးသူငယ်ချင်း၊ လည်ပင်းဖက်ပေါင်းလာသူ။

သူ့သား တောလုပ်ငန်းတွေသာ လုပ်နေရလို့ စာနဲ့ဝေးနေကြောင်း၊ စာမေးပွဲ အတွက် သစ်တောကျောင်းတက်ရဖို့ ကူညီစေလိုကြောင်း စစ်ကူတောင်းထားသည်။ သူ့စာကိုဖတ်ရင်း ငယ်ငယ်က ကိုယ့်ဘဝကို သတိတရဖြစ်လာ သည်။ “သစ်တောမှာ အလုပ်သွင်းပေးမယ်တဲ့” သစ်တောအကြောင်း ဘာမျှမသိ၊ ဝန်ထမ်းထဲက အသိဆိုလည်း ဝေလာဝေး၊ ဦးလေးကျေးဇူးကြောင့် မအူမလည်နှင့် တောခေါင်းဖြစ်လာခဲ့သည်။

တောခေါင်းဖြစ်ဖြစ်ချင်း တောဆင်းသင်းသတ်ရမယ်တဲ့၊ သတင်းပို့ရမယ့်အရာရှိက တောအုပ်ကြီး ဦးဘဦး၊ ပို့လိုက်တာက မြို့စေတုတ္တရာ၊ ရောက်သွားတာက မဲဇာ၊ ဂျီအိုတောအုပ်တွေက ဦးရှိန်၊ ဦးကိုနဲ့ ဦးခိုင်ညွန့်။ တောအုပ်ဦးခိုင်ညွန့်ရဲ့ လက်အောက်မှာ တာဝန်ကျတယ်။ ၁၉၆၂ ခု၊ ဒီဇင်ဘာ(၈)ရက်၊ နောက်နေ့မှာ တောနင်းရသည်။ အလုပ်က အရွယ်ရောက်တဲ့ ကျွန်းပင်တွေကို သတ်ဖို့၊ တစ်တောဝင်၊ တစ်ချိုတိုး၊ မိုးထိမြင့်မယ့် တောင်ပေါ်တက်၊ အထက်ရောက်တော့ အောက်ကိုဆင်း၊ တောင်ခြေရင်းက ပြန်တက်၊ ဘယ်အတွက်နဲ့မှ ချောင်းဖြတ်ခင်ကူး မကျူးရတဲ့အလုပ်။ တောအုပ်တောခေါင်း ချောင်းပေါက်မတတ်၊ တောင်တက်တောင်ဆင်းကွင်းနင်းကြရတယ်။ သတ်မှတ်ထားတဲ့ ကျွန်းပင်တွေရင် ရင်စို့လုံးပတ်တိုင်းပြီး ‘သတ်ပင်’၊ ‘ချန်ပင်’လို့အော်ရင်း လုံးပတ်စာရင်းပေးကြ ယူကြရတယ်။ မိုးမလင်းခင်သွားပြီး နေဝင်မှပြန်ရတယ်။ အတော်ပင်ပန်းတဲ့ အလုပ်။ တစ်ရက်လုပ်ရသေးတယ်၊ ခြေထောက်တွေကွဲပြဲ၊ သုံးရက်လောက် လဲတော့တာပါပဲ။

“သစ်တောလုပ်ငန်းက တကယ်ပင်ပန်းတဲ့အလုပ်၊ ငါးပိလောက်ထိုး၊ ဆန်ပိုးထိုးနဲ့ အမျိုးမျိုးငတ် သစ်တောရဲ့အတတ်တဲ့၊ ဖွဲ့ရှိဖို့လိုတယ်” ဂျီအိုတောအုပ်ရဲ့ အားပေးတဲ့စကား၊ အစားဆင်းရဲ၊ အလုပ်ဆင်းရဲ၊ ပင်ပန်းဆင်းရဲ ကြီးစွာလုပ်ရင်းက အကွက်တွေ တစ်ကွက်ပြီးတစ်ကွက် ပိတ်နိုင်ခဲ့တယ်။ ပြီးတော့ တစ်နှစ်ပြီးတစ်နှစ် ကြိုးဝိုင်းတွေတစ်ဝိုင်းပြီးတစ်ဝိုင်း အပိုင်းတိုင်း အပိုင်းတိုင်း သင်းသတ်လိုက်ရတာ သုံးနှစ်သုံးမိုးပါပဲ။

ဒီလိုနဲ့ တောလုပ်ငန်းတွေမှာ ချာချာလည်ရင်း သစ်တောကျောင်းတက်ဖို့ စာမေးပွဲဖြေခွင့်ရခဲ့တယ်။ စာမေးပွဲအတွက် တွေ့သမျှမေး၊ မေးရသမျှရေးရင်း မှတ်စုတွေကို ငွေလိုစုခဲ့တယ်။ စာမေးပွဲက လွယ်လှသည်တော့မဟုတ်ပါ။ ခရိုင်မှာလည်းဖြေရတယ်။ တိုင်းမှာလည်း ဖြေရတယ်။ ပြီးတော့ ဒါရိုက်တာစာမေးပွဲ၊ ပြင်ဦးလွင်သစ်တောကျောင်းမှာဖြေရတယ်။ သင်္ချာ၊ မြန်မာစာနဲ့ ဗဟုသုတ။ အောင်ပြန်တော့လည်း “အလုပ်ကြမ်းနဲ့ထောင်ဒဏ်(၂)နှစ်”တဲ့ အားပေးကြသည်ပေါ့။ အပတ်စဉ်က ၆၇-၆၉၊ မေလ(၁)ရက်နေ့မှာ သတင်းပို့ရ တယ်။အကြီးတန်းက ခြောက်ယောက်၊ ကျွန်တော်တို့အငယ်တန်းက ၂၀ နဲ့ သစ်လုပ်ငန်းက ၃၀ တက်ခွင့်ရပါတယ်။

ကျောင်းရောက်တော့ ပုဆိန်၊ ပေါက်ပြား၊ ဓား စတဲ့ လက်နက်ငါးပါး ထုတ်ပေးတယ်။ သွေးလိုက်ရတဲ့ဖြစ်ခြင်း၊ ဒူးကောက်ကြောတွေတောင့်ပြီး ဒူးနှိပ်ထရတဲ့အလုပ်။ ပြီးတော့ ဆိုင်ရှင်တွေခွဲတယ်။ ဆိုင်ရှင် လီဒါနဲ့ကျောင်းသားခေါင်းဆောင်ရွေးကြရတယ်။ စစချင်း အပြောင်ရှင်းတောခုတ်လုပ်ရတယ်။ တစ်နာရီလုပ်တိုင်း ၁၀ မိနစ်နားရတယ်။ ဓားပေး ပုဆိန်ပေး အသွေးခိုင်းတာ ဒါကြောင့်ကိုး။ စားသောက်ရေးကော်မတီလည်းဖွဲ့ရတယ်။ တစ်လှည့်စီ တာဝန်ယူကြရတယ်။ ဈေးဝယ်ရတယ်။ ချက်ကျွေးရတယ်။ နေ့ချင်းငွေစာရင်းရှင်းပေးရတယ်။ မလွယ်ပါလား။

မေလမှာ စာစသင်တယ်။ ဇွန်လကျတော့ မိုးရာသီခရီးထွက်ရတယ်။ နယ်က စိုက်ခင်းဟောင်းတွေမှာ ပေါင်းရှင်းလုပ်ငန်းလက်တွေလုပ်ရတယ်။ ပြင်စာတောအုပ်နယ်၊ ဒုတိယနှစ်စိုက်ခင်းရဲ့ ပထမပေါင်းရှင်းလုပ်ငန်းပေါ့။ ပုပ္ပါးတောင်သစ်တောပြန်လည် တည်ထောင်ရေးလုပ်ငန်း၊ စန္ဒကူးစိုက်ခင်းနဲ့ ပျဉ်းမနားနယ် အမတ်ကြီးခုံစိုက်ခင်းက ကျွန်းပျိုးထောင်ခြင်းလုပ်ငန်းများကို လက်တွေ့သင်ရတယ်။ ပြင်ဦးလွင် ဒိုးကွင်းခြံက သစ်ကိုင်းဆက်၊ သစ်ဖူးဆက် ပျိုးထောင်နည်းတွေကိုပါ

သင်ရပါတယ်။ ပြီးတော့ တိုးနုတ်တွေရေးတင်ရပါတယ်။ ပေါ့ပေါ့ဆဆလုပ်လို့မရ။

မိုးရာသီခရီးကအပြန်မှာ စာသင်ခန်းကိုဝင်ရတယ်။ ကျောင်းသားတစ်ဦး အမှတ် ၃၀၀ ပေးထားတယ်။ အမှတ်ထက်ဝက်ပြတ်လျှင် အာတိဒီထိသည်။ မိခင်ခရိုင်ပြန်ရမည်ပေါ့။ ကျောင်းသားရဲ့အခြေအနေကို သတင်းပို့လေ့ရှိသကဲ့သို့ ခရိုင်မှလည်း သတိပေးထောမနာစာ ထုတ်လေ့ရှိပါသည်။ အလုပ်မှထုတ်ပယ်သည်အထိလည်း အရေးယူတတ်ပါသည်။ သည်တော့ဆိုး၍မိုက်၍မရ၊ လိမ္မာပြကြရသည်။ ဒါတောင် စင်းလုံးချောမဟုတ်၊ ရှတ်ရှတ်ဆိုလျှင် သစ်တောကျောင်းသားပါစမြဲ။ ပြင်ဦးလွင်မှာ သင်တန်းတွေကလည်း မနည်းမိုလား။ ဒီအက်စ်အေ၊ ဂျီအီး၊ တပ်ရင်း၊ တပ်ဖွဲ့၊ စက်မှု၊ မြေတိုင်းတို့ဟာ သင်တန်းအပြိုင်တွေပါပဲ။ ဒီအထဲမှာ သစ်တောကျောင်းသားများကလည်း ခေသူမဟုတ်ပါ။

သည်။ ပြန်ကျလာတော့ သင်္ကေတသာပါလာတယ်၊ အမှတ်မည်မျှဟူ၍ မသိရ၊ လျှို့ဝှက်သိပ်သည်းလှချေ၏။ ပထမနှစ်စာမေးပွဲမှ အမှတ်များနှင့် ပေါင်းမည်ထင်ပါသည်။ ရင်မောရပါ၏။

ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေတော့မည့်ကာလ၊ ဝက်သစ်ချတို့ပွင့်မည့်ဆဲဆဲ ပထမနှစ်စာမေးပွဲရဲ့ အောင်စာရင်းထွက်ပြီ၊ လက်တွေ့တောလုပ်ငန်းလည်း စခန်းသိမ်းပြီ။ ဒုတိယနှစ်ကျောင်းဆင်းပွဲနဲ့ပြီ၊ လျှို့ဝှက်အမှတ်တွေရဲ့ အဖြေလည်း ထွက်လာသည်။

ကျောင်းဆင်းမှာက ၆၆-၆၈ ဘက်ချ်၊ ကျောင်းသားခေါင်းဆောင်က အမ်ဇော်လ၊ အကြီးတန်းက မြသောင်းနဲ့ အငယ်တန်းက ချစ်မောင်တို့ ဂုဏ်ထူးနဲ့ ရွှေတံဆိပ်ရယူသွားကြသည်။ လင်းပွင့်သည် ရွှေပင်တောက ရွှေဩဇာမှာ ရတနာတန်းဝင် မျိုးဆက်ပင်တို့ ဝင့်ဝင့်ထည်ထည်၊ နွယ်ပေါင်းကင်းစွာပေါက်ရောက်ကြပါလေပြီ။

## "သစ်တောလုပ်ငန်းက တကယ်ပင်ပန်းတဲ့အလုပ် ငါးပိလောက်ထိုး ၊ ဆန်ပိုးထိုးနဲ့ အမျိုးမျိုးတော် သစ်တောရဲ့ အတတ်တဲ့ – – ဖွဲ့ရှိဖို့ လိုတယ်"

ကျောင်းအုပ်ချုပ်ရေးမှာ ဆရာကြီးဦးစိန်ထွန်း က ကျောင်းအုပ် စိုက်ပျိုးပြုစုခြင်း ဘာသာသင်တယ်။ အဆောင်မှူး ဆရာဦးတင်ညွန့်က ရုက္ခဗေဒဘာသာ၊ ဆရာဦးထွန်းမြင့် သစ်တောအသုံးချခြင်း၊ ဆရာဦးညို ဥပဒေ၊ ဦးသိန်းမောင် အင်ဂျင်နီယာနဲ့မြေတိုင်း၊ ဆရာဦးသန်းနွယ် သစ်တောကာကွယ်ခြင်းဘာသာတို့ကိုသင်ကြပါသည်။ ဆရာ ဦးဟုတ်လင်းနဲ့ ဆရာဦးတင်မောင်ကြည်တို့ကတော့ ပထမနှစ်အစပိုင်းနဲ့ ဒုတိယနှစ်အစ ပိုင်းကာလတွေမှာ ပရိုမိုးရှင်းနဲ့ နယ်ဘက်ကို ပြောင်းကြပါသည်။ ကျောင်းအုပ်ဆရာကြီးလည်း စာသင်ရင်း ကယားကိုပြောင်းရပါသည်။

ပထမနှစ်စာတွေပြီးပြီ၊ သီတင်းကျွတ်ကျောင်းပိတ်ဖို့ (၁၀)မိုင်တာဝေး ပြေးပွဲနွှဲရပါသည်။ ပြင်ဦးလွင်နဲ့ ပွေးကောက်အသွားအပြန်ပါ။ အိမ်ပြန်တော့ ကွလို့၊ ဖွဲ့ရှိမှဖြစ်မယ်ဆိုတာ ဟုတ်နေပါသည်။ ကျောင်းပြန်ဖွင့်တော့ လက်တွေ့တောလုပ်ငန်း၊ ကသာနယ်၊ ဖက်ဆွတ်ကြိုးဝိုင်း၊ ပင်ဝယ်မှာ စခန်းချရတယ်။ မန္တလေး-မြစ်ကြီးနားလမ်းဘေးမှာပေါ့။ ပုဆိန်နဲ့ ဓားကို ကိုယ်တိုင်ကိုင်ပြီး လုပ်သားတစ်လှည့်၊ ဂျီအိုအရာရှိ တစ်လှည့်လုပ်ရပါသည်။ အပတ်စဉ်စာရင်းနဲ့ ကျွန်းသင်းသတ်ခြင်း အစီရင်ခံစာရေးကြရပါသည်။ သစ်မာပင်ထောင်ရွှေးချယ်ခြင်း၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းနှင့် နယ်စီးတောအုပ် ရုံးငွေစာရင်းလုပ်ငန်းတွေကိုပါ သင်ရပါသည်။ လုပ်ငန်းတစ်ခု လက်တွေ့သင်ပြီးတိုင်း တိုးနုတ်ရေးတင်ရပါ

၆၆-၆၈ ဘက်ချ်ရဲ့နေရာမှာ ကျွန်တော်တို့ ၆၇-၆၉ ဘက်ချ်ဝင်ရတယ်။ ကျွန်းဆောင်နဲ့ ပျဉ်းကတိုးအဆောင်မှာပါ။ ဒီအဆောင်တွေဟာ သင်တန်းဟောင်း၊ မြူစီယမ်ဟောတွေနဲ့တွဲလို့၊ အဲဒီမှာ ဘော်လီဘောကွင်းနဲ့ တင်းနစ်ကွင်းရှိတယ်။ ကျောင်းမှာ အားကစားမျိုးစုံသင်ပေးတယ်။ မန္တလေးတိုင်းရဲ့ ဖက်စ်အလဲဗင်းမှာ သစ်တောကျောင်းက အကောင်းဆုံးဘောလုံးသမား ကိုကိုကြီးတို့ပါတဲ့အထိ ပေါက်ရောက်ခဲ့ပါသည်။ ကျောင်း၊ ဆရာနဲ့ကျောင်းသားတွေရဲ့ အစွမ်းအစ သတိတရဖြစ်စရာပါ။ ဆရာကြီး ဦးတင်ညွန့်မှာ မောင်တက္ကသိုလ်၊ ဆရာဦးညိုက တကယ့်အားကစားသမားပုံ၊ ဆရာတွေဟာ ဖွဲ့ကြီးတယ်၊ လုံ့လဝီရိယကောင်းကြတယ်။ ပညတ်သွားရာဓာတ်သက်ပါပြီပေါ့။ ဘောလုံးနည်းပြဆရာ ဦးဝင်းတင်ကလည်း အကျော်အမော်တစ်ဦးပါ။ ဤမျှဘက်စုံထောင့်စုံပြည့်ဝတဲ့ သင်တန်းမှာ ကျွန်တော်ကတော့ ကုမ္ပာရီဘွဲ့ရခဲ့သူပါ။ သင်တန်းအချင်းချင်း နှစ်အလိုက်အလုပ်နဲ့ပြိုင်ကြသည်၊ အားကစားနဲ့ပြိုင်ကြသည်၊ စာနဲ့ပြိုင်ကြသည်။ ကုန်ကုန်ပြောရရင် ဆိုးတာပေတာလည်း ပြိုင်ချင်ကြမည်ထင်သည်။ ဝန်ထမ်းဖြစ်ပေမယ့် သင်တန်းမှာတော့ ကျောင်းသားမဟုတ်ပါလား။ တစ်နှစ်သားနဲ့ နှစ်နှစ်သားစကြနောက်ကြရာမှာလည်း "ဖတ်စ်ရီးယားကို ဖားဆရာ"လို့ နာမည်ပေးခဲ့သူ အမ်ဇော်၊ သူတို့ စက်ကင်းရီးယားကိုလည်း "သောက်ကန်းရီးယား" လို့ပြန်လှန်ကင်ပွန်းတပ်

ခဲ့သူ ကျွန်တော်တို့ဘက်ချ်က အေထန်ကဲ့၊ ပျော်လည်းပျော်ကြ၊ ပင်လည်းပင်ပန်းရနဲ့ လက်တွေ့ကွင်းဆင်းလိုက်၊ ကစားပွဲနွှဲလိုက်၊ စာသင်ခန်းဝင်လိုက်နဲ့ အေထန်ကဲ့ပြောတဲ့ သောက်ကန်းရိုးယားရဲ့ နှစ်တစ်ဝက်ကို ရောက်လာခဲ့ပါတော့သည်။

ဆရာတွေရဲ့ဩဇာ ကျွန်တော်တို့မှာ သမ္မာရင့်လာတယ်။ အဆောင်မှူး ဦးတင်ညွှန့်မှာ ကျောင်းအုပ်ကြီး ဦးစိန်ထွန်း ကယားပြည်နယ်ပြောင်းရသောအခါ ကျောင်းအုပ်ကြီးဖြစ်လာသလို ဆရာဦးတင်လှ မှာလည်း အဆောင်မှူးအဖြစ်နဲ့ ဒုတိယနှစ်မှာ ပြောင်းရွှေ့ရောက်ရှိလာပါသည်။ အစဉ်အလာကောင်းပြီး အရှိန်ရနေတဲ့ ကျောင်းနဲ့ဆရာတွေရဲ့ အဆိုအမိန့်ဟာလည်း ကျွန်တော်တို့အပေါ်မှာ လေးနက်ထက်မြက်ဩဇာတက်ပြီပေါ့။

"သစ်ပင်တိုင်းသစ်ရွက်တိုင်းမှာ သူ့ပုံသဏ္ဌာန်နဲ့ သူ့ကြီးတွေရှိတယ်၊ အပွေးမြင်တိုင်း အပင်သိဖို့မလွယ်ဘူး၊ နမ်းကြည့်၊ ဝါးကြည့်၊ စားကြည့် မသိထွေးပစ်လိုက်" လေးလေးပင်ပင်နဲ့ ဆေးတံခဲပြီး မှုန်တေတေအမူအရာနဲ့ ဆုံးမလေ့ရှိတဲ့ ဆရာကြီး ဦးတင်ညွှန့်ရဲ့ အသံနဲ့ဟန်၊ တပည့်တွေထံ လွင့်ပျံ့လာနေဆဲပါ။ ဆရာ့ပုံကြည့်ပြီး"မှုန်ကြီး"လို့ တိုးတိုးလေး ချစ်စနိုးခေါ်နေကြတာ ဆရာသိချင်မှသိမှာပါ။

ဆရာ ဦးတင်လှကျတော့အဆောင်မှူး ဆရာအသစ်လည်းဖြစ်၊ တပည့်တွေနဲ့ နီးနီးကပ်ကပ်နေရသူပီပီ တည်ကြည်တဲ့အမူအရာနဲ့ ညင်ညင်သာသာ သင်ပြဆုံးမလေ့ရှိတယ်။ ကြည်လင်အေးမြတဲ့ ဥပမိရုပ်နဲ့ ချိုသာတဲ့ ဆုံးမမှုကြောင့် တစ်မျိုးပိုချစ်ကြတယ်။ ဆရာဦးထွန်းမြင့်က တစ်မျိုး၊ မေ့မရနိုင်တဲ့ဥပမာပေးနဲ့ ဆုံးမလေ့ရှိတယ်၊ "မပြောမရှိနဲ့၊ နောင်ကျမှ နွားရေကူးတဲ့မျက်နှာနဲ့ ကယ်ပါယူပါဖြစ်နေဦးမယ်"ဆိုတဲ့ ထက်သန်သည့် အဆုံးအမမှာ လေးနက်လှပါဘိ။

ဖြည်းဖြည်းနွေးနွေး သွေးအေးတဲ့လေသံနဲ့ စကားတစ်လုံးနဲ့တစ်လုံး လက်ငါးလုံးလောက်ခြားပြီးမှ ပြောလေ့ရှိတဲ့ ဆရာဦးမောင်မောင်အေး၊ "တောလုပ်ငန်းသွားရင် မုဆိုးလိုမသွားရဘူး၊ ခြေသံပြင်းပြင်းနင်းပြီး အသံပေးရမယ်တဲ့"

သစ်တောအင်ဂျင်နီယာသင်သူ ဆရာ ဦးသိန်းမောင်ကတော့ စကားကိုဖြည်းဖြည်းနဲ့ စကေးကိုက်ပြောလေ့ရှိတယ်။ အသံဩဇာကောင်းတဲ့ ဆရာဦးညိုကျတော့စာသင်တာ ဆွဲဆောင်မှုရှိတယ်၊ အမှတ်ပေးလည်းပြတ်တယ်၊ စိုက်ပျိုးပြုစုခြင်းဘာသာရေးဖြေမှာ ကျွန်တော်က အမှတ်အများဆုံး၊ ရွှေတံဆိပ်ပေးတော့ မျိုးညွှန့်ကိုပေးခဲ့တယ်။ ကျွန်တော်နဲ့မျိုးညွှန့်က ပြိုင်ဘက်၊ ရေးဖြေမှာ အမှတ်ဘယ်လိုများများ၊ လက်တွေ့လုပ်ငန်းမှာ အားသာတာတွေလို့ "ပေးခဲ့တဲ့ ရွှေတံဆိပ်ကိစ္စ" အစတော့ ရင်မှာအောင့်သွားတယ်။ ဒါပေမယ့် ပထမနှစ် သင်းသတ်မှာ ကွန်တိုမှားတာရယ်၊ အုပ်မိုးကာဆိုင်းလှဲရာမှာ ဂျီအိုကိုပြန်ပြောတာရယ်၊ ကိုယ့်အမှားကိုယ်စဉ်းစားမိလို့ ဖြေသာပါတယ်။ ဆရာတွေရဲ့ပြတ်သားတဲ့ ချိုးမြှင့်မှုကိုလည်း အံ့ဩလေးစားမဆုံးပါ။

"သစ်တောဝန်ထမ်းဆိုတာ ကြက်လိုချေးကျရာ ပျော်ရမယ်၊ ဒါမှအလုပ်ဖြစ်မှာ၊ အိမ်သတိရလူမျိုးမဖြစ်ရဘူး" လို့ဆုံးမလေ့ရှိတဲ့ ဆရာဦးသန်းနွယ်ကိုလည်း မေ့ရနိုင်ကြမည်မဟုတ်ပါ။

နောက်ဆုံးနှစ် လောင်းတိုးလ် မြန်မာပြည်အနှံ့လှည့်လာရေး၊ ကသာနယ် မော်လူးကုံးခါးတံတား ဆောက်ရတယ်။ အနီးစခန်းမှာ မြေတိုင်းသင်ရတယ်။ နားရက်မှာ စာကျက်ရတယ်။ ဒီလိုနဲ့ ဒီဆရာနဲ့ ဒီစာနဲ့ ဘာသာတိုင်း လက်တွေ့သင်ရတဲ့ကာလ နှစ် နှစ်ပြည့်ဝသောအခါဝယ် ဖိုင်နယ်ပြီးပြီ၊ စိတ်နှလုံးဒုန်း ဒုန်းချနိုင်ပြီပေါ့။ ကျောင်းဆင်းဆုပေးပွဲမှာ အကြီးတန်းက အောင်ဗို ပထမ၊ ဒုတိယက ရဲကို၊ ဂုဏ်ထူးနဲ့အောင်ပြီး ရွှေတံဆိပ်တွေရကြတယ်။ အငယ်တန်း ပထမက ကျွန်တော် မင်းဘူး တင်ဝင်းပါ။ ဒုတိယက ပြိုင်ဘက် မျိုးညွှန့်။ အကြီးတန်းက သူတို့လိုပဲ ဘာသာစုံဂုဏ်ထူးနဲ့အောင်ပြီး ရွှေတံဆိပ်တွေ ရယူနိုင်ခဲ့ပါတယ်။ မင်းကြီးဦးဇော်အောင်ကလည်း ချင်းတွင်းတိုင်းအတွက် ပထမ၊ ဂုဏ်ထူးနဲ့ ရွှေတံဆိပ်တွေ သိမ်းနေအောင်ယူပေးခဲ့တဲ့ ကျွန်တော့်ကို စကားနဲ့ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။ ဝမ်းသာလိုက်ရတဲ့ဖြစ်ခြင်း။

ကျောင်းဆင်းတာလည်း ကြာခဲ့ပြီ၊ တောမှာပဲ နေခဲ့လုပ်ခဲ့ရတဲ့ တောအုပ်ဘဝ၊ ဌာနကျေးဇူးကြောင့် ဦးစီးတောအုပ်ကြီး၊ ပြီးတော့ ဦးစီးအရာရှိ ခုထိပါပဲ။

"အဟင်းအဟင်း -- ကျွန်တော့်ကို ဘာညွှန်ကြားဦးမှာလဲ ဆရာ"

"ဩော် -- အင်း-အင်း"

ဟုတ်သားပဲ၊ နှစ်ပေါင်း ၃၀ က မိခင်သစ်တောကျောင်းနဲ့ ဆရာအပေါင်းကို လွမ်း ဆွတ်တသ သတိရစိတ်နဲ့ အတိတ်ကိုတွေး ဆွေးနေလိုက်တာ ရှေ့မှာရောက်နေတဲ့ စေတုတ္တရာက ဝန်ထမ်းငယ်ကိုမေ့သွားတယ်။

**ရွှေပင်တောလို့ တင်စားရမယ့် မိခင်သစ်တောကျောင်းနဲ့ ဆရာအပေါင်းရဲ့ ဩဇာတပည့်တွေဆီမှာ တည်ဆဲပါ။**

**"ရွှေပင်တောက ရွှေဩဇာ -"ကျွန်တော့်ဆီမှာ တည်ဆဲပါ။**

**'သစ်တောဝန်ထမ်းဆိုတာ၊ ကြက်လိုချေးကျရာမှာ ပျော်ရမယ် ဒါမှ အလုပ်ဖြစ်မှာ၊ အိမ်သတိရလူမျိုးမဖြစ်ရဘူး'**

မြန်မာနိုင်ငံသစ်တောကျောင်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်မှ စာရေးသူ တင်ဘုန်းဝင်း ရေးသားခဲ့သော စာမူအား ပြန်လည်ထုတ်နုတ်ဖော်ပြပါသည်။

# လေကာတန်းသစ်တော

ဦးသန်းနွယ်(သစ်တော)

**လေကာတန်းသစ်တော** ဆိုတာက အမည်အတိုင်းဘဲ။ လေကိုကာကွယ်တဲ့ သစ်တောကို ဆိုလိုတာပါ။ လေပြင်းတိုက်ခတ်တဲ့ဒဏ်ကိုခံနိုင်ဖို့ စိုက်ရတဲ့ သစ်တောအတန်းပါ။ ကမ္ဘာပေါ်မှာ အများဆုံးအသုံးပြုကြတဲ့အကြောင်းတွေရှိပါတယ်။

(က) ပင်လယ်အပြင်ကအတွင်းကို တိုက်ခတ်တဲ့ လေကို ကာကွယ်ပေးဖို့၊

(ခ) မြို့၊ ရွာတွေကို လေပြင်းတိုက်ခတ်တဲ့ ဘေးအန္တရာယ်က ကာကွယ်ဖို့၊

(ဂ) စားသုံးသီးပင်များ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် အခြားသောသီးနှံအထွက်တိုးမှုကို အန္တရာယ်ပေးနိုင်ခြင်းမရှိဖို့၊

(ဃ) လယ်ယာစိုက်ကွင်းဘေးက ကန်သင်းရိုးတွေအပေါ် စပါးသီးနှံအထွက်တိုးဖို့ စသည်ဖြင့် ရည်ရွယ်ချက်အမြောက်အမြားနဲ့ စိုက်ကြတာပါ။

မြို့သစ်များ၊ စက်မှုဇုန်များ တည်ထောင်တဲ့အခါမှာလည်း လေပြင်းဒဏ်က ကာကွယ်ဖို့စိုက်ကြရပါတယ်။ မြန်မာပြည်က ဒဂုံမြို့သစ် တည်ထောင်စဉ်က လေကာတန်းစိုက်ဖို့ ဧရိယာမကျန်တဲ့အတွက် ယခုအချိန် မကြာခဏ လေဒဏ်ခံနေရပါပြီ။ နောင်ဆို အလေးထားဆောင်ရွက်ရမဲ့စီမံကိန်းပါ။ ယခုအလေးထားတင်ပြလိုတဲ့အချက်ကတော့ မြစ်ဝကျွန်းပေါ် - အထူးသဖြင့် ဖျာပုံခရိုင်၊ ဘိုကလေး မြို့နယ်အတွင်းက ကျေးရွာတွေကို လေပြင်းဒဏ်က ကာကွယ်ပေးဖို့နဲ့ လှိုင်းဒဏ်များကိုဟန့်တားဖို့ ဖရီဒါအသင်းကြီးက စိုက်ခဲ့တဲ့အကြောင်းကို တင်ပြလိုတာပါ။ အားလုံးသိပြီးကြတဲ့အတိုင်း (၂၀၀၈)ခုနှစ်က နာဂစ်မုန်တိုင်းကြောင့် အဲဒီဒေသခံလူအများအပြား အသက်တွေဆုံး - နေအိမ်တွေပျက်- လယ်ယာတွေနဲ့ ကျွဲနွားတိရစ္ဆာန်တွေ အန္တရာယ်ဖြစ်ခဲ့ကြပါတယ်။ ဖရီဒါအသင်းကြီးက ဂျပန်နိုင်ငံက အက်မန်ဆိုတဲ့ ဒီရေတောတွေစိုက်တဲ့အဖွဲ့နဲ့ပူးပေါင်းပြီး ဘိုကလေးမြို့နယ်အတွင်းက အမာမြို့နယ်ခွဲ ကျေးရွာတွေအချို့မှာ ၁၉၉၇ ကစပြီး ဒီရေတောတွေစိုက်ခဲ့တာ နာဂစ်တိုက်ခတ်ချိန်မှာ ဇကေသုံးထောင်ခန့် ရှိသွားပါပြီ။ အဲဒီဒေသက ရွာသူရွာသားတစ်ဦးတစ်ယောက်မှ အသေအပျောက်မရှိခဲ့တာ အားလုံးအသိပါ။ ဒီအချက်က အဓိကမီးမောင်းထိုးပြခဲ့တဲ့အတွက် ဒေသခံလူအများက သစ်ပင်တွေ စိုက်ဖို့ စိတ်ဝင်စားလာကြပါတယ်။ နိုင်ငံတော်အစိုးရကလည်း သိရှိသွားပြီး စိုက်ပျိုးဖို့ အားပေးခဲ့ပါတယ်။

နာဂစ်အပြီး ၂၀၀၈ ခုနှစ် ဇူလိုင်လကစပြီးတော့ ဂျာမဏီနိုင်ငံ ဒီကေအိပ်ချ် (D.K.H) ဆိုတဲ့ INGO အဖွဲ့ရဲ့အကူအညီနဲ့ လေကာတန်းသစ်တောစိုက်ဖို့ ဖရီဒါအသင်းကြီးကို ထောက်ပံ့ခဲ့ပါတယ်။ ဖရီဒါအသင်းက စာရေးသူကို တာဝန်ပေးပြီး “လေကာတန်း သစ်တော”စိုက်တဲ့စီမံကိန်းကို စတင်ခဲ့ကြပါတယ်။

ဒီလေကာတန်းသစ်တောက ရွာတွေနဲ့ ပင်လယ်ကြားမှာရှိတဲ့ သဲသောင်ပြင်ပေါ်မှာ စိုက်ရမှာပါ။ စာရေးသူတို့ရဲ့ အတွေ့အကြုံအရ ကုန်းပေါ်မြေကြီးရှိတဲ့ သစ်တောပြုန်းတီးတဲ့နေရာတွေမှာသာ အတွေ့အကြုံရှိခဲ့ကြတော့ သဲသောင်ပြင်မှာ စိုက်ရမှာက ပြဿနာပါပဲ။အဓိကက ရေချိုရှိတဲ့ ဧရိယာမှာမှ ဒီရေတောမဟုတ်တဲ့ (Non-Mangrove)စိုက်ရမှာပါ။ အရေးအကြီးဆုံးဖြစ်တဲ့ ရေချိုရှိတဲ့နေရာကိုရှာရပါတယ်။ အလွယ်ဆုံးကတော့ သဲသောင်ထဲမှာ ရေရဖို့ရေတွင်းတူးကြည့်တဲ့အလုပ်ပါ။ သုံးပေခန့်တူးတဲ့အခါမှာ ရေချိုတွေ့ပါတယ်။ သဲသောင်ဆိုတာက သိတဲ့အတိုင်းပဲ အလွန်ပူတာကိုး။ မြက်ပေါက်တဲ့နေရာ၊ နွယ်ပင်တွေပေါက်တဲ့ဧရိယာ -ပြောင်တလင်းခါနေတဲ့ မြေဆိုပြီးတွေ့ရပါတယ်။ ထင်တာက မြက်ပေါက်တဲ့နေရာဟာ ရေချိုရှိလို့ပေါက်တာက သေချာတယ်ပေါ့။ ပထမဦးဆုံး မြက်ပေါက်တဲ့နေရာမှာ သဲကိုကျင်းနှစ်ပေလောက်တူးပြီး စိုက်ကြတယ်။ မြက်မပေါက်တဲ့နွယ်ပင်တွေရှိတဲ့ဧရိယာ-ဘာပင်မှမပေါက်တဲ့ဧရိယာတွေကို ပထမနှစ်မှာ စိုက်ကြည့်ကြတယ်။

လေကာတန်းစိုက်တဲ့အခါမှာ ပင်လယ်ပြင်က လေတိုက်လျှင် ဒီလေကာတန်းကခံထားပြီး လေကကျော်ပြီး တိုက်သွား

ရမှာလေ။ အရာရာမှာသဘာဝကိုကျော်လွန်ပြီး မလုပ်မိဖို့အရေးအကြီးဆုံးပါ။ အဲဒီမှာ သစ်ပင်အတန်းဟာ"မ"ဂဏန်းရှိရပါမယ်။ ဆိုလိုတာက သုံးတန်း၊ ငါးတန်းနှင့် ခုနစ်တန်းရှိရမှာ။ စိုက်တဲ့အခါမှာလည်း စီတန်းပြီး တစ်ပင်နှင့်တစ်ပင် ၆' × ၆' ခြားပြီး စိုက်ရင် လေကအဲဒီအထဲကဖြတ်သွားမှာပေါ့။ အဓိက က"ဝက်ခေါင်းထိုး"ခေါ်တဲ့နည်းနဲ့ စိုက်ရပါတယ်။ ဒါတင်မကသေးဘူး။ လေစတိုက်တဲ့အပင်ဟာ အရွက်သေးရမယ်-အပင်အနိမ့်အမျိုးဖြစ်ရမယ်။ လေကာတန်းပင်စိုက်လျှင် အရေးအကြီးဆုံးက "သစ်ရွက်ကြီး"တာ မစိုက်ရပါဘူး။ ဥပမာ- ကျွန်းပင်၊ ဘင်္ဂ၊ ယမနေတို့ကို ရှောင်ရပါတယ်။ အရွက်အသေးမျိုး - ပင်လယ်ကဗွီး၊ မယ်ဇလီ၊ အော်ရီရှား စတဲ့ အရွက်အသေးတွေကို စိုက်ရပါတယ်။ ဝက်ခေါင်းထိုး ပုံစံကို ပုံနှင့်တကွ ရှင်းပြခွင့်ပြုပါ။

ဒါက (၅)တန်းစိုက်တဲ့အခါ အတန်းလိုက် တစ်ပင်စီခြားပြီး စိုက်တာကို ပြတာပါ။




နောက်တစ်ခါ တစ်တန်းနှင့်တစ်တန်း သစ်ပင်မျိုး ထားရမယ့်ကိစ္စကလည်း အရေးကြီးပါတယ်။ ပုံစံနှင့်ပြခွင့်ပြုပါ။




ဒီလိုစိုက်ရတဲ့သဘောကတော့ လေပြင်းတိုက်ခတ်လာသော် သစ်ပင်တွေကိုကျော်ပြီးမှ တိုက်ဖြစ်တဲ့သဘောပါ။



၂၀၀၈ ခုနှစ်မှာစပြီး စိုက်ခဲ့တယ် ခါတ်ပုံတွေနဲ့ တင်ပြအပ်ပါတယ်။ စစိုက်တဲ့နှစ် ပထမနှစ်စိုက်ပြီးတဲ့ အခါ ဒီဇင်ဘာလမှာ သေပင်ရှင်ပင်ရေတွက်ရပါတယ် အနည်းဆုံး(၈၀%)ရှင်ရပါမယ်။ သေတဲ့အပင်တွေကို ထပ်ဖြည့်စိုက်ရပါတယ်၊ ဒီဇင်ဘာလမှာရေတွက်ပြီး နောက်မိုးမှ ပြန်ဖာထေးရတာပါ။

ယခုတင်ပြခဲ့သလိုဘဲ ဒုတိယနှစ်ကြတော့ ပထမနှစ် အတွေ့အကြုံယူပြီး သင်ခန်းစာရပါတော့ တယ်။ မြက်ပေါက်တဲ့ ဧရိယာမှာစိုက်တဲ့သစ်ပင်က ရေကို မြက်နဲ့လုပြီးယူရတဲ့အတွက် အပင်ကြီးမှု နှေးကွေးသွား ပါတယ်။ နွယ်ပင်ခေါ်တဲ့ ပင်လယ်ကန်စွန်း(*Ipomoea pes-caprae*)ပေါက်တဲ့ဧရိယာက သစ်ပင်တွေက အကြီးမြန်တာတွေ့ရပါတယ်။ ပြောင်တလင်း ဧရိယာ ကတော့ သာမန်သာကြီးထွားမှုရပါတယ်။

ဒုတိယနှစ်မှာ ပိုပြီးအတွေ့အကြုံရတဲ့အတွက် ရလဒ်ပိုကောင်းခဲ့ပါတယ်။ သစ်မျိုးထဲမှာ အကြီးမြန်ဆုံး ကတော့ မန်ဂျန်ရှားနဲ့ အော်ရီရှားတို့ပါဘဲ၊ ပင်လယ် ကဗွီးခေါ်တဲ့ ပင်လယ်ထင်းရှူးလိုအပင်မျိုးက ဒုတိယနှစ် ကျမှ အကြီးနှုန်းတက်လာပါတယ်။ အတွေ့ကြုံအရ "ပင်လယ်ကန်စွန်း"ပေါက်တဲ့ ဧရိယာကိုရှာပြီး စိုက်ကြ ရတယ်။ သဲသောင်ပြင်မှာ(၆)မိုင်အရှည်ရှိတဲ့ "လေကာ တန်းသစ်တောကြီး" အောင်မြင်စွာ ဖြစ်ထွန်းလာပါ တော့တယ်။ ၎င်းအကျိုးကျေးဇူးများကို ဒေသခံပြည်သူ များမှအတည်ပြုတဲ့အချက်တွေ တင်ပြလိုပါတယ်။

(က) အရိပ်ရစေသည်။

(ခ) မြေဩဇာကောင်းလာသည်။

(ဂ) ရေရရှိမှုပိုလာတယ်။ ဥပမာ-ယခင်က သုံးပေမှရတဲ့ရေချိုသည် နှစ်ပေတွင်ရလာ တော့သည်။

(ဃ)ရှားပါးသော ထင်းအတွက် ကိုင်းများ ဖြတ်၍ ထင်းအဖြစ် အသုံးပြုရသည်။

စတင်စိုက်စဉ်က ဒေသခံတွေက သိပ်သဘောမတူလိုကြဘူး။ ဘာလို့လဲဆို တော့ အဲဒီ သောင်ပြင်ကို ဒေသခံတွေပိုင်တဲ့ လယ်တွေနဲ့ဆက် နေတော့ သူတို့ထင်တာက ဒီသစ်တောတွေကို ပိုင်ဆိုင်မှုချဲ့ပြီး နိုင်ငံ ပိုင်လုပ်မယ်လို့ ထင်တဲ့အတွက် သဘောမ တူကြတာပါ။ သောင်ပြင်အလျားလိုက်(၆) မိုင်၊ အကျဉ်းဆုံးနေရာက သစ်ပင်(၇)ပင် တန်း၊ အကျယ်ဆုံးက(၁၅)ပင်တန်း၊ ယခုလို စိုက်ပြီးတော့ သူတို့ကျေးရွာဒေသခံတွေကို လွှဲပေးခဲ့တာလေ။ ဒေသခံပြည်သူတွေ ကိုယ်တိုင်ကြီး ကြပ်ထိန်းသိမ်းနေကြပါတယ်။ အခြားသော မွန်၊ ကရင်နဲ့ တနင်္သာရီတို့မှာလည်း ဒီလိုလေကာတန်းအပင်တွေ စိုက်ပေးဖို့ လိုတာပေ့ါ။



၂၀၁၂ စိုက်ခင်းစတင်စိုက်ပျိုးစဉ် ပင်လယ်ကန်စွန်းများပုံ



၂၀၁၂ စိုက်ခင်းစိုက်စဉ် မြက်များရှိသော ဧရိယာ



၂၀၁၂ စိုက်ခင်းစိုက်ပျိုးနေစဉ်



၂၀၁၂ စိုက်ခင်း၏ ၂၀၁၅ အခြေအနေ

# မိသားစုလေးများ



ဒေါ်ဝင်းဝင်းနွယ်၊ တောအုပ်ကြီး၊ သစ်တောမျိုးရိုးဗီဇနှင့် ဇီဝနည်းပညာဌာနစု၊
သစ်တောသုတေသနဌာန

လူသားတိုင်း လူသားတိုင်း သက်ရှိလူသားတိုင်း မိသားစုလေးကို ပိုင်ဆိုင်ဖူးကြမှာဖြစ်ပါသည်။ သက်ရှိလူသားများတွင်မှ မဟုတ်ပါဘူး သက်ရှိအကောင်၊ ပိုးမွှားတိရစ္ဆာန်လေးမှအစ အပင်များအထိ ပိုင်ဆိုင်ကြမှာ မလွဲကေန်ဖြစ်ပါသည်။ ဤနေရာတွင် **မိသားစု** ဆိုသည့် အဓိပ္ပါယ်အား စောဒကတက်နိုင်ပါသည်။ သွေးနီးနေမှသာလျှင် မိသားစုဖြစ်ပါသလား။ အသိုက်အဝန်းတစ်ခုသာဖြစ်နေခဲ့လျှင် မိသားစုမည်သည်ဟု ထင်မြင်မိပါသည်။ အသိုက်အဝန်းတစ်ခုဖြစ်ဖို့ရန်လွယ်ကူသောကိစ္စရပ် ဖြစ်မည်မထင်ပါ။ ကျိုးကြောင်း ဆီလျော်အံဝင်ခွင်ကျဖြစ်မှသာလျှင် ဖြစ်တည်လာသော အရာတစ်ခုဖြစ်ပါသည်။ရပ်ကွက်ကြီး တစ်ခုကို မိသားစုအသိုက်အဝန်းအဖြစ် မြင်ကြည့်ပါလျှင် အနိမ့်အမြင့်မတူ၊ အရောင်အသွေး မတူသောအိမ်ကြီး တိုက်ကြီးတွေ၊ အိမ်သေးအိမ်ငယ်လေးတွေနဲ့ ပြည့်နှက်လို့နေပါသည်။ မိသားစုများသည်လည်း ဆင်းရဲချမ်းသာနှင့် အလွှာစုံလှပါသည်။ မိသားစုတစ်စုကို ရေတွက်ကြည့်လိုက်လျှင် အဖိုး၊ အဖွား၊ သား၊ သမီး၊ မြေး၊ မြစ်၊ တချို့ကျပြန်တော့ သူငယ်ချင်းများ၊ တစ်ကိုယ်တည်းသမားများ၊ မောင်နှမများ၊ ညီအစ်ကိုများ တွေ့ရတတ်ပါသည်။ မိသားစုတိုင်းသည် အရာအားလုံး အဆင်ပြေနေကြသည်တော့မဟုတ်ပါ။ လူဘဝကိုရလာပြီးကတည်းက ပြဿနာများကို အနည်းနှင့်အများ ရင်ဆိုင်လာကြရပါသည်။ မိသားစုအတွင်းမှာပင်လျှင် ပြဿနာများနှင့်မကင်းကြပါ။ လူကြီးမိဘများပြောပြောနေကြသော စကားတစ်ခွန်းအား ကြားဖူးပါသည်။ ''လက်ကလေးများတောင်မှ အတိုအရှည်မညီကြပါ၊ လူတစ်ယောက်နဲ့ တစ်ယောက် ဘယ်တူနိုင်ကြပါ့မလဲ။'' မည်သို့ပင်ဆိုစေကာမူ အပြန်အလှန်နားလည်မှုတွေ၊ ပေးဆပ်မှုတွေနဲ့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နေထိုင်ရပ်တည်လာနိုင်ခဲ့ကြပါသည်။

အပင်များတွင်လည်း မိသားစုရှိပါသလား။ မျိုးစိတ်တူ အပင်များနှင့် မျိုးစိတ်မတူ အပင်များဖြင့် အစုံပါဝင်နေကြပါသည်။ ၄င်းတို့နှင့် ပတ်သက်ဆက်စပ်နေသော ရေ၊ လေ၊ မြေ၊ ရာသီဥတုနှင့် သတ္တဝါများပင်လျှင် ပါဝင်ပါသေးသည်။ သစ်တောတစ်ခုအား ကြည့်လိုက်မည် ဆိုလျှင် အပင်များသည် သူ့အုပ်စုများနှင့်သူ၊ တချို့များမှာ ရောနှောပေါက်ရောက်နေသည်များလည်းတွေ့ရပါသည်။ အကောင်ပလောင် ကျေးငှက်သာရကာများလည်း ပေါများလှပါသည်။ အပင်များတွင်လည်း ပြဿနာများရှိပါသလား။ ''ဟုတ်ကဲ့'' သဘာဝဘေးအန္တရာယ်များပဲဖြစ်ပါသည်။ တစ်ခါတစ်ရံ အင်းဆက်ပိုးမွှားများ၊ တိရစ္ဆာန်များနှင့် လူသားများလည်းပါဝင်နိုင်ပါသည်။ သို့သော် အပင်များ၏မျိုးဆက်ပြန့်ပွားဖို့ရန် ၄င်းတို့သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပြန်ပါသည်။ လူသားတို့သည်လည်း ဟိုးရှေးနှစ်ပေါင်းများစွာကတည်းကပင် ၄င်းတို့အသက်ရှင်ရပ်တည်ရေးအတွက် အပင်နှင့် တိရစ္ဆာန်များအပေါ် ရပ်တည်လာခဲ့ကြပါသည်။ အပင်၊ တိရစ္ဆာန်နှင့် လူသားတို့သည် အံဝင်ခွင်ကျအချိတ်အဆက်မိမိနဲ့ နှစ်ပေါင်းအတော်ကြာကြာ ရပ်တည်လာခဲ့ကြပြီးပါပြီ။ အများပြောပြောနေကြသော **ဂေဟဗေဒစနစ်**(Ecosystem)တစ်ခုပဲဖြစ်ပါသည်။ **ဂေဟဗေဒစနစ်**ဟုဆိုလိုက်သည်နှင့် ကျွန်မတို့အဌမတန်းတွင် သင်ခဲ့ရဖူးသော **အစာကွင်းဆက်** ပိရမစ်ပုံအား သတိရမိပါသည်။ အပင်ကို အပင်စားသတ္တဝါများက စားသုံး၊ အပင်စားသတ္တဝါများကို အသားစားသတ္တဝါများမှစားသုံး ထိုမှတစ်ဆင့် ၄င်းတို့သတ္တဝါ နှစ်မျိုးစလုံးအား အခြားအသားစားသတ္တဝါကြီးများမှ ပြန်လည်စားသုံး၊ အပင်နှင့် သတ္တဝါများသေဆုံးသွားပါက ဘက်တီးရီးယားများမှ စားသုံးစသည်ဖြင့် **အစာကွင်းဆက်** အကြောင်းကို ဆရာမက သေချာစွာရှင်းပြ၍ ''အပင်များမရှိလျှင် ဘာတွေဖြစ်မလဲ၊ အပင်စားသတ္တဝါများမရှိလျှင် ဘာတွေဖြစ်လဲ''ဟုမေးခွန်းများ မေးမြန်းခဲ့ပါသည်။ အဖြေသည်ရိုးရှင်းလှပါသည်။ **အစားကွင်းဆက်** ပျောက်ကွယ်သွားပြီး သက်ရှိမျိုးနွယ်များရှိနိုင်တော့မည်မဟုတ်ပါ။

ယနေ့ခေတ်ကမ္ဘာကြီးတွင် **အစာကွင်းဆက်**များ ပျောက်ကွယ်သွားကြပြီလား။ ခြုံ၍ကြည့်လျှင် ပျောက်ကွယ်မှုမရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် အပင်နှင့်သက်ရှိသတ္တဝါများကျန်ရှိနေသေး၍ ဖြစ်ပါသည်။ သို့ပါသော်လည်း အပင်တချို့နှင့် သတ္တဝါတချို့သည် ပျောက်ကွယ်၍သွားကြပြီဖြစ်ပါသည်။ ၄င်းတို့ပျောက်ကွယ်သွားမည်ဆိုပါက သက်ရှိလူသားများသည်လည်း ကျန်ရှိတော့မည်မဟုတ်တော့ပါ။ လူသားအသိုက်အဝန်း ရေရှည်တည်ရှိနေရေးအတွက် ၄င်းတို့နှင့်ဆက်စပ်နေသော အပင်နှင့်တိရစ္ဆာန် အသိုက်အဝန်းများကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။ ထိန်းသိမ်းကြရမည်ဆိုရာတွင် ဦးစွာ ၄င်းတို့အားပျက်စီးပျောက်ကွယ်သွားစေသော အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်ရမည်မှာ မလွဲကေန်ဖြစ်ပါသည်။ လူဦးရေတိုးပွားမှုမှ အစချီကာ လူနေအိမ်များချဲ့ထွင်မှု၊ မြို့ပြတည်ထောင်မှု၊ စိုက်ပျိုးမြေချဲ့ထွင်မှု၊ သစ်တောများပြုန်းတီးမှု၊ သဘာဝသယံဇာတများအား အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝ

ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဒေသမျိုးရင်းများမဟုတ်သော မျိုးစိတ်များဝင်ရောက်မှုတို့ဖြစ်ပါသည်။ နိုင်ငံတကာတွင် ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုနှင့်ပတ်သက်၍ ကာကွယ်ထိန်းသိမ်းရေး အစီအစဉ်များ၊ ပညာပေးရေးအစီအစဉ်များနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် စသည်တို့အား အင်တိုက်အားတိုက် ဆောင်ရွက်နေကြပြီးဖြစ်ပါသည်။ ဥပမာအားဖြင့် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျန်ရှိနေသော သဘာဝသစ်တောများအား ကြိုးဝိုင်းတောများအဖြစ်ဖွဲ့စည်းခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသော သဘာဝအခြေခံစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူထု၏ပူးပေါင်းပါဝင်မှုသည် အရေးအကြီးဆုံး အခန်းကဏ္ဍမှ ပါဝင်နေပါသောကြောင့် ၎င်းတို့အား ပညာပေးဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်လုပ်ငန်းများတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နိုင်စေရန် တွန်းအားပေးခြင်း သို့မဟုတ် မက်လုံးများပေးခြင်း တို့ဖြစ်ပါသည်။

အလွန်အရေးကြီးသော အချက်တစ်ချက်မှာ လူသားတို့၏ သဘာဝပတ်ဝန်းကျင်အပေါ်တွင် တန်ဖိုးထားတတ်မှုနည်းခြင်းနှင့် လျစ်လျူရှုတတ်မှုကြောင့်ဟု ထင်မြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် အပင်နှင့်သတ္တဝါများသည် **ဂေဟဗေဒစနစ်** အတွင်း အပြန်အလှန်မှီခို ရပ်တည်လာခဲ့ကြပြီးပါပြီ။ ဘာကြောင့် **ဂေဟဗေဒစနစ်** ပျက်စီးသွားပါသလဲ။ လူသားတို့၏ လူဦးရေများပြားလာမှုနှင့်အတူ ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်လုပ်ဆောင်ခဲ့ကြသောကိစ္စရပ်များနှင့် ၎င်းတို့၏ အသက်ရှင်ရပ်တည်ရေးကို ဦးစားပေးခဲ့ခြင်းများကြောင့်သာဖြစ်ပါသည်။ လူသားတို့သည် ၎င်းတို့၏ ဘဝသာယာစိုပြည်ရေးသာမက ၎င်းတို့၏ သား၊ သမီး၊ မြေး၊ မြစ်တို့၏ နောင်ရေးအတွက်ပါ စဉ်းစားတွေးတောထားကြပါသည်။ ဆင်းရဲသောမိသားစုများပင်လျှင် ၎င်းတို့သားသမီးများ၏ စားဝတ်နေရေး အဆင်ပြေရေး၊ ဘဝအဆင့်အတန်းမြင့်မားရေးတို့ကို ဦးစားပေးတတ်ကြပါသည်။ ဤအကြောင်းအရာများအား ကြည့်ရှုခြင်းအားဖြင့် လူသားတို့သည် ၎င်းတို့မိသားစုအသိုက်အဝန်းများကို တန်ဖိုးထားတတ်ကြမှာ အမှန်ပင်ဖြစ်ပါသည်။ သို့ပါသော်လည်း အပင်နှင့် အခြားသတ္တဝါများ မရှိတော့ပါလျှင် လူသားမျိုးနွယ်လည်း ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ လူသားတို့သည် ၎င်းတို့၏ မိသားစုအား တန်ဖိုးထားတတ်သလို အပင်နှင့် အခြားသတ္တဝါများ၏ မိသားစု အသိုက်အဝန်းများကို တန်ဖိုးထားတတ်ရမည် ဖြစ်ပါသည်။ ထို့အပြင် လူသားတို့သည် ၎င်းတို့၏ တာဝန်ယူတတ်မှုကိုပါ ပြသရမည် ဖြစ်ပါသည်။

ယခုအချိန်အခါတွင် နိုင်ငံတကာမှ ပညာရှင်များနှင့် အဖွဲ့အစည်းများသည် ယခုမျိုးဆက်အတွက်သာမက နောင်မျိုးဆက်လူသားများအတွက်ပါ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ်ရန် ကြိုးပမ်းနေကြပြီဖြစ်ပါသည်။ ကျွန်မတို့သည် ပညာရှင်များကဲ့သို့ ကမ္ဘာနှင့်ချီ၍ မဆောင်ရွက်နိုင်ပါသော်လည်း တစ်ဖက်တစ်လမ်းမှပါဝင်ကြရန် လိုအပ်လာပါပြီ။ ဥပမာအားဖြင့် အစားအသောက်များစားရာတွင် မိမိကုန်နိုင်သလောက်ကိုသာထည့်၍ စားသောက်ခြင်း၊ မျက်နှာသစ်ရာတွင် ရေပန်းဖွင့်၍သစ်ခြင်းထက် ရေခွက်နှင့် လိုသလောက်ထည့်၍ သစ်ခြင်း၊ ရေချိုးရာတွင်လည်း ရေပုံးထက် ရေခွက်နှင့်သာချိုးခြင်း၊ သောက်သုံးဆေးကြော၍ မရသောရေများအား ပန်းပင်သစ်ပင်များအား ရေလောင်းပေးခြင်း၊ ညအိပ်ချိန်တွင် မီးများပိတ်ခြင်း၊ ညအိပ်လျှင် သီချင်းဖွင့်၍ အိပ်ခြင်းမှ ရှောင်ရှားခြင်း၊ နေ့အချိန်တွင် မလိုအပ်ပါက မီးပိတ်ခြင်း၊ စာကျက်/ အလုပ်လုပ်ရင်းဖြင့် တီဗွီ/ရေဒီယိုများအား ပိတ်ထားခြင်း၊ လျှပ်စစ်သုံးစွဲခြင်းကို ချွေတာသုံးစွဲခြင်း၊ အလွန်အကျွံ ဂိမ်းကစားခြင်း၊ လူမရှိဘဲ ပန်ကာ/တီဗွီဖွင့်ထားခြင်း၊ အားသွင်းကြိုးများအား မဖြုတ်မိခြင်းတို့မှရှောင်ရှားခြင်း၊ ဈေးဝယ်သွားရာတွင် လက်ဆွဲခြင်းယူသွားခြင်း၊ ကျွတ်ကျွတ်အိတ်များ/ ပလတ်စတစ်များအားလျှော့သုံးခြင်း၊ အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း၊ ဖြစ်နိုင်ပါက ကိုယ်ပိုင်ယာဉ်ထက် အများသုံးယာဉ်များအား ပိုမိုသုံးစွဲပေးခြင်း၊ စွမ်းအားမြင့်မီးဖိုများသုံးစွဲ၍ ထင်းမီးသွေးသုံးစွဲမှုအားလျှော့ချခြင်း၊ တစ်နိုင်တစ်ပိုင် သစ်ပင်စိုက်ပျိုးခြင်း စသည်တို့အား တတ်စွမ်းသလောက် ဆောင်ရွက်သင့်ပါသည်။

လူတချို့က ထင်မိကြမည် ထင်ပါသည်။ မိမိတို့မှာ သယံဇာတများကို ချွေတာသုံးနေပါသော်လည်း အခြားသူများမှာ ရက်ရက်ရောရောသုံးစွဲနေသည်၊ မိမိတို့ချွေတာရုံဖြင့် ကမ္ဘာကြီးသည် ကောင်းလာမည်မဟုတ်။ ထိုမှတစ်ဆင့် ၎င်းတို့ကိုယ်တိုင်ပင် ဤကဲ့သို့ ရက်ရက်ရောရော ပြန်လည်သုံးစွဲလာကြမည်’ဟု ထင်မြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မကိုယ်တိုင်ပင်လျှင် တစ်ခါတစ်ရံ ထိုသို့သောအတွေးမျိုးများ ဝင်လာမိတတ်သောကြောင့်ပင်ဖြစ်ပါသည်။ လူကြီးသူမများ ဆိုဆုံးမခဲ့ကြသကဲ့သို့ နှမ်းတစ်စေ့နှင့် ဆီမထွက်သော်လည်း စုပါများရင် တောင်ပို့ဖြစ်လာပါသည်။ ထို့ကြောင့်ပင် တစ်ဦးတစ်ယောက်မှ စတင်ကာ အသင်းအဖွဲ့၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း၊နိုင်ငံ ထိုမှတစ်ဆင့် တစ်ကမ္ဘာလုံးအထိ မိမိတို့၏သဘာဝပတ်ဝန်းကျင်အား တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မိမိတို့၏မိသားစု အသိုက်အဝန်းအား ကာကွယ်ထိန်းသိမ်းရာရောက်မည် ဖြစ်ပါသည်။



## နှစ်ကျိပ်ရှစ်ဆူသောဘုရားရှင်တို့၏ ပွင့်တော်မူရာပွင့်ရာဗောဓိပင်များ

| စဉ် | ဘုရားနာမတော် | ပွင့်ရာဗောဓိ | သိပ္ပံအမည် |
|---|---|---|---|
| ၁ | တဏှင်္ကရာ | လက်ပံခါး | *Alstonia scholaris L.* |
| ၂ | မေဓင်္ကရာ | မအူ | *Anthocephalus cadambaMiq.* |
| ၃ | သရဏင်္ကရ | ပေါက်ပင် | *Butea monosperma (Lam) O.Ktze.* |
| ၄ | ဒီပင်္ကရာ | ညောင်ကြပ် | *Ficus longifoliaRoxb.* |
| ၅ | ကောဏ္ဍည | နဘဲ | *Lannea grandisEhgl.* |
| ၆ | မင်္ဂလ | ကံ့ကော် | *Mesua ferrea L.* |
| ၇ | သုမန | ကံ့ကော် | *Mesua ferrea L.* |
| ၈ | ရေဝတ | ကံ့ကော် | *Mesua ferrea L.* |
| ၉ | သောဘိတ | ကံ့ကော် | *Mesua ferrea L.* |
| ၁၀ | အနောမဒဿီ | ထောက်ကြန့် | *Terminalia tomentosa W.& A(Pt)* |
| ၁၁ | ပဒုမ | ကြောင်လျှာ | *Oraxy lumindicum Vent. ; Bignonia indica* |
| ၁၂ | နာရဒ | ကြောင်လျှာ | *Oraxy lumindicum Vent. ; Bignonia indica* |
| ၁၃ | ပဒုမုတ္တရ | ထင်းရှူး | *Pinuskesiya ; P. insularis ; P. merkusii* |
| ၁၄ | သုမေဒ | တမာကြီး | *Azadirachta indica ; Melia burmanica ; M.robusta* |
| ၁၅ | သုဇာတ | ကြခတ်ဝါး | *Bambusa arundinacea (Retz)* |
| ၁၆ | ပိယဒဿီ | ရေခါးတက် | *CrataevahygrophilaKz ; C.lophospermaKz* |
| ၁၇ | သတ္ထဒဿီ | စကားဝါ | *Michelia champaca L.* |
| ၁၈ | ဓမ္မဒဿီ | သံသတ်/ လိပ်ဆူးရွေ | *Albizzia lucidaBenth./ Barleria pubifolraBenth.* |
| ၁၉ | သိဒ္ဓတ္ထ | မဟာလှေကား | *Cochlospermumreligiosum (L.) Bauhinia acuminata L.* |
| ၂၀ | တိဿ | ပိတောက် | *Pterocarpus macrocarpusK .* |
| ၂၁ | ဖုဿ | သျှိသျှား | *Phyllanthus simp25lex Retz* |
| ၂၂ | ဝိပဿီ | သခွတ် | *DolichandroneatrovirensSprague . DolichandronefalcataSeem . Bignonia spathaceaRoxb .* |
| ၂၃ | သိခီ | သရက်ဖြူ | *Mangifer aindica L.* |
| ၂၄ | ဝေဿဘူ | အင်ကြင်း | *Shorea siamensis(Kz) Miq .* |
| ၂၅ | ကကုသန္ဓ | ကုက္ကို | *Albizzia lebb3ekBenth.* |
| ၂၆ | ကောဏာဂမန | ရေသဖန်း | *Ficus glomerataRoxb.; F.Lanceolata* |
| ၂၇ | ကဿဖ | ပညောင် | *Ficus indica L.* |
| ၂၈ | ဂေါတမ | ဗောဓိညောင် | *Ficus religiosa L.* |
| ၂၉ | အရိမေတ္တေယျ | ကံ့ကော် | *Mesura Ferra L* |

# ရေအိမ်ဒိုကာ

အောင်ခင်(သစ်တော)

## နိဒါန်းအစ၊ ပထမ

အိမ်သာကို ရေအိမ်၊ သန့်စင်ခန်း၊ ကုဋီ စသည်ဖြင့် ပြောကြသလို၊ အင်္ဂလိပ်လိုဆိုရင်လည်း Toilet, Lavatory, Rest room, Public convenient house စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ကြပါတယ်။ အညစ်အကြေးစွန့်ပစ်ရာနေရာဖြစ်လို့ တခြားနေရာထက်စာရင် ရှုစရာနေရာပါ။ ဒါကိုပဲ အမျိုးမျိုးငြိကာချဲ့ပြီးပြောမှာမို့ ရှုတတ်သူများ အစာမစားခင် မဖတ်မိပါစေနဲ့လို့ ရှေးဦးစွာ တိုက်တွန်း မေတ္တာရပ်ခံလိုပါတယ်။

အမှန်တော့ ရှုရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ဗိုက်ကြီးတွေ၊ အစာအိမ်ကြီးတွေက စပြီးရှုရမှာပေါ့နော်။ ပဋိသန္ဓေဒုက္ခကိုဟော ပြောကြရာမှာ အစာဟောင်းအိမ်ပေါ်ထိုင်၊ အစာသစ်အိမ်ကို ရွက်ထားရတဲ့ သန္ဓေသားရဲ့ ဒုက္ခ၊ လူ့ဘဝကိုမရောက်ခင်အမိဝမ်းတွင်းမှာထဲက ဒုက္ခပေါ့ဗျာ၊ အဲဒီအစာသစ်ကနေ အဟောင်းဖြစ်၊ အစာဟောင်းကနေ မစင်အဖြစ်နဲ့ သင့်လျော်တဲ့နေရာမှာ စွန့်ပစ်ကြရတာပါ။ ကိုယ်စွန့်ပစ်တဲ့နေရာမှာ အမြဲတမ်း ညစ်ပတ်နံစော်နေရင် မယဉ်ကျေးတဲ့လူဖြစ်သွားမှာပေါ့။ ဒါကြောင့်ကိုယ့်ကိစ္စပြီးရင် သန့်ရှင်းအောင်လုပ်ခဲ့ဖို့ တချို့ရေအိမ်တွေမှာ စာကပ်ထားတာတွေ့ဖူးပါတယ်။ တချို့က တာဝန်မသိတတ်ဘူး။ တချို့က မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆပေါ့ဗျာ။

တိရစ္ဆာန်ဖြစ်တဲ့ကြောင်ကလေးတွေ တောင်မှ သူတို့ကိစ္စပြီးရင် သူတို့အညစ်အကြေးကို သဲနဲ့မြေကြီးနဲ့ပြန်ပြီး ယက်ဖုံးခဲ့ကြတာတွေ့ဖူးမှာပါ။ လူဆိုတာ တိရစ္ဆာန်ထက် မြင့်မြတ်တာမို့ သိပ်ပြောဖို့တောင် မလိုဘူးထင်ပါတယ်။

## သစ်တောအင်ယာ၊ လေ့လာစဉ်က

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတုန်းက ရန်ကုန်တက္ကသိုလ်လို့ မခေါ်ကြသေးဘူး။ ရန်ကုန်ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ် (Rangoon Arts and Science University -RASU)လို့ခေါ်ကြတာ။ သစ်တောပညာဌာနမှာ ဌာနမှူး/ပါမောက္ခက ရာထူးအကြီးဆုံးပဲ။ ပါမောက္ခဆရာကြီး ဦးထွန်းကျော်ဆိုတာ သူ့ခေတ်သူ့အခါမှာ အင်မတန် ထင်ပေါ်ကျော်ကြားတဲ့ ဆရာကြီးပါ၊ အဲဒီဆရာကြီးက ကျွန်တော်တို့ကို သစ်တောအင်ဂျင်နီယာသင်ပါတယ်။ သစ်တောလမ်းဖောက်တာ၊ တံတားဆောက်တာ၊ အဆောက်အဦဆောက်တာတွေကို သင်ကြားပါတယ်။ မြန်မာလို၊ အင်္ဂလိပ်လို ဝေါဟာရစွယ်စုံကြွယ်ဝစွာ၊ တိကျစွာသင်ပေးတဲ့ ဆရာကြီးပါ။ ကျွန်တော့်လို အညတြတပည့်တစ်ဦးက ဆရာကြီး တော်ကြောင်းချီးမွမ်းရင်-ယောအတွင်းဝန် ဦးဖိုးလှိုင်ရေးတဲ့ ကျမ်းတွေဘယ်လောက်ကောင်းတယ် ဘာညာနဲ့ စာမတတ်တဲ့သူ့တပည့်က ချီးမွမ်းသလိုဖြစ်မှာစိုးရိမ်ရပါတယ်။ ဒါကြောင့် လိုရင်းကလေးပဲပြောပါမယ်။

Contour map တွေကို ကြည့်လိုက်ရင် မြေပုံပေါ်မှာ FRH ဆိုတဲ့အမှတ်အသားလေးတွေ ပြထားတာတွေ့ဖူးကြမှာပါ။ ဟိုတုန်းက FRH တွေကို တစ်နေရာနဲ့တစ်နေရာ မိုင်(၂၀)ထက်ပိုမဝေးဘဲ နိုင်ခန့်စွာ ဆောက်လုပ်၊ အသုံးပြု၊ ထိန်းသိမ်းခဲ့ကြပါတယ်။ တောတွင်းအလုပ်များလုပ်ကိုင်ရာမှာ စခန်းချလုပ်ကိုင်နိုင်ကြဖို့ဖြစ်ပါတယ်။ အင်္ဂလိပ်သစ်တောအရာရှိများ တည်းတဲ့နေရာမို့လို့ ဘိုတဲလို့ခေါ်ကြပါတယ်။ အဲဒီ FRH လို့အတိုကောက်ရေးသားဖော်ပြထားတဲ့ သစ်တောဘိုတဲ(Forest Rest House)တွေကို တည်ဆောက်တဲ့နည်းပညာများကို အသေးစိတ်ပို့ချပြီးတဲ့အခါ ဆရာကြီးကမေးပါတယ်။ "မောင်တို့၊ အိမ်တော့ဆောက်ပြီးပြီ၊ ဘာဆောက်ဖို့ကျန်သေးသလဲ" လို့ ကျောင်းသားတွေက မဖြေတတ်တော့ သူ့ဘာသာပဲဆက်ပြောတယ်၊ "ဆောက်ပြီးတဲ့အိမ်ကြီးသာယာအောင်၊ ကျန်းမာရေးနဲ့ ညီညွတ်စွာနေထိုင်နိုင်အောင် 'အိမ်သာ' ဆောက်ဦးမယ်"တဲ့။ ပြီးတော့ အိမ်သာကို ဘယ်နေရာဆောက်သင့်တယ်။ ဘယ်လိုပစ္စည်းမျိုးတွေနဲ့ တောထဲမှာဆောက်နိုင်တယ်၊ ကျင်းဘယ်လိုတူးသင့်တယ် စသဖြင့် အသေးစိတ်ထပ်ပြီးပြောပြပါတယ်။ Rest House ပြီးတော့ Rest Room ပေါ့ဗျာ။

## အလုပ်ဝင်စ၊ စိုက်ခင်းလက်ထောက် ဘဝ

ကျွန်တော်တို့ဘွဲ့ရပြီး မကြာခင်မှာပဲ ရန်ကုန်တိုင်း၊ အင်းစိန် သစ်တောနယ်မှာ စိုက်ခင်းလက်ထောက်အဖြစ် အလုပ်ဝင်ခဲ့ပါတယ်။ အဲဒီအချိန်က မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအနီးက ဝါးနက်ချောင်းကြိုးဝိုင်းမှာ ယူကလစ်တွေစိုက်ခဲ့ရပါတယ်။ အဲဒီတုန်းက သစ်တောမင်းကြီးလာမယ်၊ စိုက်ခင်းစစ်မယ်ဆိုတော့ နယ်စီးတောအုပ်ကြီးပြာယာခတ်ပြီပေါ့။ ကျန်တာတွေမပြောတော့ပါဘူး။ မင်းကြီးသုံးဖို့ရေလောင်းအိမ်သာတစ်လုံး အားချင်းပြီးအောင် ဆောက်ရတယ်၊ ပလတ်စတစ်ပုံစံခွက်နဲ့ ပိုက်နဲ့သန့်ရှင်းသပ်ရပ်လုံခြုံနိုင်ခန့်စွာဆောက်တာပါ။

နဂိုကတည်းက ကျွန်တော်တို့စိုက်ခင်းလက်ထောက်တွေသုံးတဲ့ အိမ်သာလည်းရှိပြီး သန့်ရှင်းစွာအသုံးပြုနေကြတာပါ။ တိုင်းမင်းကြီးလာမည်ဆိုတော့လည်း နယ်စီးတောအုပ်ကြီးက ထူးရှယ်လုပ်တာပေါ့ဗျာ၊ မင်းကြီးက ညနေပိုင်းရောက် ညအိပ်ပြီး နောက်နေ့နံနက်ပိုင်း စိုက်ခင်းစစ်ကြတယ်။ အပြန်ကျတော့ မင်းကြီးကကျန်တဲ့လူတွေ စခန်းကိုပြန်နှင့်ကြ။ တောခေါင်းတစ်ယောက်ပဲ ဒီနားမှာငါ့ကိုစောင့်ဆိုပြီး မင်းကြီးက တောထိုင်တော့တာကိုး။

နောက်မှပြောသေးတယ်၊ မြို့မှာဆိုရင် တောထိုင်လို့မရဘူး။ တောထဲရောက်မှ တောထိုင်လို့ရတာတဲ့၊ ဒါလည်း တောမှာပဲ ခံစားလို့ရတဲ့အရသာတစ်ခုပဲတဲ့၊ တောအုပ်ကြီးဆောက်ထားတဲ့ အိမ်သာအသစ်စက်စက်ကိုတော့မသုံးဘဲ တောထဲမှာပဲ တောထိုင်တဲ့မင်းကြီး စပြီးကြုံရတာပါပဲ။

အဲဒီမင်းကြီးပြောတာ တစ်ခုရှိသေးတယ်။ သူ နိုင်ငံခြားပညာတော်သင်သွားတုန်းက အဲဒီကအိမ်သာတွေဟာ သန့်ရှင်း

ပြီး၊ မကောင်းတဲ့အနံ့အသက် လုံးဝမရှိဘူးတဲ့၊ အိမ်သာခွက်ပေါ်မှာထိုင်ပြီး ခေါက်ဆွဲစားရင်တောင်ရလောက်တယ်တဲ့၊ ကြားဖူးတာလေးပြောပြတာပါ။

ဟိုတလောက TV မှာတွေ့လိုက်တယ်၊ မင်းကြီးလို ဗိုလ်ထိုင်အိမ်သာခွက်ပေါ်မှာ ထိုင်ပြီး စားလို့ရတဲ့အကြောင်းတင်မကတော့ဘူး။ ဗိုလ်ထိုင်ခွက်ထဲမှာ အစားအသောက်မျိုးစုံထည့်ပြီး စားပြနေကြတာ တရုတ်ပြည်က စားသောက်ဆိုင်တစ်ခုမှာ ထမင်းဟင်းထည့်တဲ့ ပန်းကန်လုံး၊ ပန်းကန်ပြားတွေအစား ဟင်းရေသောက် အလယ်တည် ပန်းကန်လုံးကြီးအရွယ် ဗိုလ်ထိုင်ခွက်ပုံစံခွက်ကလေးတွေနဲ့ စားနေကြတာ၊ ကြည့်ရတာ ကြက်သီးထချင်စရာပါ။ စားတဲ့ လူတွေကတော့ တပြုံးပြုံးနဲ့ပါ၊ ပုံစံခွက်ကလေးတွေကလည်း အဖြူရောင်ကြွေသားသန့်သန့်လေးတွေမဟုတ်ဘူး၊ ညိုညိုညစ်ညစ်ကွက်တိကွက်ကြားနဲ့ ရွံစရာအသဲယားချင်စရာဒီဇိုင်းနဲ့ပါ။ စာရှုသူမိတ်ဆွေများ အော်ဂလီဆန်မှာစိုးတာကြောင့် ဆက်မပြောတော့ပါဘူးဗျာ။

## တောအထိုင်မတတ်လို့ လာဘ်လွဲရတဲ့ဆရာ

တောထိုင်တဲ့စကား စမိတော့ ကြားဖူးတာလေးတစ်ခုလောက် ပြန်ပြောချင်တယ်။ ရွာတစ်ရွာက လူနာရှင်(၂)ဦးဟာ ဆေးဆရာပင့်ဖို့ တောလမ်းအတိုင်း တခြားရွာကိုလာခဲ့သတဲ့၊ ကံအားလျော်စွာ တောလမ်းခရီးမှာပဲ ဆေးဆရာဆိုတဲ့ လူနဲ့တွေ့တယ်။ တွေ့တဲ့အချိန်မှာ ဆရာကလည်း တောထိုင်ချင်တာနဲ့ သူ့ဆေးလွယ်အိတ်ကို လူနာရှင်တွေဆီမှာ ခဏအပ်ပြီး တောထိုင်တယ်တဲ့။ ပြီးမှလူနာရှင်တွေဆီပြန်လာတယ်။ ဒီအခါမှာ လူနာရှင်တစ်ယောက်က ဆရာတောထိုင်တာ ဘယ်ဘက်လှည့်ပြီး ထိုင်သလဲလို့မေးပါလေရော၊ လိုရင်းကိုတိုတိုပြောရရင် ဆရာက လေတိုက်တဲ့ဘက်ကိုကျောခိုင်းပြီးထိုင်မိတယ်။ ဒါဆိုရင်ကိုယ့်ရဲ့မကောင်းတဲ့ အနံ့အသက်တွေကို လေကအနောက်ဘက်ကို သယ်သွားမှာပေါ့။ ဒါလေးတောင် မစဉ်းစားတတ်တဲ့ ဆရာကို လူနာအပ်လို့ မဖြစ်ပါဘူး၊ တခြားဆရာရှာမှဖြစ်မယ်ဆိုပြီး လူနာရှင်တွေက ခရီးဆက်သွားတယ်တဲ့၊ ဒါကြောင့် တောအထိုင်မတတ်တဲ့ဆရာ လူနာမရဘဲ လာဘ်နဲ့လွဲခဲ့ရတာပေါ့ဗျာ။

## ဘိုးတော်နဲ့ ပေါ်ဦး

တောထိုင်တဲ့ ရာဇဝင်အဖြစ်အပျက်တစ်ခုဆက်ပြောပါရစေဦး။ တစ်နေ့မှာ ဘိုးတော်ဘုရားက အမတ်ကြီး ဦးပေါ်ဦးကို 'လောကမှာ ဘယ်အရာဖိမ်အရှိဆုံးလဲ'လို့ မေးတယ်။ ဦးပေါ်ဦးက 'အိမ်သာတက်ချင်တဲ့အချိန်မှာ တက်လိုက်ရတာ ဖိမ်အရှိဆုံးပါပဲဘုရား'လို့ ပြန်ပြီးလျှောက်တင်တယ်။ ဘိုးတော်ကသိပ်ကျေနပ်တော်မမူလို့ ဘာမှဆက်မပြောဘဲ ဆိတ်ဆိတ်နေတော်မူတယ်တဲ့။

ဦးပေါ်ဦးလည်း ဘုရင်ကြီးကိုလက်တွေ့ပညာပေးမှဖြစ်မယ်လို့တွေးပြီး စီမံကိန်းချတယ်။ စားတော်ကဲတွေကို ဘုရင်ကြီးဝမ်းနုန်းမယ့်အစာတွေကို ပွဲတော်တည်ရအောင်စီစဉ်တယ်၊ ပြီးမှဖောင်တော်နဲ့ ဧရာဝတီမြစ်ကြောင်းထဲကို Sight Seeing ခေါ်သွားတယ်။ ဝမ်းနုန်းစာတွေတန်ခိုးပြတော့ မင်းကြီးက အိမ်သာတက်ချင်လာတယ်။ ဖောင်ကိုကမ်းကပ်ခိုင်းတယ်။ ဦးပေါ်ဦးက မကြားချင်ယောင်ဆောင်ပြီး ဖောင်ကိုဆက်စုန်လာတယ်။ မင်းကြီး မအောင့်အီးနိုင်တဲ့အခြေအနေရောက်မှ ဖောင်တော်ပေါ်မှာပဲ တင်းတိမ်ကဗ္ဗလာတွေကာရံပြီး အရေးပေါ်အိမ်သာလုပ်ပေးလိုက်တယ်။ အဲဒီကျမှ မင်းကြီးလည်း လွယ်ထားလို့မရတဲ့အန္တရာယ်တွေကို အိမ်သာထဲ ကပျာကယာပြေးဝင်ပြီး အားရပါးရစွန့်ပစ်တော်မူရပါတော့တယ်။ အဲဒီအချိန်မှာ ဦးပေါ်ဦးက ယာယီအိမ်သာအနားကပ်ပြီး မင်းကြီးကို'အရှင်မင်းကြီး လောကမှာဘယ်အရာက ဖိမ်အရှိဆုံးလဲဆိုတာကို သိပါပြီလားဘုရား' လို့ တိုးတိုးလေးမေးသတဲ့၊ အဲဒီအခါမှာ ဘုရင်ကြီးလည်း ပေါ်ဦးလက်ချက်ဆိုတာသိပြီး 'မောင်မင်းပြောတာမှန်ပါပေတယ်ကွယ်'လို့ လေသံပျော့ပျော့လေးနဲ့ လှမ်းပြောရတော့တယ်တဲ့။

အမှန်တော့ ဘုရင်ကြီးက တောထိုင်တာလို့ပြောလို့မရဘူး၊ မြစ်ထဲမှာ၊ ဖေါင်ပေါ်မှာ ထိုင်တာဖြစ်လို့ မြစ်ထိုင်တာ၊ ဖေါင်ထိုင်တာလို့ပြောရမှာပေါ့နော်။

## ကြီးဒုက္ခ၊ အိုဒုက္ခ

ခရီးသွားရတာ ဝါသနာပါတဲ့အလျောက်၊ အတွေ့အကြုံ၊ ဗဟုသုတလည်းတိုး၊ အပန်းဖြေသဘောလည်းပါတဲ့ခရီးမျိုးကို ကျွန်တော်သွားချင်နေတုန်းပါပဲ။ ဒါပေမဲ့ ဒူးကနာ၊ ခါးကနာနဲ့ စိတ်သွားတိုင်း ကိုယ်မပါတော့ပါဘူး။ ကားဆောင့်တာ၊ ကားကြပ်တာ၊ ရာသီဥတုပူပြင်းတာ၊ အစားအသောက်ညံ့တာတွေကို အောင့်အီးသည်းခံနိုင်ပေမဲ့ သည်းမခံနိုင်တာကတော့ အပေါ့အလေးစွန့်ရတဲ့ကိစ္စပါပဲ။ လမ်းခရီးမှာ အိမ်သာသွားချင်လို့ ညစ်ပတ်နံစော်တဲ့အိမ်သာမျိုးနဲ့ ကြုံခဲ့ရင် မဟာဒုက္ခပါပဲ။ အောက်ကထွက်ရမဲ့ ပစ္စည်းတွေဟာ အထက်ကိုဆန်ပြီးဒုက္ခပေးတော့တာပါပဲ။ ပြောခဲ့သလို ဒူးနာ၊ ခါးနာနဲ့ဆိုတော့ ဗိုလ်ထိုင်အိမ်သာသန့်သန့်လေးလည်း ထိုင်ချင်သပေါ့။

အဝေးပြေး Express ကားတွေနဲ့ ခရီးသွားဖူးသူတိုင်း ကြုံဖူးကြပါလိမ့်မယ်။ ကားဆရာတွေက သူတို့နဲ့ချိတ်ဆက်ထားတဲ့၊ မိတ်ဖွဲ့ထားတဲ့ဆိုင်တွေမှာ ရပ်နားပါတယ်။ အဲဒီဆိုင်တွေက များသောအားဖြင့် အိမ်သာတွေ ညစ်ပတ်နံစော်နေတတ်ပါတယ်။

ရန်ကုန်-မန္တလေး အမြန်လမ်း(၁၁၅) မိုင်စခန်းနဲ့အလားတူစခန်းကြီးတွေက အိမ်သာတွေကတော့ အတော်အသင့်သန့်ကြပါတယ်။ ဆိုင်စဖွင့်ခါစကပိုသန့်ပြီး၊ တဖြည်းဖြည်းနဲ့ သန့်ရှင်းမှုလျော့ကျအားနည်း လာကြပါတယ်။ အမြန်လမ်းပေါ်မှာပဲ အများပြည်သူသုံးအိမ်သာဆိုပြီး ဆောက်လုပ်ပေးထားတာတွေလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ညစ်ပတ်နံစော်ပြီး၊ ရေမလာဘာမလာ၊ သန့်ရှင်းရေးလုပ်မဲ့လူမရှိ၊ ဒါပေမဲ့ဝင်ကြေးကောက်မဲ့လူတော့ရှိတယ်။ အနံ့အသက်တွေကလည်း ဆိုးရွားပါ့။ အံ့သြဖို့ကောင်းတာက အဲဒီနားတစ်ဝိုက်မှာ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အစားအသောက်ရောင်းတဲ့ဆိုင်လေးတွေ ဖွင့်ထားကြတာပါပဲ။ စားတဲ့လူတွေကလည်း တရှိန်းရှိန်းနဲ့ အနံ့ကမကောင်းတော့ အရသာလည်း မခံစားပဲ ဗိုက်ဆာတာပြေရင်ပြီးရောဆိုပြီး မုန့်ကို လက်ဖက်ရည်နဲ့ မျှောချနေကြသလားမသိတာနော့။

## တပည့်အိုများက ဆရာများအား ဂါရဝပြုခဲ့စဉ်

၁၉၇၆ ခုနှစ်မှာ သိပ္ပံဘွဲ့ရခဲ့တဲ့ ကျွန်တော်တို့ တပည့်ကြီးများအားလုံး အသက်(၆၀)ကျော်ပါပြီ၊ ကျွန်တော်တို့ကို ပညာသင်ကြားပေးခဲ့တဲ့ ဆရာကြီးများကတော့ (၈၀)၊ (၉၀)ကျော်တွေအထိရှိနေကြပြီပေါ့။ ဆရာအိုကြီးများကို တပည့်အိုကြီးများက တစ်အိမ်တက်ဆင်းလိုက်ပြီး ဂါရဝပြုကန်တော့ကြပါတယ်။ ဆရာကြီးတစ်ယောက်ရဲ့

အိမ်မှာ ဆရာကိုကန်တော့အပြီး အချို့က အိမ်သာမေးပြီးအပေါ့သွားကြတယ်။ ဆီးချိုရောဂါရှင်တစ်ယောက်ကတော့ မအောင့်နိုင်တော့လို့ အိမ်ရှေ့ဝင်းထရံဘေးမှာ 'လမ်းဘေးသေးပန်းဖော်တီဝမ်း' လုပ်ခဲ့ရပါသေးတယ်။ သူငယ်ချင်းတော်တော်များများက ဆီးချို၊ သွေးချိုရှိကြတယ်။ ခဏခဏအပေါ့သွားချင်တာပေါ့။ ဆရာကတော်တွေက စေတနာနဲ့တိုက်ကျွေးတဲ့ လက်ဖက်ရည်၊ ကော်ဖီနဲ့မုန့်တွေကြောင့်လည်းဖြစ်မယ်။ နောင်နှစ်တွေကျရင် ဒီလူတွေကို ဘာမှမတိုက်မကျွေးပါနဲ့လို့ အမတို့ကိုပြောရမယ်။

အသက်(၉၀)ကျော် ဆရာကြီး အိမ်ရောက်တော့ ကျွန်တော်အိမ်သာဝင်ခဲ့ရပါတယ်။ အဲဒီဆရာကြီးရဲ့အိမ်သာမှာ မင်းတုံးဂျက်မရှိဘူးဗျာ။ အသက်ကြီး လူကြီး အိမ်သာထိုင်ရင်း မူးမော်နေရင် ဖွင့်မရမှာစိုးရိမ်လို့နဲ့တူပါရဲ့၊ ဒါကြောင့် ကျွန်တော်လည်း ကိုယ့်အိမ်မှာဆိုရင် ဂျက်မထိုးတော့ဘူး။ အရေးအကြောင်းဆိုရင် တံခါးကိုချက်ချင်း အလွယ်တကူ ဖွင့်လို့ရအောင်လေ။

နောက် ဆရာတစ်ယောက်အိမ်ရောက်ပြန်တော့နောက်တစ်ကြိမ်ထပ်ပြီး ကျွန်တော် အိမ်သာဝင်ရပြန်ရော၊ အဲဒီနေ့က ဝမ်းကသိပ်မကောင်းဘူး။ ဆရာကတော်ကို အိမ်သာနေရာမေးပြီး သူ့ကလေးတွေသုံးတဲ့ အိမ်သာထင်ပါရဲ့ ကျေးဇူးတင်စွာသုံးခဲ့ရပါတယ်။

ထူးခြားတာလေးမြင်ခဲ့လို့ ဖောက်သည်ချပါရစေဦး။ အဲဒီအိမ်ကအိမ်သာက ကြမ်းခင်းကို မြက်ပင်ကလေးတွေ ထောင်နေသလိုလုပ်ထားတဲ့ ပလတ်စတစ်မြက်ခင်းများခင်းထားတယ်။ အစိမ်းရောင်မြက်ခင်းလိုပဲ။ ခြေမချော်နိုင်ဘူးပေါ့၊ စောစောပိုင်းက သစ်တောမင်းကြီးပြောသလိုပဲ၊ အိမ်သာထဲခေါက်ဆွဲထိုင်စားလို့ရလောက်တယ်။ ဆိုးရွားတဲ့အနံ့အသက်မရှိဘူး။ ဒါ့အပြင်အိမ်သာထဲမှာ ပန်းအိုးသေးသေးလေးတွေချထားလိုက်သေးတယ်။ ကလေးကစားစရာလေးတွေလည်းတွေ့ခဲ့တယ်။ ဆရာရော၊ ဆရာကတော်ရော အသန့်ကြိုက်ကြတဲ့သူတွေမို့ ကလေးတွေရဲ့နေရာအထိ သန့်ရှင်းသပ်ရပ်လှပနေအောင် ပြုပြင်ထားတာနေမှာပါ။ လေးစားအားကျရပါတယ်။

**ရေချွေတာသောအိမ်သာ**

သတင်းဆောင်းပါးတစ်ခုမှာ ဖတ်ဖူးတာပါ။ ရေချွေတာတဲ့အကြောင်း၊ အိမ်သာမှာလောင်းချတဲ့ရေကို ရေအသန့်မသုံးဘဲ၊ လက်ဆေး၊ မျက်နှာသစ်တဲ့ရေမျိုးကို တစ်နေရာမှာစုထားပြီး ရေလောင်းအိမ်သာမှာလောင်းချတဲ့ရေအဖြစ်ပြန်သုံးတယ်တဲ့။ Recycle လို့ပြောရမလား၊ Reuse လို့ပြောရမလား။

အခုနောက်ပိုင်း တချို့ဗိုလ်ထိုင်တွေမှာ ရေဆွဲချတဲ့အခါ သိုလှောင်ကန်ထဲကရေကို အကုန်လုံးဆွဲမချဘဲ တစ်ဝက်ပဲဆွဲချလို့ရတဲ့ ခလုပ်တပ်ထားတာမျိုး တွေ့ဖူးပါတယ်။ ရေကိုလိုသလောက်ပဲသုံးပြီး ချွေတာတာပါ။

**လေးစားဖွယ်လူကြီးနဲ့ ဘုရားအနီးကအိမ်သာ**

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအများစုဟာ မိမိတို့လယ်ယာလုပ်ငန်းခွင်တွင် သီးနှံများရိတ်သိမ်းပြီးစီးတဲ့ နွေရာသီမှာ များသောအားဖြင့် နိုင်ငံအနှံ့အပြား ဘုရားဖူးထွက်လေ့ရှိကြပါတယ်။ စုပေါင်းပြီး ကားငှားလို့သွားကြတာလည်း ရှိပါတယ်။ အဲဒီလိုဘုရားဖူးများဟာ ခရီးရှည်ထွက်ခဲ့ပြီး ဘုရားစေတီတစ်ဆူကိုရောက်ရင် ကပျာကယာဆင်းပြီး အိမ်သာရှိရာကိုပြေးကြပါတယ်။ အိမ်သာမရှိရင် နီးစပ်ရာကွင်းပြင်က ချုံပုတ်တွေဆီကို ခြေကုန်သုတ်ကြပါတယ်။

လမ်းတစ်လျှောက် လွယ်လာရတဲ့ အန္တရာယ်တွေကို စွန့်ချင်ကြတာကိုးဗျ။ ကျွန်တော်တို့ ပဲခူးမြို့မှာ ရွှေသာလျောင်း၊ မြသာလျောင်း၊ စိန်သာလျောင်းဆိုပြီး ထင်ရှားတဲ့လျောင်းတော်မူ ရုပ်ပွားတော်ကိုယ်တော်ကြီးတွေ သီတင်းသုံးပါတယ်။ စိန်သာလျောင်းဘုရားကြီးကို ပြန်လည်ပြုပြင်မွမ်းမံစဉ်အချိန်ကပေါ့ဗျာ၊ ကျွန်တော်တို့ရဲ့ ဝန်ကြီး(ငြိမ်း)တစ်ဦး စိန်သာလျောင်းဘုရားကြီးဆီလာပါတယ်၊ အဲဒီအချိန်က ညွှန်ကြားရေးမှူး ခရီးလွန်နေလို့ ကိုယ်စား ကျွန်တော်က ဂါရဝပြုတွေ့ဆုံရပါတယ်။

ဝန်ကြီးကပြောပါတယ်။ နောင်ကျရင် ဘုရားဖူးတွေလာတဲ့အခါ အဆင်ပြေအောင် ဘုရားအနီးသင့်တော်တဲ့နေရာမှာ ခေတ်မီအဆင့်မြင့်အိမ်သာတစ်လုံး ဆောက်လုပ်လှူဒါန်းချင်ပါတယ်တဲ့၊ လက်ဆေးဆပ်ပြာ၊ လက်သုတ်ပုဝါ၊ ကြည့်မှန်၊ ခေါင်းဖြီးတဲ့ ဘီးစသည်ဖြင့် ပြည့်ပြည့်စုံစုံထားပေးချင်တယ်တဲ့။ ဂေါပကလူကြီးများက အာဏာပိုင်လူကြီးများနှင့် ညှိနှိုင်းပြီးလုပ်ပေးပါတဲ့၊ ကြိုတင် ငွေသိန်း(၂၀)လှူခဲ့မယ်။ ဆက်လက်ပြီး ထပ်လှူပါဦးမယ်ဆိုပြီး မွန်မွန်ရည်ရည် ယဉ်ယဉ်ကျေးကျေး ပြောတာကြားခဲ့ရတယ်။ အဲဒီအိမ်သာ ဆောက်လုပ်ပြီးစီးသွားတယ်လို့ ကြားသိရပါတယ်။

ကျွန်တော်ထင်ပါတယ်။ အသုံးပြုသူများရဲ့စည်းကမ်းနဲ့ အဆင့်အတန်းရှိမှုပေါ်မှာလည်း မူတည်မှာပါ။ ပြုပြင်ထိန်းသိမ်းခြင်းဆိုတာလည်း အရေးကြီးပါတယ်။ အားလုံးဝိုင်းဝန်းပြီး ညီညွတ်စွာသုံးစွဲထိန်းသိမ်းကြမှသာ ဝန်ကြီးရည်မှန်းတဲ့ အဆင့်မြင့်အိမ်သာသုံးတဲ့ အဆင့်မြင့်လူသားတွေ ဖြစ်လာမှာပါ။ ကျွန်တော်လည်း တာဝန်ကျနယ်တွေကိုရွှေ့ပြောင်းခဲ့ရတော့ စိန်သာလျောင်းဘုရားအနီးက အဆင့်မြင့်အိမ်သာရဲ့အခြေအနေကို မျက်ခြည်ပြတ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ခရီးသွားရင်း ဘုရားဖူးလည်ရင်း ရောက်ဖူးသမျှ ဘုရားစေတီတော်တော် များများမှာတော့ ရေလောင်းအိမ်သာ သန့်သန့်ပြန့်ပြန့်လေးတွေ တွေ့လာရပါပြီ။

မိမိတို့တစ်ဦးချင်းစီရဲ့ နေအိမ်တွေမှာတောင် တချို့ကသန့်ရှင်းစွာမသုံးတတ်ကြသေးတာလည်း တွေ့နေရဆဲပါပဲ၊ ကျွန်တော်ကတော့ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ ရုံးတွေ၊ ဈေးတွေ၊ ရုပ်ရှင်ရုံတွေပါမကျန် သန့်ရှင်းသပ်ရပ်တဲ့ အိမ်သာတွေရှိစေချင်ပါတယ်။ သန့်ရှင်းစွာ အသုံးပြုကြအောင်လည်း လှုံ့ဆော်တိုက်တွန်းချင်တာပါ။ ဝမ်းနဲ့ပတ်သက်တဲ့ရောဂါတွေမဖြစ်ပွားရအောင် သန့်ရှင်းတဲ့အိမ်သာတွေကို နေရာမရွေး၊ ချိန်ခါမရွေး လူတိုင်းလူတိုင်းအဆင့်မြင့်မြင့် စိတ်ချမ်းသာစွာ သုံးစွဲနိုင်ကြခြင်းအားဖြင့် ကျွန်တော်တို့လူမျိုးဟာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်မြင့်မားကာ နိုင်ငံတကာအဆင့်မီ လူနေမှုအဆင့်အတန်းသို့ တဖြည်းဖြည်း တက်လှမ်းနိုင်ပါစေကြောင်း အလေ့အကျင့်ကောင်းများထွန်းကားပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါတယ်ခင်ဗျား။

# သူတို့လည်းဝမ်းသာပါလိမ့်မယ်



ကိုငြိမ်း (တောင်သာ)

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၂)ရက် အမေရိကန်နိုင်ငံ နယူးအော်လင်းမြို့ Astor Crowne Plaza ဒုတိယထပ် ညီလာခံခန်းမတွင် Turtle Survival Alliance and IUCN Tortoise and Freshwater Turtle Specialist Group တို့ ပူးပေါင်းကျင်းပခဲ့သည့် 14 th Annual Symposium on the Conservation and Biology of Tortoises and Freshwater Turtle အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲသို့ Dr.S.G.Platt, Dr.ကလျာ၊ ကိုမျိုးမင်းဝင်းနှင့် ကျွန်တော်တို့ တက်ခဲ့သည်။ ညီလာခံပထမနေ့တွင် စာတမ်းဖတ်ပွဲ၌ Turtle Survival Alliance မှ C.E.O, Mr. Rick Hudson က မြန်မာ့နိုင်ငံမှ သားငှက်ထိန်းသိမ်းရေးအဖွဲ့ Wildlife Conservation Society-WCS ၊ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ Turtle Survival Alliance-TSA တို့နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့ကြယ်လိပ် *Geochelone platynota* များကို နှစ်စဉ်အောင်မြင်စွာ သားဖေါက်နိုင်သည်သာမက တိုးပွားလာသော တတိယမျိုးဆက်များ ယင်းတို့၏ မူရင်းသဘာဝသို့ လွှတ်နေခြင်းများကိုလည်းကောင်း၊ မြန်မာ့လိပ်ခုံး Burmese Roofed Turtle: *Batagur trivittata* ဒုတိယမျိုးဆက်သစ်များကို Radio Transmitter များတပ်ဆင်လျက် အထက်ချင်းတွင်းမြစ်နှင့် ထမံသီဘေးမဲ့တောအနီးမှ နန့်သလက်ချောင်းတွင် လွှတ်ပေးကာ လစဉ် ယင်းတို့၏ပျံ့နှံ့ကျက်စားမှုများကို လေ့လာနေမှုများကိုလည်းကောင်း အထူးတလည်ရည်ညွှန်းပြောကြားသွားခဲ့ပါသည်။

ညီလာခံစာတမ်းဖတ်ပွဲကိုခန်းမ(၂)ခုတွင် တစ်ပြိုင်နက်တည်း ကျင်းပသည်။ မိမိနားထောင်လိုသည့် စာတမ်းခေါင်းစီးကို ကြိုတင်ပေးထားသော စာအုပ်တွင် ဖတ်ရှုရွေးချယ်၍ ဟောပြောမည့်စာတမ်းရှင်ရှိရာ အခန်းသို့သွားရောက်နားထောင်ရသည်။ ကျွန်တော်အဖို့ ကျွန်တော်တို့နိုင်ငံတွင် အသုံးချနိုင်မည့် မွေးမြူနည်း၊ စောင့်ရှောက်နည်း စသည့်အခြေခံအချက်များပါနိုင်မည့် စာတမ်းရှင်များရှိရာ အခန်းသို့ တက်ရောက်နားထောင်ရသဖြင့် အခန်း(၂)ခန်းသို့ ဝင်လိုက်၊ ထွက်လိုက်နှင့်ဖြစ်ခဲ့ရတော့သည်။ အချို့စာတမ်းရှင်များ၏ ဟောပြောပို့ချချက်များကို ဗွီဒီယို မှတ်တမ်းများပင်ရိုက်ကူးခဲ့ပါသည်။ စာတမ်းဖတ်ပွဲပထမနေ့သည် ညနေ(၅)နာရီခန့်တွင် ပြီးဆုံးခဲ့သဖြင့် အခန်းသို့ပြန်ကာရေမိုးချိုးပြီးသည်နှင့် ကိုမျိုးမင်းဝင်း၊ Steve Platt နှင့် မကလျာတို့မိသားစုနှင့်ချိန်းဆိုထားသည့် အစည်းအဝေးခန်းမဘေးရှိ Turtle Survival Alliance သို့လာရောက်ပြသထားသည့် အရောင်းပြခန်းမှစောင့်နေရင်း ပြခန်းအတွင်း လှည့်ပတ်ကြည့်ရှုနေခဲ့သည်။ လိပ်ပလာစတာရုပ်ထုတွေ ခင်းကျင်းပြသထားသောနေရာအရောက်တွင် မြန်မာ့ကြယ်လိပ်ကို ရုပ်လုံးသွင်းထားသည်ကို တွေ့လိုက်ရသည်။ အားနည်းချက်ကိုတွေ့လိုက်ရသည်။ အဓိကအားနည်းချက်မှာ Burmese Star Tortoise ဟုပြောစမှတ်၊ သတ်မှတ်လောက်အောင် အလွန်ထင်ရှားသည့် ခြောက်ထောင့်ကြယ်မပါခြင်းပင်ဖြစ်သည်။ အဆိုပါကြယ်သည် ကျွန်တော်တို့ မြန်မာနိုင်ငံတော် အလယ်တွင်ပါသည့် တစ်လုံးတည်းသော ကြယ်ပုံစံမျိုးဖြစ်သည်။ ယင်းကို ဦးခေါင်း၏ အပေါ်ဘက်၊ ကုပ်ပေါ်မှ ကျောခွံ (carapace) အရှေ့ဘက်တွင် ထင်ထင်ရှားရှားတွေ့ရမည့် ကြယ်ကိုမတွေ့ရခြင်းဖြစ်သည်။ ယင်းအားနည်းချက်ကို ကျွန်တော်တို့၏ လိပ်မျိုးစိတ်ခွဲခြားစာအုပ်ကိုပြသ၍ ရှင်းပြလိုက်သောအခါ တာဝန်ခံက ကျွန်တော့်ကို အထူးကျေးဇူးတင်ကြောင်း ပြန်ပြောခဲ့သည်။ မကြာခင် ကျွန်တော်တို့ မြန်မာအဖွဲ့လူစုံတက်စုံရောက်လာသဖြင့် ရွှေတံတိုင်း Golden Wall တရုတ်စားသောက်ဆိုင်သို့ လမ်းလျှောက်သွားခဲ့ကြသည်။

နယူးအော်လင်းမြို့တွင် အများစုနေထိုင်သူများမှာ အာဖရိကနွယ်ဖွားဖြစ်ပြီး နေရာတိုင်းမှာသူတို့ကို တွေ့နေရသည်။ ကိုမျိုးမင်းဝင်းဆီသို့ ငှက်အသင်းမှ သူ့မိတ်ဆွေ ဦးစိုးတင့်က ခါးပိုက်နှိုက်သတိပြုရန် အွန်လိုင်းမှ ကြိုတင်သတိပေးထားသဖြင့် သတိမလွတ်ရအောင် သွားလာခဲ့ရသည်။ ဆိုင်ထဲတွင် ပါဆယ်ဝယ်သွားမည့် လူမည်းများ တန်းစီစောင့်နေသည်ကိုတွေ့ရသည်။ ကြက်ခေါက်ဆွဲကျော် တစ်ပွဲမှာ အမေရိကန်ဒေါ်လာ ၇.၅၀ ဖြစ်သည်။ မြန်မာငွေနှင့် တွက်ချေပါက ကျပ် ၉၀၀၀ လောက်ကျနေသည်။ အနိမ့်ဆုံးလည်းဖြစ် ခံတွင်းတွေ့လောက်မည့် အာဟာရကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ခံတွင်းလိုက်တယ်လို့ အညာလို ပြောရမယ်ထင်သည်။ စားလို့ကောင်းပါသည်။ စားပွဲထိုးမရှိ။ ကိုယ်တိုင်ယူစနစ်ဖြစ်သည်။ ဒါတွင်မကသေး စားသောက်ပြီးသော် ကိုယ်စားသောက်သည့် ပန်းကန်၊ ဇွန်းများကို သတ်မှတ်ထားသည့်နေရာသို့ပို့ပေးရ၏။ ဒီလောက်နှင့် မပြီးသေးပေ။ ဟင်းကျန်များ၊ ထမင်းကျန်များကို သပ်သပ်ထည့်သည့်ပုံးတွင် ထည့်ပေးရသေး၏။ ကိုယ်တိုင်ရှင်းပေးရသေး၏။ စားပွဲထိုးမရှိ၊ ကျွန်တော် သိပ်သဘောကျသည့် စနစ်ဖြစ်သည်။ ကျွန်တော်တို့ထမင်းဝိုင်းတွင် ကွန်ဖရင့်မနက်ပိုင်းက အဖွင့်အမှာစကားပြောသွားသော ရစ်ဟဒ်ဆင်၏ ပြောကြားချက်များကို ပြန်လည်ပြောမိကြသည်။ စားမြုံ့ပြန်ကြသည်။ ကြယ်လိပ်များ နှစ်စဉ်တိုးတက်ရရှိနေမှု၊ လိပ်ခုံးများ မျိုးသုဉ်းလုနီးမှ ကယ်တင်နိုင်မှုနှင့် စင်္ကာပူနိုင်ငံ တိရစ္ဆာန်ဥယျာဉ်သို့ မြန်မာ့လိပ်ခုံး၊ တိုက်လိပ်၊ မြန်မာ့လိပ်ခုံးများ (၂၅)ကောင် လွှဲပြောင်းပေးနိုင်မှု၊ မကြာသောနှစ်ကာလတွင် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်မှ မြန်မာ့လိပ်ခုံး၊ တိုက်လိပ်များမှ အကောင်ပေါက်ပွားလာနိုင်မှုအခြေအနေ၊ Turtle Survival Alliance နှင့် ပူးပေါင်းလုပ်နေသော (၁၃)နိုင်ငံအနက် မြန်မာ ပထမ၊ မာဒါဂါစကာသည် ဒုတိယနေရာနှင့် အိန္ဒိယက တတိယနေရာမှာရှိနေသည်ကို သူပြောစကားများက သက်သေခံနေသည်။ အကယ်စင်စစ် Turtle Survival Alliance အဖွဲ့သည် အလွန်ကြီးမားပြီး ငွေကြေးရန်ပုံငွေတောင့်တင်းသော အဖွဲ့အစည်းမဟုတ်ပေ။ အမေရိကန်နိုင်ငံတွင်းရှိ တိရစ္ဆာန်ဥယျာဉ်များ၊ ယင်းတိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ပညာရှင်များ ပူးပေါင်းဖွဲ့စည်းလျက် သဘာဝထိန်းသိမ်းရေးကို စိတ်ပါဝင်စားသော ငွေရှင်ကြေးရှင်များထံမှ ရန်ပုံငွေရရှိရေးအတွက် ကြိုးစားရုန်းကန်နေရသော အဖွဲ့ငယ်တစ်ခုသာလျှင်ဖြစ်သည်။ ငယ်သော်လည်း အောင်မြင်မှုတွေက အတော်များပါသည်။

ထမင်းစားပြီးလို့ အနားယူရန်ဆိုင်ရာ အခန်းအသီးသီးသို့ပြန်ကြရသဖြင့် ပြောလက်စ စကားပြတ်သွားကြသော်လည်း ကျွန်တော့်အတွေးများမှာ တည်းခိုရာဟိုတယ်အခန်းရောက်သည်အထိပါလာတော့သည်။ Turtle Survival Alliance ဆိုသည်မှာ ၂၀၀၄ ခုနှစ်တွင် စင်္ကာပူနိုင်ငံသို့ မြန်မာနိုင်ငံမှ လိပ်မျိုးစိတ်ထိန်းသိမ်းရေး ဆောင်ရွက်နေသူများကို အစည်းအဝေးတက်ရန် ဖိတ်ခဲ့သည့်အဖွဲ့ဖြစ်သည်။ မြန်မာလိုဆီလျော်အောင်ပြန်ဆိုထားသည်မှာ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ဖြစ်ပါသည်။ အဆိုပါဖိတ်ခေါ်မှုနှင့် ပတ်သက်၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society) ဌာနေတာဝန်ခံ ဦးစောထွန်းခိုင်သည် သစ်တောဦးစီးဌာနသို့ တင်ပြခဲ့ရာ သဘာဝဝန်းကျင်နှင့်သားငှက်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော် က တောအုပ်ကြီး ဦးမြင့်ရွှေ၊ တောအုပ် ဦးကြည်စိုးလွင်၊ တိရစ္ဆာန်ရုံ ဥယျာဉ်များဌာနမှ ဒေါက်တာ ဒေါ်သန်းသန်းအေးနှင့် မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှကျွန်တော်၊ စုစုပေါင်း(၄)ဦးတက်ခဲ့ရသည်။ ယင်းအစည်းအဝေးမှစတင်၍ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ Turtle Survival Alliance သည် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ) (WCS) နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက် မြန်မာ့ဌာနေဖွား endemic များ မျိုးသုဉ်းမှုကာကွယ်တားဆီးနိုင်ရန် သစ်တောဦးစီးဌာနလက်အောက်ရှိ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများနှင့်အတူတကွ ပေါင်းစည်းလုပ်ဆောင်နိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။

ပေါင်းစည်းဆောင်ရွက်ခြင်း၏ အောင်မြင်မှု၊ လားရာတစ်ခုတည်းကို ပြိုင်တူတွန်းလျှင် ရောက်နိုင်ပါသည်ဟူသော လမ်းညွှန်တင်စားချက်များအရ ကိုယ့်ဝန်ကိုယ့်အားဖြင့်ဆောင်ရွက်နေသောလုပ်ငန်းများကို TSA သည် WCS နှင့်ပူးပေါင်းကာ ကူညီထောက်ပံ့မှုအစီအစဉ်များ ဆောင်ရွက်ပေးခဲ့သည်။ ပထမဦးစွာ သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနလက်အောက်ရှိ မန္တလေးမြို့ ရတနာပုံ တိရစ္ဆာန်ဥယျာဉ် လက်ထောက်ညွှန်ကြားရေးမှူးဦးမောင်ချစ် လက်ထက်တွင် မြန်မာ့လိပ်ခုံး၊ တိုက်လိပ်သားပေါက် မွေးမြူကန်နှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှ ယင်းမျိုးစိတ်သက်ကြီးကောင်(၃)ကောင် လွှဲပြောင်းရယူလျက် မွေးယူသားဖေါက်နိုင်မှုနှင့် အဆိုပါလိပ်များ မွေးမြူသားဖေါက်ရန် သဘာဝကန်၊ မြန်မာ့ကြယ်လိပ်ခြံ၊ ဖမ်းဆီးရမိသည့် လိပ်မောင်း *Manouria emys* များထားရန် လိပ်ခြံစသည်များ ဆင့်ကဲ ဆင့်ကဲတည်ဆောက်ပေးခဲ့သည်။ အလားတူစွာ ၂၀၀၆ ခုနှစ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေ လက်ထက်တွင် မင်းစုံတောင်ဘေးမဲ့တောအတွက် ယခုတွေ့မြင်နေသော မြန်မာ့ကြယ်လိပ်ခြံအားလည်းကောင်း၊ လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရှိ ကြယ်လိပ်ခြံများနှင့် တောင်အင်းရေကန်တွင် မြန်မာ့လိပ်ခုံးများထားရန် ခြံကာရံခြင်းများပြုလုပ်ပေးနိုင်ခဲ့သည်သာမက ထမံသီဘေးမဲ့တောနှင့်ပူးတွဲဆောင်ရွက်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင် လင်းဖါးကျေးရွာ မြန်မာ့လိပ်ခုံးစခန်းအားလည်းကောင်း၊ ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် ရခိုင်တောင်လိပ်ခြံနှင့် လိပ်မောင်းခြံ၊ အလားတူရွှေစက်တော်ဘေးမဲ့တောတွင် မြန်မာ့ကြယ်လိပ်ခြံများ၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့၊ ဘန့်ဘွေးကျေးရွာ သစ်တောပျိုးဥယျာဉ်တွင် ဖမ်းဆီးမိသည့် လိပ်များ ပြန်လည်ပြုစုစောင့်ရှောက်ပေးနိုင်ရန်အတွက် ကုန်းလိပ်ခြံနှင့် ရေလိပ်ကန်များ၊ ယင်းတို့ကိုပြုစုစောင့်ရှောက်သည့် အဆောက်အဦတို့ကိုဆောက်လုပ်ပေးခဲ့သည်။ ထို့အပြင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ၊ တိရစ္ဆာန်ဥယျာဉ်များဌာန မန္တလေးမြို့ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တို့နှင့် ပူးပေါင်းကာ ဖမ်းဆီးရမိသည့်လိပ်များကို မူရင်းဒေသ(သို့မဟုတ်) မူရင်းဒေသနှင့် အလားသဏ္ဍာန်တူသောဒေသများတွင် ပြန်လည်လွှတ်ပေးခဲ့

သည်မှာ အကြိမ်ကြိမ်ပင်ရှိခဲ့ပြီဖြစ်ပါသည်။

သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့တို့သည် မျိုးသုဉ်းမှုအန္တရာယ်မှ မြန်မာ့ကြယ်လိပ်များနှင့် မြန်မာ့လိပ်ခုံးများကို ကာကွယ်နိုင်ခဲ့သည်သာမက နှစ်စဉ် ကောင်ရေတိုးသည် ထက်တိုးတက်စေရန်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ "ကာကွယ်ခြင်းမှသည် ပြန့်ပွားခြင်း" ဦးတည်ရည်မှန်းချက်သို့ ရောက်ရှိနေပြီဖြစ်သည်။ မြန်မာလိပ်ခုံးဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်ရှိချင်းတွင်းမြစ်တွင် သဘာဝအလျောက်အရေအတွက်အားဖြင့် (၁၀)ဂဏန်းအောက်တွင်ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်မှစ၍ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ရာ အရွယ်စုံသားပေါက် (၇၀၀)ကျော်စုဆောင်းရှိခဲ့ပြီးဖြစ်သည်။ အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ခဲ့၊ ဆက်လက်ရင်ဆိုင်နေရဦးမည့် အခြေအနေများဖြင့် ဆက်လက်ဆောင်ရွက်နေဦးမည်ဖြစ်သည်။ ဤသို့ဖြင့် ခန္တီးခရိုင်ရှိ အထက်ချင်းတွင်းမြစ်တွင် မြန်မာ့လိပ်ခုံး (၇၇)ကောင်၊ မင်းစုံတောင်နှင့် ရွှေစက်တော်တို့တွင် မြန်မာ့ကြယ်လိပ်အကောင်(၆၀၀)ကျော်ကို လွှတ်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ မင်းစုံတောင်ဘေးမဲ့တောရှိ သဘာဝတောတွင် မြန်မာ့ကြယ်လိပ်များမှ တစ်ကောင်စ၊ နှစ်ကောင်စ စတင်ပေါက်ဖွားလာနေသည်ကိုမြင်ရသည်မှာ ကျေနပ်ဝမ်းသာစရာပင်။ မြန်မာ့လိပ်ခုံးနှင့်မြန်မာ့ကြယ်လိပ်ဆိုသည်မှာ ကမ္ဘာ့အရှားပါးဆုံးမျိုးသုဉ်းပျောက်ကွယ်မည့်စာရင်း (၂၅) မျိုးတွင်ပါဝင်နေသော မြန်မာ့ဌာနေဖွားမျိုးစိတ်များဖြစ်ပါသည်။ အောင်မြင်မှုရခဲ့သည်ဆိုရာတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရသည့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုကအဓိကကျပါသည်။

သူတို့၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုတွေသာမရှိပါက အခုကဲ့သို့ အောင်မြင်ခဲ့မည်မဟုတ်ပါ။ သူတို့တွင်မကပါ၊ သူတို့၏လက်အောက်ဝန်ထမ်းများ၏ တာဝန်သိတတ်မှု၊ စိတ်ပါဝင်စားမှု၊ ဆောင်ရွက်မှုများတွေကလည်း အလွန်အရေး



ပါသည်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့အနေဖြင့် အောင်မြင်မှုများကို ဂုဏ်ပြုသောအားဖြင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျွန်တော်တို့ကို Dr.Steve Platt နှင့် ဒေါ်ကလျာတို့ ဦးဆောင်လျက် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံရှိ တက္ကသိုလ်နှင့် တိရစ္ဆာန်ဉယျာဉ်များသို့ ပျော်ပျော်ပါးပါး လေ့လာခွင့်ရခဲ့ရသည်ကိုလည်း အမှတ်တရ ရှိနေဦးမည်ဖြစ်ပါသည်။ ယနေ့ဖွင့်ပွဲနေ့တွင် လိပ်ပညာရှင်များ၊ သုတေသီများ၊ အလှူရှင်များနှင့် စိတ်ပါဝင်စားစွာ တက်ရောက်လာသော လူဦးရေ ၂၀၀ ကျော်ရှေ့မှောက်၌ မြန်မာနိုင်ငံ၏ အောင်မြင်မှုကို အထူးထုတ်ဖော်ဂုဏ်ပြုစကားကို ကြားရသဖြင့် ဝမ်းသာကြည်နူးရပါသည်။

ယနေ့ ညီလာခံခန်းမတွင် Mr.Rick Hudson က အထက်ပါအတိုင်း မြန်မာနိုင်ငံရဲ့အောင်မြင်မှုကိုထုတ်ဖော်ပြောခဲ့ရာတွင် မြန်မာ့အမွေအနှစ် မြန်မာ့ဌာနေဖွားလိပ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် သစ်တောဦးစီးဝန်ထမ်းများ၊ ဘေးမဲ့တောမှ လုပ်ဖော်ကိုင်ဖက်များ တစ်တပ်တစ်အား ပါဝင်ခဲ့သည်ဆိုတာကိုတော့ဖြင့် ယခုဆောင်းပါးလေးဖတ်၍ သိစေချင်ပါတယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်စေချင်ပါတော့သည်။

**လုပ်ဖော်ကိုင်ဖက်အားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။**



တိုးချဲ့လိပ်များစောင့်ရှောက်ကန့်လွှဲပြောင်းအခမ်းအနားတွင် Turtle Survival Alliance, CEO Mr.Rick Hudson မှ ဦးလှဦး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကျောက်ပဲခရိုင်၊ ရှမ်းပြည်(မြောက်ပိုင်း)အား ဂုဏ်ပြုလက်မှတ်များလွှဲပြောင်းပေးအပ်စဉ်။



ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဝန်ထမ်းများ၊ ဒေသနေပြည်သူများနှင့်အတူ လိပ်သောင်( ၁၃ ) နေရာအားသတိပေးဆိုင်းဘုတ်များစိုက်ထူခဲ့စဉ်။



# မြန်မာရှား

## အုန်းလွင်လေး







ပုစွန်သေအောင် ပူပြင်းတဲ့ တော်သလင်းလရဲ့ နေပူအောက်မှာ မနက်ကတည်းကဆိုင်ကယ်တစ်စီး လူနှစ်ယောက်စီးလို့ အလုပ်ကိစ္စများနဲ့ တာဝန်ကျရာ အညာဒေသအတွင်းသွားလာနေတာ နေ့လယ်တစ်နာရီကျော်ပြီ၊ သွားရမည့်ခရီးကလည်းမရောက်သေး၊ နေ့လယ်စာကလည်း မစားရသေး၊ နေအပူမှာ ဆာလောင်မွတ်သိပ်တဲ့ဝမ်းအပူနှင့် စီးနေတဲ့ ဆိုင်ကယ်အပူတွေကြောင့် လမ်းဘေးမှာ ခဏတာနားခိုရာလေးတွေတော့ အဖော်ပါလာသည့် တပည့်ကို -

"တို့နှစ်ယောက် ဒီအရိပ်မှာနားကြရအောင်" ပြောပြီးဆိုင်ကယ်ကိုအရိပ်ထဲမှာရပ် သော့ပိတ်၊ ဒေါက်ထောက်၊ ဆိုင်ကယ်စီးဦးထုပ်ချွတ်နေစဉ် တပည့်ဖြစ်သူက-

"ဆရာရယ်ဒီကျိုးတိုးကျဲတဲရှားပင်ရိပ်မှာ မနားဘဲ ဟိုရှေ့က ယူကလစ်စိုက်ခင်း အရိပ်မှာနားကြရင် မကောင်းဘူးလား" မေးလာတာကို -

"မင်းဘာသိလို့လဲ- ဆွေမျိုးအရိပ်ကပိုအေးတယ်ကွ"လို့ တုံးတိတိပြန်ပြောလိုက်မိတယ်၊ ဆရာတပည့်နှစ်ယောက် အမောပြေလောက်စဉ်မှာ တပည့်က---

"ဆရာပြောတာဆွေမျိုးအရိပ်ဆိုလား အဲ့ဒါဘာကိုပြောတာလဲဆရာ၊ ဒီအနီးဝန်းကျင်ဆရာ အမျိုးတွေရှိလို့လား"

"ဟား--ဟား--ဟား- ငါကဗိုက်ဆာဆာ၊ နေပူပူစီးလာတဲ့ဆိုင်ကယ်ပူတာကြောင့် နီးရာကြုံရာမှာဝင်နားတယ်မင်းထင်တာကိုး၊ တို့မြတ်စွာဘုရားက ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကဆိုတဲ့ လောကကြီး(၃)ပါးအနက် သတ္တလောကမှာရှိတဲ့ သတ္တဝါတွေဟာ နီးတာနဲ့ဝေးတာပဲကွာမယ်၊ သံသရာမှာအမျိုးတော်စပ်ကြတယ်တဲ့၊ အခုငါက သတ္တလောကမှာမပါဝင်ပေမယ့် ဩကာသလောက က ဒီရှားပင်နဲ့ဆွေမျိုးတော်တာကို ပြောတာကွ"

"ဆရာကလည်း ပြောမည့်ပြော ရှင်းရှင်းလင်းလင်းတော့လုပ်ပါ၊ တပည့်ကခေါင်းသုံးတတ်တာမဟုတ်ဘူး"

"အေး- မင်းကျွမ်းထိုးစဉ်မှာဘဲခေါင်းသုံးတာ ငါသိပါတယ်၊ မင်းကိုငါမေးမယ်၊ အခုတို့ နှစ်ယောက် နားနေတဲ့ ဒီရှားပင်အကြောင်းမင်းဘာသိလဲ" မေးတော့--

"ဒါများဆရာရယ် - ဒီရှားပင်ကအညာဒေသလမ်းဘေးမှာ သဘာဝအလျောက်ပေါက်နေတာပဲ၊ အခုဆရာနဲ့ကျွန်တော်အရိပ်ခိုတယ်လေ - ဆရာကရှားပင်နဲ့ အမျိုးတော်တယ်ပြောတယ်လေ - ဒါဘဲပေါ့"

"အေးပါကွာ - ငါရှင်းပြပါ့မယ် - ဒီအညာဒေသမှာမင်းလည်းသိတာပဲ၊ မန်ကျန်ရှား၊ အော်ရီရှားစတဲ့ ရှားအမည်ပါတဲ့ အပင်တွေကိုစိုက်ခဲ့တယ်၊ ဒီလိုပဲယူကလစ်လည်း စိုက်ကြ

တယ်၊ မန်ဂျန်ရှား၊ အော်ရီရှား၊ ယူကလစ်တွေဟာ ဒေသမျိုးရင်းတွေ မဟုတ်ကြဘူး၊ တို့အရိပ်ခိုနေတဲ့ ဒီရှားပင်ကတော့ ဒီဒေသမှာ နှစ်ပေါင်းကြာရှည်တည်တံ့ ရှင်သန်လာတဲ့ မြန်မာမျိုးရင်း မြန်မာရှားပဲကွ၊ ကိုယ့်မျိုးရင်းမို့ အမျိုးတော်တယ် ပြောတာပေါ့၊ လူသားစားပေါရိသာဒဇာတ်မှာ လူသားစားပြီး ကြမ်းကြုတ်တဲ့ ပေါရိသာဒဟာ တောထဲပြေးလွှားရင်း ငုတ်ထိုးပြီးဖျားတယ်၊ နောက်တရားဟောသူရောက်လာပြီး တရားချရာမှာ ပေါရိသာဒအမြင်မှန်ရသွားတယ်၊ ပေါရိသာဒကိုထိုးတဲ့ ငုတ်ဟာ ဒီရှားမျိုးရင်းရှားငုတ်ပဲ၊ နောက်မဟောသဓာဇာတ်တော်မှာ ဘုရားလောင်းမဟောသဓာပညာရှိဟာ ဘယ်ဘက်ကအရင်း ဘယ်ဘက်ကအဖျားဆိုတာ အဖြေရှာရှင်းလင်းပေးရတဲ့ ရှားနှစ်တုတ်ပြဿနာရှင်းခန်းမှာ အဓိကဖြစ်တဲ့ သစ်သားချောင်းတိုလေးက ဒီရှားမျိုးရင်း အနှစ်သားရှားနှစ်တုတ်ပဲ၊ တစ်ဆက်တည်း ဆွေမျိုးအရိပ်ဆိုတာ ထပ်ရှင်းရရင် - လောကနီတိအပိုဒ်(၅၀)သုဇနကဏ္ဍမှာ သုခါရုက္ခဿ ဆာယာဝ၊ တတောဉာတိမာတာပိတုတဲ့၊ "သစ်ပင်၏ အရိပ်သည် အေးမြ၏ချမ်းသာ၏ ထို့ထက် မိဘဆွေမျိုးအရိပ်သည် ပို၍အေးမြ၏ချမ်းသာ၏"တဲ့၊ ရှားပင်အရိပ်လည်း ဒီလိုတော်သလင်းလရဲ့နေပူချိန်မှာ အေးသလို ဒေသမျိုးရင်းဖြစ်လို့ဆွေမျိုးတော်ကြတော့ သစ်ပင်အရိပ် ဆွေမျိုးအရိပ်နှစ်ထပ်ကျတော့ ပိုအေးတာကြောင့် ဆွေမျိုးအရိပ်ပိုအေးတယ်လို့ ပြောတာပါကွာ"

"ဆရာကတော့ - လုပ်လိုက်ပြန်ပြီ" ပြောပြီးရယ်နေတဲ့ တပည့်ကို ကျွန်တော်လည်းဆက်ရှင်းပြတာက -

"မင်းကရယ်နေပြန်သေး- တို့မြတ်စွာဘုရားကလည်း ဆွေတော်မျိုးတော်တွေရှိတဲ့ သာကီဝင်တိုင်းပြည်ထဲက ဒီလိုကျိုးတိုးကျဲတဲ သစ်ပင်အရိပ်အောက်က စောင့်နေပြီး သာကီဝင်တွေကို မျိုးတုံးသတ်ဖို့လာတဲ့ ဝိဋ္ဋူဘကိုဆွေမျိုးအရိပ်ကပိုအေးကြောင်း တရားဟောရင်း သာကီဝင်တွေအသက်ကိုကယ်တင်ခဲ့ဖူးတယ်၊ ငါပြောတာမရယ်နဲ့ကွ၊ နိုင်ငံခြားတိုင်းပြည်တွေမှာ ထင်ရှားတဲ့ရုပ်ဝတ္ထုတွေနဲ့ လက်ထပ်တယ်ဆိုတာ လူမှုမီဒီယာတွေမှာ မင်းလည်းဖတ်ဖူးမှာပေါ့၊ အခုငါက ဒေသမျိုးရင်း ဒီမြန်မာရှားသစ်မျိုးနဲ့ ဆွေမျိုးတော်တယ်ဆိုတာ ဂုဏ်တောင်ယူရဦးမယ်"

မသိလို့လည်းမေးသေး--ရှင်းပြတော့လည်း ရယ်နေတဲ့ တပည့်ကိုထပ်မံရှင်းပြတာက --

"အပူထဲမှာနေလာသူသည်သာ အရိပ်တန်ဖိုးကို ပိုနားလည်တယ်ကွ၊ မင်းအခုသူ့အရိပ်မှာခိုနားခဲ့ပြီ၊ သူ့ရဲ့ ကျေးဇူးရှိသွားပြီ၊ အရိပ်နေနေအခက်ချိုးချိုး ကျေးဇူးမကန်းနဲ့၊ **<u>တင်ပေဖူးသည် ကျေးဇူးရှိလျက် အဆပ်ခက်</u>**မဖြစ်စေနဲ့၊ သူ့ကျေးဇူးမင်းပြန်ဆပ်ရလိမ့်မယ်"

"ကျွန်တော်က ဘယ်လိုကျေးဇူးပြန်ဆပ်ရမှာလဲ ဆရာ"

"မင်္ဂလသုတ်မှာ <u>ကတညုတာစ</u> သူ့ကျေးဇူးကို သိရခြင်းဆိုသလို ကျေးဇူးဆပ်ရာမှာလည်း <u>ဉာတကာနဉ္စ သင်္ဂဟော</u> ဆွေမျိုးတို့ကို ထောက်ပံ့ခြင်းဆိုတဲ့ မင်္ဂလာတရားတော်အတိုင်း မင်းတို့ငါတို့တွေ ဒီဒေသမှာ တို့ဒေသမျိုးရင်း မြန်မာရှားကို ရေရှည်တည်တံ့အောင် မြန်မာရှားပင်တွေနဲ့ အညာဒေသစိမ်းလန်းစိုပြည်အောင် မြန်မာရှားမျိုးရင်းကို မျိုးပွားကြီးထွား ရှင်သန်ရေးတွက် စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းပေါ့ကွာ၊ ဒီတော့ မင်းကျေးဇူးဆပ်ရမည့်အထဲ မြန်မာရှားသစ်မျိုးပါသွားပြီလို့ ခံယူထားတော့-

"ဆရာပြောတာတွေကောင်းလိုက်တဲ့အဖိုးတန်စကားတွေပါ၊နောက်လည်းပညာရပ်ဆိုင်ရာတွေ ပြောပြပါဦးဆရာ"

"အေးပါကွာ - နောင်တိုက်ဆိုင်တဲ့တစ်ချိန်မှာ မြန်မာရှားနဲ့ပတ်သက်လို့ ပညာရပ်ဆိုင်ရာတွေ မင်းကိုရှင်းပြပါမယ်၊ အခုတော့မြန်မာရှားပင်အရိပ်၊ ဆွေမျိုးသစ်မျိုးအရိပ်မှာ တို့တွေနားခိုခဲ့ပြီ၊ အမောလည်းပြေပြီ၊ တို့ရဲ့ခရီးဆက်ကြဦးစို့"

လောကနီတိအပိုဒ် (၅၀) နောက်ဆုံးစာကြောင်း ဗုဒ္ဓဿ နေကဓာဆိုတဲ့ပါဠိရဲ့အနက် မြတ်စွာဘုရား၏အရိပ်ဟုဆိုအပ်သောတရားတော်သည်သာ များစွာသောအပြားအားဖြင့် အချမ်းသာဆုံး အအေးမြဆုံးဖြစ်ပါကြောင်းကိုတော့ မြန်မာရှားပင်ရိပ်အောက်မှာ ကျွန်တော်လည်း တပည့်ကိုရှင်းမပြဖြစ်တော့ပါ-

ဆရာတပည့်နှစ်ယောက် အညာဒေသ နေ့လယ်နေရောင်အောက်မှာ ရည်မှန်းရာသို့ ဆိုင်ကယ်စီးလို့ ခရီးနှင်လျက်-----

တစ်နေ့ရုံးတက်ချိန်မှာတော့ မြန်မာရှားအကြောင်းကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ပြုစုထားသည့် "မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ပေါက်ရောက်ရှင်သန်နိုင်သည့် သစ်မျိုးများနှင့် ၎င်းတို့၏ ဝိသေသလက္ခဏာများ" စာအုပ်မှ အောက်ပါအတိုင်း ကျွန်တော်က ကူးယူထားခဲ့ပြီး တပည့်ဖြစ်သူကို တစ်ချိန်မှာရှင်းပြရပါဦးမည်။

| | | |
|---|---|---|
| မြန်မာအမည် | - | ရှား |
| သိပ္ပံအမည် | - | *Acacia catechu* (L.f) Willd |
| အင်္ဂလိပ်အမည် | - | Cutch |
| မျိုးရင်း | - | Fabaceae – Mimosaceae |

**အပင်ပုံသဏ္ဍာန်**

ရွက်အုပ်ပါးသော အပင်လတ်အစားမျိုး၊ အပွေးသည် မဲ၍ ပင်စည်တစ်လျှောက် အပေါ်နှင့်အောက်သို့တန်းလျက်နေသောအက်ကြောင်းတိမ်များရှိ၏။ အညွန့်များသည် နီ မောင်းလျက် ပြောင်ချော၍နေသော်လည်း အရွက်ကလေးများ၏ အရင်း၌ကွေးကောက်နေသော ဆူးကလေးနှစ်ခုကို

မကြာခဏတွေ့နိုင်၏။ ငယ်သောအခက်အလက်ပေါ်တွင် ၁/၅ လက်မခန့်မျှရှည်သော အရွက်ကလေးမြောက်များစွာကိုတွေ့နိုင်၏။ အရွက်၏ အညာတံအရင်းတွင် မဲ့(သို့မဟုတ်) အဖုရှိ၏။ ရံဖန်ရံခါ အလက်တွင်ပါသော အတက်တို့ယှဉ်ပြိုင်ပေါက်နေကြသော နေရာများ၌လည်း အဆိုပါမဲ့ သို့မဟုတ် အဖုကလေးများတွေ့ရတတ်၏။ ပန်းအခက်ကလေးများသည် ဝါ၏။ အသီးတောင့်မှာမူ ပါး၍ ညှိုလျက်ရှည်၏။ အလျားမှာ (၂)လက်မမှ (၃)လက်မထိရှည်၍ ဖြက်မှာ ၂/၃ လက်မသာရှိသည်။ အမွေးအမျှင် မပေါက်ပါ။ အပင်ပေါ်တွင် အက်ကွဲသည်။ အသီးတောင့်တွင် အစေ့(၃)စေ့မှ (၁၀)စေ့ အထိပါဝင်သည်။ အစေ့မှာဘဲဥပုံသဏ္ဌာန်ရှိ၏။ ဗျက်ကျယ်သည်။

**ဂေဟဗေဒစနစ်နှင့် ပျံ့နှံ့ပေါက်ရောက်ပုံ ပေါက်ရောက်ရာနေရာများ**

ရှားပင်သည် သဘာဝအလျောက် ရွက်ပြတ်ရောနှောတောများ၊ တောင်တန်းနှင့်ကုန်းမြေမြင့်၏ အောက်ခြေအပိုင်း ဆာဗားနားတောများတွင် ပေါက်ရောက်သည်။ ၎င်းသည် အထူးသဖြင့် ခြောက်သွေ့သောဒေသများရှိ ရေဝေဒေသများ၊ မြစ်ကမ်းဘေးသဲဆန်သောမြေများတွင် ပေါက်ရောက်သည်။

**ပထဝီဒေသအလိုက်ပျံ့နှံ့ပုံ**

မူရင်းဒေသ။ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ထိုင်း။

**ပေါက်ရောက်ရှင်သန်နိုင်သောနေရာများ**

| | |
|---|---|
| နှစ်စဉ်ပျမ်းမျှအပူချိန် | - ၃၂°C - ၃၉°C |
| နှစ်စဉ်ပျမ်းမျှမိုးရေချိန် | - ၂၀ လက္မ-၇၉ လက္မ |
| မြေအမျိုးအစား | - မြေအမျိုးအစားအများအပြားတွင် ပေါက်ရောက်နိုင်သည်။ အပေါ်ယံမြေဆီလွှာပါးသောနေရာတွင်လည်း ပေါက်နိုင်သည်။ |

**မွေ့တာမျိုးဆက်ခြင်း**

ပူပြင်းသောကာလ၌ အပင်တွင် အရွက်ပြတ်သည်။ အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီလတွင် အရွက်ကြွေ၍ ဧပြီလကုန် (သို့မဟုတ်) မေလအတွင်းတွင် ရွက်သစ်စထွက်သည်။ ရွက်သစ်ထွက်သည့်အချိန်တွင်ပင် ပန်းပွင့်သည်၊ ဇူလိုင်လမှ ဩဂုတ်လအထိဖြစ်သည်။ အသီးတောင့်သည် လျင်မြန်စွာ ဖွံ့ဖြိုးလာပြီး စက်တင်ဘာလ (သို့မဟုတ်) အောက်တိုဘာလတွင် အရွယ်အစားအကြီးဆုံးသို့ ရောက်ရှိသည်။ ထို့နောက် တဖြည်းဖြည်း အစိမ်းရောင်မှ အညိုရောင်သို့ပြောင်းသွားသည်။ အသီးတောင့်သည် ရင့်မှည့်ပြီး မကြာခင် ကွဲအက်ပြီး ဇန်နဝါရီလမှစတင်၍ ကြွေကျတတ်သည်။ အချို့သောအသီးတောင့်များသည် အောက်တိုဘာလ အထိ အပင်ပေါ်တွင်ရှိနေတတ်သည်။ သို့သော် ယင်းအချိန်တွင် အစေ့များသည် အင်းဆက်ပိုးမွှားကြောင့် များစွာပျက်စီးနေပြီးဖြစ်တတ်သည်။ လေဖြင့် ပျံ့နှံ့သွားသောအစေ့များသည် မိုးကျသည်နှင့်အပင်ပေါက်သည်။

**ပဝတ္တိမျိုးဆက်ခြင်း**

ရှားကိုအစေ့တိုက်ရိုက်စိုက်ပျိုးခြင်း၊ ငုတ်တက်စိုက်ခြင်း၊ ပျိုးဥယျာဉ်တွင် ပျိုးထောင်ပြီးမှ စိုက်ပျိုးခြင်းဖြင့် မျိုးဆက်နိုင်ပါသည်။ အစေ့များကို ရေနွေးပူတွင်စိမ်ပြီး (၂၄) နာရီခန့် အအေးခံထားခြင်း ဆောင်ရွက်နိုင်လျှင် ပို၍ကောင်းသည်။

**ပြုစုထိန်းသိမ်းခြင်း**

အစပိုင်းကြီးထွားနှုန်းနှေးသည်။ အပင်ငယ်ချိန်တွင် ပေါင်းရှင်းရန် လိုအပ်သည်။ မီးကာကွယ်ရန်နှင့် တိရစ္ဆာန်များစားကျက်ချခြင်းမှ ကာကွယ်ရန်လိုအပ်သည်။ အသုံးပြုရန် ရည်ရွယ်ချက်ကို မူတည်၍ ခုတ်ပတ်ကွဲပြားသည်။ ထင်းစိုက်ခင်းတွင် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း သတ်မှတ်နိုင်သည်။ အချင်း ၁၂ လက်မ - ၁၄ လက်မအရွယ်သည် စီးပွားရေးတွက်ခြေအကိုက်ဆုံးဖြစ်သည်။ ရှားစေးထုတ်ယူရန်အတွက် လိုအပ်သော အရွယ်အစားမှာ အနှစ်(၃၀)အတွင်း မရနိုင်ပါ။

**သစ်စေ့သိုလှောင်ခြင်း**

အစေ့ကိုလွယ်ကူစွာ သိုလှောင်နိုင်သည်။ အခန်းအပူချိန်တွင် သိုလှောင်ပါက (၉)လအထိ သိုလှောင်ထားနိုင်သည်။ လေလုံဗူးများအတွင်းထည့်ပြီး (၁၀)စင်တီဂရိတ်တွင် သိုလှောင်ပါက ၂ နှစ် - ၃ နှစ်အထိ သိုလှောင်နိုင်သည်။ တစ်ကီလိုဂရမ်တွင် အစေ့ပေါင်း ၁၅၀၀၀ - ၄၀၀၀၀ ထိပါဝင်သည်။



# ငါ့ကိုမြန်မြန် ကယ်ကြပါ



ငါ ကမ္ဘာမြေ
ကျန်းမာစေဖို့
တောင်းပန်စကား
ငါပြောကြားပါရစေ ----

အသင့်နေစေ
ဆန္ဒတွေနဲ့
ဖန်တီးပေးထား
သတ္တဝါများတွက်
ငါ ကမ္ဘာမြေ ပေးဆပ်နေ ---

ကိုယ်ကျိုးရှာကြ လူ့လောဘ
မြေပေါ်မြေအောက်
ရောမွှေနှောက်လို့
သယံဇာတ
ပျက်စီးရကာ
ငါ ကမ္ဘာဟာ ချူချာလာ ----

ရောဂါစွဲကပ်
ငါ့နေ့ရက်ရယ်
ပူလှိုင်း အေးလှိုင်း
ဖြတ်သန်းရိုင်းရင်း
ဘေး သဘာဝ
ကြုံတွေ့ရကာ
ငါ ကမ္ဘာဟာ ပျက်စီးလာ---

ပျက်စီးယိုယွင်း
ငါ့ဖြစ်ခြင်းအား
ပြန်လည်ကုသ
နေချင်လှကာ
အသိပညာ
ဆေးတစ်ခွက်ရှာရင်း
လေ ရေ မြေထု
ကောင်းခြင်းစုအောင်
စောင့်ရှောက်လို့သာ
ငါ ကမ္ဘာအား --ကယ်ပေးပါ --



စိုပြေ(လုပ်ငန်း)



# "ကလစ်၊ ကလစ်၊ ကလစ်"

**ဝေပြိုးမောင်၊ တောအုပ်ကြီး(၂၀၁၁)၊ သစ်တောသုတေသနဌာန**

ဆောင်ပါးအမည် ကလစ်၊ ကလစ်၊ ကလစ်သည် အင်္ဂလိပ်စာလုံး (Click Click Click) ၏ အသံထွက်စာလုံးဖြစ်ပြီး မြန်မာမှုပြုပါက ချက်ခနဲမြည်သံ၊ ချက်ခနဲ၊ ဖြောက်ခနဲ မြည်သည်ဟူ၍ အဓိပ္ပါယ်ပြန်ဆိုရမည်ဖြစ်သည်။ ယင်းဝေါဟာရသည် ကျွန်ုပ်တို့နှင့်ရင်းနှီးပြီးသား စကားလုံးဖြစ်ပြီး ကွန်ပျူတာ သုံးစွဲသည့်အခါ အသုံးပြုသော Mouse တွင် Right Click ၊ Left Click ၊ Double Click စသည်ဖြင့် သိကျွမ်းနားလည်ပြီးဖြစ်၍ ထွေထွေထူးထူး ရှင်းပြနေစရာမလိုပါ။ သို့သော် ယခုဆောင်းပါးတွင် ဖော်ပြလိုသောအဓိပ္ပါယ်မှာ ဓာတ်ပုံပညာရပ် (Photography)တွင် ကလစ်ဆိုသည်မှာ ဓာတ်ပုံရိုက်သည်ဟု ဖော်ပြရာရောက်ပါမည်။

ဆောင်းပါးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်၊ သစ်တောနယ်ပယ်နှင့် ဆက်စပ်ပတ်သက်သူများအားလုံးတို့၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ဓာတ်ပုံများ၊ ဗီဒီယိုများစသည့်မှတ်တမ်းမှတ်ရာများ မိမိတို့လက်လှမ်းမီသလောက် ရိုက်ကူးခြင်းဖြင့် မိခင်ဌာနအပေါ် အထိုက်အလျောက် အကျိုးပြုစေရန် မျှဝေရည်ရွယ်ရေးသားထားသော ဆောင်းပါးဖြစ်ပြီး ဆောင်းပါးရှင်သည် Professional Photographer မဟုတ်သော သစ်တောဌာနရှိ သာမန်ဝန်ထမ်းတစ်ဦးသာဖြစ်၍ လိုအပ်ချက်များ၊ မပြည့်စုံမှုများစွာပါရှိမည်ကိုလည်း နားလည်ပေးစေလိုပါသည်။

နည်းပညာထွန်းကားမှု၊ တွင်ကျယ်မှုအားနည်းခဲ့သော လွန်ခဲ့သောဆယ်စုနှစ်များတွင် ကင်မရာများ၊ဖုန်းများသည် လူနည်းစု၏ ဈေးကြီးသော အသုံးအဆောင်ပစ္စည်းများအဖြစ် တည်ရှိနေရာမှ ယခုအခါ လူတိုင်းနီးပါး ကင်မရာများ၊ ဖုန်းများကိုင်ဆောင်လာနိုင်ကြသည်ကိုလည်း သိရှိမြင်တွေ့နေရပြီဖြစ်ပါသည်။ ဖုန်းများကိုင်ဆောင်ခြင်းနှင့်အတူ နေ့စဉ်လူမှုဘဝလှုပ်ရှားသွားလာမှုများတွင် ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးလာကြခြင်းသည်လည်း မထူးဆန်းတော့သော တွေ့မြင်နေကျမြင်ကွင်းဖြစ်လာခဲ့သည်။

ထို့အပြင် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးနှင့် အစိုးရဌာနများတွင် မှတ်တမ်းဓာတ်ပုံများ အသုံးပြုခြင်းဖြင့် လုပ်ငန်းများ မြန်ဆန်တိကျစေခြင်းကြောင့် ဓာတ်ပုံရိုက်ကူးခြင်းသည် ရှောင်လွှဲလို့မရသော အခြေအနေတစ်ရပ်ဖြစ်လာသည်။ အစိုးရဌာနများတွင် လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာများပေးပို့တင်ပြရာတွင် ဓာတ်ပုံမှတ်တမ်းများသည် မရှိမဖြစ်အရေးပါသည်။ ကြီးကြပ်သူအထက်အရာရှိများအား ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြအစီရင်ခံခြင်းသည် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနယ်ပယ်သို့ အထက်လူကြီးကိုယ်တိုင်ရောက်ရှိ စစ်ဆေးပြီးသကဲ့သို့ အုပ်ချုပ်စီမံခန့်ခွဲရာတွင် ထိရောက်လျင်မြန်စေပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊တင်ပြချက်များ၊ သင်တန်းများ ဆောင်ရွက်ရာတွင် ဓာတ်ပုံမှတ်တမ်းများသည် မရှိမဖြစ်သော အရင်းအမြစ်များလည်းဖြစ်ကြသည်၊ ဓာတ်ပုံများဖြင့် ဝေဆာနေသော တင်ပြချက်သည် တက်ရောက်သူများ၏ စိတ်ပါဝင်စားမှု(Attention)ကို ကြာရှည်စွာဖမ်းထားနိုင်သည်။

ဓာတ်ပုံများသည် ဘာသာစကား (Language)ဖြစ်သည်။ "A picture is worth a thousand words" ဆိုသည့်အတိုင်း အကြောင်းအရာတစ်ခုခုအား အချိန်ကုန်ခံ လေကုန်ခံ၍ ရှင်းလင်းပြနေသော်လည်း နားမလည် သဘောမပေါက်နိုင်ဘဲ မှတ်တမ်းပုံတစ်ပုံ မြင်တွေ့လိုက်၍ သိရှိနားလည်သွားသည့် အဖြစ်အပျက်များလည်း ကြုံဖူးကြပေမည်။ "Seeing is believing" ဆိုသည့် ဆိုရိုးစကားအတိုင်း အကြောင်းတစ်စုံတစ်ရာအား မြင်တွေ့ကြရမှသာ အကြွင်းမဲ့လက်ခံယုံကြည်ကြသောကြောင့် ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများသည် ကောင်းမွန်သောသက်သေများ (evidence)ဖြစ်သည်။

ဓာတ်ပုံများသည် ဗဟုသုတများ၊ အတွေ့အကြုံများ(knowledge& experience)ဖြစ်သည်။ ဝေးလံခေါင်ဖျားသော၊ မြေမျက်နှာသွင်ပြင် ဆိုးရွားသော၊ ရာသီဥတုဆိုးရွားသော သစ်တောဒေသများသို့ သွားရောက်ဖို့ရန် မလွယ်ကူသောအခါ ထိုဒေသများအား သွားရောက်ဖူးသူတချို့၏ ရိုက်ကူးမှတ်တမ်းတင်လာသော ဓာတ်ပုံများကြည့်ရှုခြင်းဖြင့် ဒေသန္တရဗဟုသုတများ၊ အတွေ့အကြုံများရရှိခံစားစေနိုင်မည်။

ဓာတ်ပုံများသည် သမိုင်း (history)ဖြစ်သည်။ ယခုအချိန်တွင်ရိုက်ကူးထားသော မည်သည့်မှတ်တမ်းပုံမဆို နောင်အချိန် အတိုင်းအတာတစ်ခု၏ သမိုင်းဖြစ်လာမည်။ ယခုအခါ နည်းပညာထွန်းကားမှုနှင့်အတူ ခေတ်ကာလအမျိုးမျိုးတို့၏ သစ်တောဖုံးလွှမ်းမှုတို့ကို (GIS)/(RS) စသည့်နည်းပညာများဖြင့် တွက်ချက်တိုင်းတာနိုင်ပြီလည်းဖြစ်သည်။ ဓာတ်ပုံမှတ်တမ်းများ၏အသုံးဝင်မှု၊ အရေးပါမှုများအား ကျွန်ုပ်တို့ယုံကြည်လက်ခံ၍ ဓာတ်ပုံများအား အလွယ်တကူ ရိုက်ကူးနိုင်သော်လည်း ကောင်းမွန်သောဓာတ်ပုံနှင့် မှတ်တမ်းဝင်ဓာတ်ပုံများအဖြစ် ရိုက်ကူးခြင်းသည်မလွယ်ကူသော အလုပ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ဓာတ်ပုံရိုက်ကူးရန် အခွင့်အလမ်းများစွာရှိသော သစ်တောဂေဟာစနစ်တွင် ဓာတ်ပုံရိုက်ကူးခြင်းသည် ပို၍ခက်ခဲသော၊ ရှုပ်ထွေးသော၊ တစ်ခါတစ်ရံစွန့်စားရသော၊ ပညာရပ်တစ်ခုဖြစ်သည်။ သစ်တော

ဂေဟစနစ်တွင် ဓာတ်ပုံရိုက်ခြင်းဆိုသောကြောင့် သစ်ပင်များ၊ ခြုံနွယ်များ၊သစ်ရွက်များ၊ မှိုများ၊ တီရစ္ဆာန်များ၊ ပန်းပွင့်များ၊ အင်းဆက်များ၊ ရေထုများ(ကန်၊အင်း၊ချောင်း၊ရေတံခွန်)၊ငှက်များ၊ ဖားများ၊ မြွေများ၊ အခြားတွားသွားသတ္တဝါများ၊ သားရဲတိရစ္ဆာန်များစသည့်များစွာသော ဓာတ်ပုံရိုက်ရန် အခွင့်အလမ်းများ ပါဝင်ပါသည်။ ဓာတ်ပုံရိုက်ကူးရာတွင်လည်း သစ်တောအမျိုးအစား (Forest type)ခြားနားမှု၊ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတု မတူညီမှု၊ သစ်တောသစ်ပင်များ၏ ရာသီဥတုအပေါ်မူတည်၍ အရောင်ကွဲပြားမှု(Seasonal difference)၊ ပန်းမန်သစ်ပင်နှင့် တိရစ္ဆာန်များကြွယ်ဝမှု(Diversity in flora& fauna)စသည့် အချက်များကြောင့် သစ်တောဂေဟစနစ်တွင် ဓာတ်ပုံရိုက်ကူးခြင်းသည် တစ်သမတ်တည်းမဖြစ်ဘဲ အခက်အခဲများ၊ စိန်ခေါ်မှုများစွာရှိသည်။

ဓာတ်ပုံမှတ်တမ်းများအား ရယူရာတွင် လူတစ်ဦးနှင့် တစ်ဦးအမြင်မတူသောကြောင့် နည်းလမ်းအမျိုးမျိုးရှိနိုင်သော်လည်း သစ်တောဂေဟစနစ်များ၊ လုပ်ငန်းနယ်ပယ်များတွင် ရိုက်ကူးရာတွင် အကြမ်းဖျဉ်းအားဖြင့် သိရှိထားသင့်သည့် အခြေခံအကျဆုံးအချက်များကို မိမိအတွေ့အကြုံအရ အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

## (၁)ကင်မရာအမျိုးအစား(Camera)

အရည်အသွေးမြင့် ဓာတ်ပုံများရရှိရန် ကောင်းမွန်သော ကင်မရာ လိုအပ်သည်ဆိုသော်လည်း ကျွန်ုပ်တို့ကိုင်ဆောင်လျက်ရှိသော ဖုန်းများတွင်ပါရှိသည့် ကင်မရာများ၏ စွမ်းဆောင်ရည်ကိုလည်း လျော့မတွက်သင့်ပေ။ ဓာတ်ပုံကောင်းတစ်ခုရရှိခြင်း မရခြင်းနှင့် ပတ်သက်၍ ကင်မရာအမျိုးအစားအပေါ် ဆင်ခြေပေးစောဒကတက်မနေသင့်ဘဲ လက်ရှိအသုံးပြုကိုင်ဆောင်သော ဖုန်းကင်မရာများအကြောင်း လေ့လာသိရှိစေခြင်းက ပို၍အကျိုးရှိပေမည်။ လက်ရှိ ဖုန်းကင်မရာအများစုတွင် အလင်းအမှောင် (exposure) ချိန်ညှိခြင်းအတွက် ရိုက်ကူးသူက ချိန်ညှိခြင်းစနစ်(manual mode)မပါဝင်ဘဲ သူ့အလိုအလျောက် ချိန်ညှိခြင်းစနစ်(auto mode)ပါဝင်သောကြောင့် ရိုက်ကူးမည့် သစ်တောသမားများအနေဖြင့် ဓာတ်ပုံအမြင် ရှုထောင့်(perspective)နှင့် ရိုက်ကူးလိုသော ပုံ၏ရုပ်ထွက်ပြတ်သားအောင် (focus)ချိန်ခြင်း၊ သင့်တော်သော ဓာတ်ပုံအရွယ်အစားရွေးချယ်ခြင်း၊ ရုပ်ထွက်(resolution)ချိန်ညှိခြင်းတို့ကိုသာ ကျွမ်းကျင်အောင် စမ်းသပ်ရိုက်ကူးလေ့လာထားသင့်ကြောင်း အကြံပြုအပ်ပါသည်။ ဈေးနှုန်းအားဖြင့် ဝယ်ယူရန် သင့်လျော်သော သာမန်ဒီဂျစ်တယ်ကင်မရာများအကြောင်းကိုလည်း သစ်တောဝန်ထမ်းများအနေဖြင့် လေ့လာထားသင့်ပါသည်။ ဓာတ်ပုံဆရာများ၊ သတင်းထောက်များ အသုံးပြုကြသော Digital Single-Lens Reflex (DSLR)ကင်မရာအမျိုးအစားများသည် ပုံထွက်လွန်စွာကောင်းမွန်ပြီး အသုံးပြုမည်ဆိုပါက ကျွမ်းကျင်မှုနှင့်ဓာတ်ပုံပညာလိုက်စားမှုလိုအပ်ပါသည်။



## (၂)ကင်မရာအနေအထား (Orientation)

ဓာတ်ပုံအများစုကို အလျားလိုက်ဓာတ်ပုံ(landscape)များအဖြစ် ရိုက်ကူးရသော်လည်း ရိုက်ကူးမည့်အကြောင်းအရာများ(subject) အခြေအနေပေါ်မူတည်၍ ဒေါင်လိုက်ပုံ(portrait)များလည်း ရိုက်ကူးရန်လိုအပ်ပါသည်။ (ဥပမာ-မြင့်မားသော သစ်ပင်များရိုက်ကူးရာတွင် ပင်စည်၊ ရွက်အုပ်များ တစ်ပါတည်းပါရှိစေရန် ဒေါင်လိုက်အနေအထားသည် ပိုမို၍သင့်လျော်ပါသည်) ဒေါင်လိုက်အနေအထားအဖြစ် ရိုက်ကူးရန်မလိုအပ်သည့် အခြေအနေများတွင် ပုံအားလုံးအား အလျားလိုက်ရိုက်ကူးထားရမည်။ ရိုက်ကူးမည့်ဧရိယာကျယ်ပြန့်ပါက တစ်ခွင်တစ်ပြင်ရိုက်ကူးခြင်း(Panorama)၊ (သို့) ဓာတ်ပုံအပိုင်းများ(Photosets) အဖြစ်ရိုက်ကူး၍ ၄င်းတို့အားပေါင်းစပ်ခြင်းဆောင်ရွက်နိုင်သည်။ ဖုန်း(သို့)ကင်မရာကိုင်ဆောင်သည့် အနေအထားမှန်ကန်မှုရှိမှသာ ဓာတ်ပုံကောင်းရရှိမည်ဖြစ်၍ မရိုက်ကူးမီအနေအထားမှန်မမှန် စစ်ဆေးရန်လည်း လိုအပ်ပါမည်။ အထူးသဖြင့် ရေပြင်ညီအတိုင်းတည်ရှိနေသော အရာဝတ္ထုများနှင့် ၉၀ ဒီဂရီဒေါင်လိုက် အနေအထားတည်ရှိနေသော အရာဝတ္ထုများအားရိုက်ကူးရာတွင် ပို၍သတိပြုသင့်ပါသည်။ DSLR ကင်မရာများတွင် မြင်ကွင်းအား အနီးကပ်စိတ်ကြိုက်ချိန်ကြည့်နိုင်သော မျက်လုံးတစ်ဖက်စာ ချောင်းကြည့်ပေါက် (viewfinder or image sensor)ပါဝင်သောကြောင့် ပိုမို၍အဆင်ပြေနိုင်သော်လည်း ၄င်းကင်မရာများအသုံးပြုသည်ဖြစ်စေ၊ ဖုန်းများ၊ ရိုးရိုးကင်မရာများအသုံးပြုသည်ဖြစ်စေတတ်နိုင်ပါက ကင်မရာထောက်တိုင်များ (tripods)အသုံးပြုသင့်ပါသည်။

## (၃)ရှုထောင့်အမြင်(Perspective)

ရှုထောင့်အမြင်သည် ဓာတ်ပုံပညာတွင် အရေးကြီးဆုံးအချက်ဖြစ်သည်။ အနီးအဝေး၊ အကြီးအသေးသဘောတရားများပါဝင်ပြီး သာမန်ဝါးရုံလေးအား ဝါးရုံကြီးအဖြစ်၊ ရေအိုင်ငယ်လေးအား ရေကန်ကြီးအဖြစ် ပြောင်းလဲပုံဖော်ရိုက်ကူးနိုင်သည်။ သစ်တောသစ်ပင်များ ရိုက်ကူးရာတွင် သာမန်မြင်တွေ့နေကြရှုထောင့်များမှသွေဖီ၍ တမူထူးသောရှုထောင့်များ ရွေးချယ်ရိုက်ကူးခြင်းဖြင့် အဖိုးတန်အသုံးဝင်သော ဓာတ်ပုံကောင်းများရရှိလာစေ နိုင်ပါမည်။ (ဥပမာ-နေရာတစ်ခုလုံးအား ခြုံငုံမိစေရန်အတွက် အမြင့်တစ်နေရာမှ နေရာယူရိုက်ကူးခြင်း၊ ကြီးထွားမြင့်မားမှုအားပေါ်လွင်စေရန် သစ်ပင်ကြီးများအား အောက်ခြေမှအနီးကပ်ပင့်၍ ရိုက်ကူးခြင်း)ရှုထောင့်ရွေးချယ်ခြင်းသည် တစ်ခါတစ်ရံ သက်စွန့်စံဖျားလုပ်ကိုင်ရနိုင်၍ ဘေးကင်းမှုသည် ပထမအဖြစ်(Safety first)နားလည်ထားရမည်။ ရိုက်ကူးရာတွင် မြင့်မားသောနေရာများ (ဥပမာ-တောင်ကုန်း၊ အဆောက်အဦ၊ သစ်ပင်၊ တာဝါတိုင်)တွင် လိုအပ်ပါက နေရာယူရခြင်းတို့ကြောင့် အန္တရာယ်ရှိနိုင်သည်ကို သတိပြုသင့်သည်။ ယခုအခါ Drone Cameraများ၏ စွမ်းဆောင်ရည်မြင့်မားမှုကြောင့် အပေါ်စီးမှ မြင်တွေ့ရနိုင်သည့် ဓာတ်ပုံများလည်း ရိုက်ကူးနိုင်ပြီဖြစ်ပါသည်။

## (၄) အကွာအဝေး (Distantce)

ရိုက်ကူးမည့်အကြောင်းအရာ(subject)နှင့် မလိုအပ်ဘဲကွာဝေးခြင်း၊ နီးကပ်ခြင်းများရှောင်ရှားရပါမည်။ ဓာတ်ပုံဆိုသည်မှာ အကြောင်းအရာများ(subject)ကို လေးထောင့်ဘောင်ခတ်၍ မှတ်တမ်းပြုလုပ်ခြင်းဖြစ်၍ လေးထောင့်ဘောင်အတွင်း ပါဝင်စေလိုသော အရာများကိုသာ အာရုံစိုက်ထားသင့်သည်။ ကင်မရာများတွင် ပါဝင်သောမှန်ဘီလူး(Zoom lens) ချိန်ညှိနိုင်ခြင်း၊ ရှေ့တိုးနောက်ဆုတ်ပြုလုပ်ခြင်းဖြင့် ရိုက်မည့်အကြောင်းအရာများကို မြင်ကွင်းတွင်နေရာလွတ် မကျန်အကွက်ချထည့်သွင်းနိုင်သည်။ DSLR ကင်မရာများတွင် မှန်ဘီလူးအပိုလဲလှယ် တပ်ဆင်နိုင်သောကြောင့် (focal length) ချိန်ညှိပေးနိုင်ပါသည်။ အတတ်နိုင်ဆုံးအနီးကပ် ရိုက်ကူးထားသောပုံကိုကြည့်ရှုသူအဖို့ ရိုက်ကူးထားသည့်အကြောင်းအရာနှင့် ပို၍ရင်းနှီးမှု၊ ခံစားမှုကိုဖြစ်ပေါ်စေပါသည်။

## (၅)ရိုက်ကူးခြင်း (Photographing)

သစ်တောဂေဟစနစ်နှင့် သစ်တောလုပ်ငန်းနယ်ပယ်တွင် ရိုက်ကူးသည့် ရည်ရွယ်ချက်၊ ဓာတ်ပုံများအားအသုံးပြုမည့် ရည်ရွယ်ချက် အမျိုးမျိုးတို့အပေါ်မူတည်၍ ဓာတ်ပုံရိုက်ကူးသည့်နည်းစနစ်များ၊ လိုက်နာရမည့် အချက်များအား စာရေးသူ၏ အတွေ့အကြုံများအခြေခံ၍ မျှဝေရေးသားအပ်ပါသည်။

ပေါက်ရောက်ပင်များ၏ အချိန်ကာလအရ ပြောင်းလဲလာမှုများ (Trends in Vegetation Change)ကိုလေ့လာသိရှိနိုင်ရန် သုတေသနပြုလုပ်သောအခါ တိကျသောအချိန် အပိုင်းအခြား (သို့) အခါအားလျော်စွာ ဓာတ်ပုံရိုက်ကူးခြင်း(Repeat photography)နည်းလမ်းကို အသုံးပြုကြသည်။ သစ်မျိုးများ၏ကြီးထွားမှုအခြေအနေ ကွာခြားချက်များ (Growth performance)ကိုလေ့လာရန်၊ ဒေသတစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လေ့လာခြင်း(Comparative Study)၊လုပ်ငန်းများ မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေ(Before &After) ကွာခြားချက်စသည့် ရည်ရွယ်ချက်များဖြင့် မှတ်တမ်းရိုက်ကူးရာတွင်လည်း(Repeat photography)ကို အသုံးပြုကြသည်။ Repeat photography ရိုက်ကူးရာတွင် ကနဦးအဆင့်တွင် တိကျသေချာသော၊ နောင်တစ်ချိန်တွင် မပြောင်းလဲနိုင်သောနေရာတစ်ခု (Specific Point)တစ်ခုအား ရွေးချယ်ထားရှိပြီး ထိုနေရာမှ စတင်ရိုက်ကူးထားသင့်သည်။ ၎င်းနေရာသည် နောင်တစ်ချိန်တွင် အလွယ်တကူ ပြန်ရှာမှတ်မိနိုင်သောနေရာဖြစ်သင့်သည်။ (ဥပမာ- မြင့်မားသောကုန်းမြင့်၊ မပြောင်းလဲနိုင်သောအမှတ်အသားတစ်ခုခု၊ GPS Point အမှတ်ဖြင့် သော်လည်းကောင်းမှတ်သားထားခြင်း။)

စိုက်ခင်းလုပ်ငန်းများဖြစ်သော ပန္နက်ရိုက်/ကျင်းတူးခြင်း၊ စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းမဆောင်ရွက်မီ၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး (Before ၊ During၊ After)ကာလသုံးပါးမှတ်တမ်းတင် ရိုက်ကူးထားရှိခြင်းဖြင့် အစီရင်ခံစာများတင်ပြရာတွင် လွယ်ကူချောမောစေနိုင်မည်ဖြစ်သည်။ စိုက်ခင်းလုပ်ငန်းများသည် လုပ်သားများ(Labor)ဖြင့် ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်၍ လုပ်ငန်းဆောင်ရွက်စဉ် ဓာတ်ပုံများရိုက်ကူးရာတွင် လုပ်သားများပါဝင်အောင် ရိုက်ကူးရမည်။ လုပ်သားများပါဝင်အောင် ရိုက်ကူးရသောကြောင့် ၎င်းတို့အား သေချာနေရာချထားပေးပြီး ရိုက်ကူးသင့်ပါသည်။ ဓာတ်ပုံရိုက်ကူးရာတွင် ပုံပါပြီးရောရိုက်ကူးခြင်းမျိုးမဖြစ်စေဘဲ သေချာနေရာချထားခြင်း (Setting)၊ မှန်ကန်သော ရှုထောင့်ရွေးချယ်ခြင်း၊ အလင်းအမှောင်ထည့်သွင်းစဉ်းစားခြင်း စသည့်အခြေခံကျသည့် အချက်များလည်း သိရှိလေ့လာထားသင့်ပါသည်။ သစ်တောနယ်ပယ် လုပ်ငန်းအများစုသည်(Outdoors)များဖြစ်၍ မိုးလေဝသအခြေအနေ၊ နေရောင်ခြည်ရရှိမှု၊ မြေမျက်နှာသွင်ပြင် အနေအထားတို့ကိုလည်း မရိုက်ကူးမီ ကြိုတင်လေ့လာထားသင့်ပါသည်။

အစည်းအဝေးများ၊ အခမ်းအနားများ၊ သင်တန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောဆွေးနွေးပွဲများ အများစုသည် (indoors)များဖြစ်၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးရာတွင် ကင်မရာအလင်းမီး(flash)အသုံးပြုသင့်ပါသည်။ အရေးကြီးသောအချက်တစ်ချက်မှာ အဆိုပါအခမ်းအနားများတွင် ရိုက်ကူးလိုသော(သို့) ရိုက်ကူးရမည့်အကြောင်းအရာ၊ အစီအစဉ်များကို မိမိရရမှတ်တမ်းတင်ထားရှိဖို့ဖြစ်၍ ကင်မရာကိုင်ဆောင်သူသည် ကင်မရာကို လက်မလွှတ်တမ်း ကိုင်ဆောင်ထားပြီး အခမ်းအနားအပေါ် အချိန်ပြည့်အာရုံစိုက်နေရန်ဖြစ်သည်။ ထို့အပြင် အခမ်းအနားများမစတင်မီ ခန်းမဆောင်ဖွဲ့စည်းပုံ၊ အခမ်းအနားပြင်ဆင်ထားရှိမှု အခြေအနေများ ကြိုတင်လေ့လာထား၍ ဓာတ်ပုံရိုက်ကူးနိုင်မည့်နေရာများကို ကြိုတင်ရွေးချယ်ထားသင့်ပါသည်။ ဓာတ်ပုံများများ ရိုက်ကူးထားရန် လိုအပ်သော်လည်း အရေအ





တွက်ထက် ပုံအရည်အသွေး(Photo Quality)ကို ပို၍အရေးပေးသင့်သည်။

ဝန်းကျင်သားငှက်လေ့လာခြင်းနှင့် ပတ်သက်၍ ဓာတ်ပုံရိုက်ကူးခြင်းသည် အန္တရာယ်များသော၊ စွန့်စားရသော၊ ကျွမ်းကျင်မှုလိုအပ်သောအလုပ်ဖြစ်၍ ဘေးကင်းမှုသည် ပထမ(Safety first)ဖြစ်သည်ကိုသိရှိသင့်ပြီး ကျွမ်းကျင်အောင် ကြိုတင်လေ့ကျင့်ထားသင့်သည်။ တစ်ခါတရံစိတ်ရှည်သည်းခံရပြီး အချိန်ပေးရိုက်ကူးရတတ်ပါသည်။ (ဥပမာ-ငှက်များအား ဓာတ်ပုံရိုက်ကူးခြင်း)

## (၆) သိမ်းဆည်းမျှဝေခြင်း (Saving & Sharing)

ဓာတ်ပုံမှတ်တမ်းအတော်များများသည် စနစ်တကျသိမ်းဆည်းမှုမရှိခြင်းကြောင့်ဖြစ်စေ၊ ရည်ရွယ်ချက်ရှိရှိ ဖျောက်ဖျက်ပစ်မိခြင်းကြောင့်ဖြစ်စေ၊ မတော်တဆ ပျောက်ပျက်သွားခြင်းကြောင့်ဖြစ်စေ ဆုံးရှုံးရတတ်ပါသည်။ ရေရှည်သုတေသနလုပ်ငန်းများ (Long-term ecosystem research)တွင် မှတ်တမ်းဓာတ်ပုံများအား သိမ်းဆည်းထားရခြင်းသည် အပြောလွယ်သလောက် လက်တွေ့တွင် စိတ်ရှည်သည်းခံစုဆောင်း သိမ်းဆည်းရန်ခက်ခဲပါသည်။ သိမ်းဆည်းထားသော မှတ်တမ်းပုံများကို ပြန်လည်အသုံးပြုခြင်း၊ မျှဝေခြင်းတို့ဖြင့် သစ်တောအဖွဲ့အစည်း၏အကျိုးကိုပြုနိုင်ပါမည်။ မျှဝေရာတွင် Facebook၊ Instagram စသည့် လူမှုကွန်ရက်နည်းပညာများဖြင့် လူတိုင်းအား မျှဝေနိုင်သလို၊ မှတ်တမ်း data များအား ကူးယူခွင့်ပြုခြင်း၊ ဖုန်းများတွင်ပါဝင်သော(Android applications)များ အသုံးပြု၍ ကူးယူခြင်းဖြင့် မျှဝေနိုင်ပါသည်။

ကမ္ဘာပေါ်တွင်တည်ရှိနေသော သဘာဝအလှအပများ၊ အကြောင်းအရာများစွာကို ဓာတ်ပုံရိုက်ကူးရန် မကုန်ခန်းနိုင်သကဲ့သို့ ဓာတ်ပုံပညာရပ်သည်လည်း သင်ယူရန်မဆုံးနိုင်သောပညာဖြစ်ပါသည်။ သစ်တောဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်များနှင့် ဆက်စပ်ပတ်သက်သူများအနေဖြင့် လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သော ဓာတ်ပုံရိုက်ကူးခြင်း ပညာရပ်ကို လေ့လာလိုက်စားခြင်းဖြင့် မိမိတို့တာဝန်ကျရာနေရာ ဒေသအသီးသီးတို့၏ မတူညီသော သစ်တောများ၊ သစ်ပင်များ၊ ကျေးငှက်တိရစ္ဆာန်များ၊ ပတ်ဝန်းကျင်အခြေအနေများကို ဝါသနာအရဖြစ်စေ၊ တာဝန်အရဖြစ်စေ မိမိတို့၏လက်ကိုင်ဖုန်း ကင်မရာများ၊ ကိုယ်ပိုင်(သို့)ဌာနပိုင်ကင်မရာများအသုံးပြု၍ အခါအားလျော်စွာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြခြင်း၊ သိမ်းဆည်းမျှဝေခြင်းတို့ဖြင့် အတွေ့အကြုံ ဗဟုသုတဖလှယ်ရာရောက်မည်ဖြစ်ပါသည်။ ထို့အပြင် ရိုက်ကူးမှတ်တမ်းတင်ထားသောဓာတ်ပုံများကို အသိပညာပေးလုပ်ငန်းများ၊ ပြောပွဲများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် ပြည်သူလူထုအတွင်း အသိစိတ်ဓာတ်ပိုမိုနိုးကြားရှင်သန်လာစေခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်လာစေနိုင်ခြင်းတို့ကြောင့် သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်များနှင့် ဆက်စပ်ပတ်သက်သူများအနေဖြင့် ဓာတ်ပုံပညာရပ်ကို လေ့လာလိုက်စားပြီး မိမိတို့ပတ်ဝန်းကျင်သဘာဝအလှအပများအား အခါအားလျော်စွာ ဓာတ်ပုံရိုက်ကူးရင်းကောင်းမွန်သော သစ်တောသစ်ပင်၊ ပတ်ဝန်းကျင်ဓာတ်ပုံများဖြင့် မိခင်ဌာနအပေါ် အကျိုးပြုနိုင်ပါစေရန် တိုက်တွန်းအကြံပြုရင်း နိဂုံးချုပ်အပ်ပါသည်။

**အကိုးအကားစာရင်း** (Citing Articles)

- Forest photography tips; December 2013
- Http://www.school-of-digital-photography. com/2013/12/forest photography tips
- 8 quick tips to produce better forest photogrphy, Tim Gilbreath
- Accessing vegetation change over a century using repeat photography
- https://www.researchgate.net/publication
- 10 tips to help improve your smartphone photography;Leanne Tan
- en.wikipedia.org/wiki/Digital single-lens reflex camera



## ဖိနပ်တစ်ဖက် ဝယ်ရခြင်း

ဦးသိန်းလွင်၊ ဒု-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

သစ်တောသင်တန်းကို ၁၉၅၄ ခုနှစ်တွင် တက်ရောက်စဉ်အချိန်ကဖြစ်ပါသည်။ မြစ်ကြီးနားသစ်တောခရိုင်၊ ဟိုပင်မြို့၏ အနောက်ဘက်အင်းတော်ကြီးကန်နှင့် ၅ မိုင်မျှသာကွာဝေးသော မိုင်းနောင်ကြိုးဝိုင်းတွင် တောတွင်းလက်တွေ့သင်တန်းဆင်းချိန်ကဖြစ်ပါသည်။ သစ်တောကျောင်းသားများအတွက် နေထိုင်စားသောက်မှုတာဝန်များကို ဆရာအားကူညီရန် သတင်းတစ်ပတ်လျှင် ကျောင်းသားတစ်ဦးအား(duty officer)အဖြစ်ဆောင်ရွက်ရပါသည်။

စာရေးသူတာဝန်ကျစဉ်၊ ဟိုပင်မြို့သို့ ဈေးဝယ်လွှတ်ရန် စီစဉ်ချိန်တွင် ဆရာ၏ရိက္ခာများနှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ဝယ်ယူပေးရပါသည်။ ဆရာအတွက် တပည့်ကိုမြဲအေးမှ ပတ်တူဖိနပ်(canvas shoe)ရေစို၍ မီးပုံတွင်လှန်းထားစဉ် ဖိနပ်တစ်ဖက်မီးလောင်သွား၍ ဆရာမှ ဖိနပ်တစ်ဖက်ဝယ်ပေးရန်ပြောကြားပါသည်။ စာရေးသူမှမယုံနိုင်၍ ဆရာ့အားကိုယ်တိုင်သွားရောက်၍ မေးသောအခါ၊ ဆရာမှ ဖိနပ်တစ်ဖက်ပျောက်သောဆိုင်ရှိနိုင်မည်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ဆရာအား မလွန်ဆန်ဝံ့ဘဲ ဈေးဝယ်သွားမည့် ကချင်တောခေါင်းမန်းနော် အား ဖိနပ်တစ်ဖက်ကိုပေးလိုက်ပြီး တစ်ရံသာဝယ်ရန်မှာလိုက်ပါသည်။ ဈေးဝယ်သွားသူမှ ပေးလိုက်သောဖိနပ်တစ်ရံစာဝယ်ယူပြီး မူလအဟောင်းတစ်ဖက်နှင့် ဝယ်ယူခဲ့သောဖိနပ်တစ်ဖက်ကို ဆရာထံပေးလိုက်ပြီး ကျန်သောအသစ်တစ်ဖက်ကို သိမ်းထားလိုက်ပါသည်။

ထိုနေ့ညနေဘက်တွင် ဆရာမှခေါ်၍ သွားရောက်တွေ့ဆုံသောအခါ ဆရာမှ စာရေးသူအား "ဟေ့ -ငါမပြောဘူးလား -- ငါလို တစ်ဖက်ပျောက်တဲ့ဆိုင်ရှိမယ်ဆိုတာ အခု ငါရခဲ့ပြီ" ဟုပြောဆိုပါသည်။ သို့ရာတွင် ဖိနပ်တစ်ဖက်တန်ဖိုးကိုတော့ လုံးဝမပေးဘဲ တစ်ရံဈေးတိုင်းပဲပေးလိုက်ပါသည်။

ဦးတော်ကြည်ဆိုင် (ကျေးဇူးရှင်ဆရာအား ဦးညွှတ်လျက်----)




## အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများအကြား တရားဝင်သစ်ဖြစ်ကြောင်း လိုင်စင်ထုတ်ပေးခြင်းစနစ်အပေါ်သဘောတူညီမှုရရှိခြင်း





အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏တရားဝင်သစ်ဖြစ်ကြောင်း လိုင်စင်ထုတ်ပေးခြင်းစနစ်အပေါ် ဥရောပသမဂ္ဂအဖွဲ့၏ သဘောတူညီချက်ကို စက်တင်ဘာ(၁၅)ရက်နေ့တွင်ရရှိခဲ့ပါသည်။ ယင်းသဘောတူညီချက်သည် တရားမဝင်သစ်ထုတ်မှုနှင့် သစ်တောပြုန်းတီးမှုများကြောင့် နာမည်ကြီးနေသော အရှေ့တောင်အာရှနိုင်ငံ၏အားထုတ်မှုကို ဥရောပနှင့် ပြင်ပနိုင်ငံများ၏ အသိအမှတ်ပြု ယုံကြည်မှုရှိလာခြင်းကို ပြသရာလည်းရောက်ပါသည်။ အဆိုပါစနစ်အရ အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏သစ်နှင့် သစ်အခြေခံပစ္စည်းများသည် ငုတ်ရင်းမှ နောက်ဆုံးအချောထည်ထုတ်လုပ်မှုအထိ တရားဝင်စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း စစ်ဆေးလိုင်စင်ထုတ်ပေးမည်ဖြစ်သည်။ ဝယ်ယူတင်သွင်းသူများအနေဖြင့်လည်း လိုင်စင်ပါသစ်နှင့် သစ်အခြေခံပစ္စည်းများအပေါ် သံသယကင်းစွာ ဝယ်ယူတင်သွင်းနိုင်မည်ဖြစ်ပါသည်။

ဥရောပသမဂ္ဂသည် ၎င်း၏အဓိကသစ်တင်သွင်းသည့် နိုင်ငံ ၁၅-နိုင်ငံနှင့် တရားဝင်သစ်အထောက်အထား ထုတ်ပေးခြင်းစနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ယင်းနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ပထမဦးဆုံးကောင်အထည်ဖော်နိုင်ခဲ့သော နိုင်ငံလည်းဖြစ်ပါသည်။

"ယခုဆုံးဖြတ်ချက်ကို အင်ဒိုနီးရှားနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း လိုင်စင်ထုတ်ပေးခြင်းစနစ်၏ ယုံကြည်စိတ်ချရမှုအပေါ်အခြေခံ၍ ပေးခဲ့ခြင်းဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ယင်း၏ သစ်နှင့်သစ်အခြေခံပစ္စည်းများကို လွတ်လပ်စွာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်တော့မှာပါ" ဟု ဥရောပသမဂ္ဂ၏ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ဒု-သံအမတ် Charles-Michael Geurts မှပြောကြားခဲ့ပါသည်။ သို့ရာတွင် "ယင်းစနစ်၏ယုံကြည်စိတ်ချရမှုကို ဥရောပသမဂ္ဂအနေဖြင့် ဆက်လက်စောင့်ကြည့်စစ်ဆေးနေမှာပါ" ဟုထပ်လောင်းပြောကြားခဲ့ပါသည်။

"ဥရောပသမဂ္ဂနိုင်ငံများသည် တင်သွင်းလာသည့် သစ်နှင့်သစ်အခြေခံပစ္စည်းများအပေါ် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ထိန်းချုပ်ကြပြီး အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါစည်းမျဉ်းစည်းကမ်းများကို အောင်မြင်စွာ ကျော်ဖြစ်၍ ဥရောပသမဂ္ဂဈေးကွက်သို့ ပထမဆုံးတင်ပို့နိုင်သော ဒေသတွင်းနိုင်ငံဖြစ်ပါတယ်"ဟု လိုင်စင်ရသစ်အခြေခံလုပ်ငန်းရှင် Budi Hermawan, Director of PT Kayu Lapis Indonesia မှပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁-ဘီလီယံတန်ဖိုးရှိ သစ်နှင့်သစ်အခြေခံပစ္စည်းများကို ဥရောပသမဂ္ဂဈေးကွက်သို့တင်ပို့နေသော နိုင်ငံဖြစ်ပါသည်။ တစ်ဖက်တွင်လည်း တရားမဝင်သစ်ထုတ်လုပ်မှုသည် အင်ဒိုနီးရှားနိုင်ငံအတွက် ကာလအတန်ကြာရင်ဆိုင်နေရသော ပြဿနာတစ်ခုဖြစ်ပါသည်။ အင်ဒိုနီးရှားအဂတိလိုက်စားမှု တိုက်ဖျက်ရေး

ကော်မရှင်၏ အဆိုအရ ၂၀၀၃ မှ ၂၀၁၄ ခုနှစ်ကာလအတွင်းတွင် တရားမဝင်သစ်ထုတ်လုပ်မှုကြောင့် အခွန်ငွေ အမေရိကန်ဒေါ်လာ၉-ဘီလီယံခန့်ဆုံးရှုံးနစ်နာခဲ့သည်ဟု ဖော်ပြထားပါသည်။

ဥရောပသမဂ္ဂနှင့် သဘောတူညီချက်ရရှိပြီးနောက် အထပ်သား၊ စက္ကူမှအစပြု၍ ပရိဘောဂအထိ ဥရောပသမဂ္ဂဈေးကွက်သို့ လွတ်လပ်စွာတင်ပို့နိုင်မည်ဟု အင်ဒိုနီးရှားမှ မျှော်လင့်ထားပြီး ဥရောပသမဂ္ဂအရာရှိများကမူ တဖြည်းဖြည်းနှင့် သစ်တောနှင့်နှီးနွယ်နေသော ဆီအုန်းကဲ့သို့ အခြားထုတ်ကုန်များအထိပါ လွှမ်းခြုံနိုင်ရန်မျှော်လင့်ထားပါသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တရားဝင်သစ်ဖြစ်ကြောင်း လိုင်စင်ထုတ်ပေးသည့်စနစ်ကို စတင်ကျင့်သုံးပါက သဘောတူညီချက်အရ အကျုံးမဝင်သော မည်သည့်ကုန်ပစ္စည်းကိုမဆို တင်ပို့ရောင်းဝယ်ခြင်းကို ထိန်းချုပ်ရမည်ဖြစ်သည်။ သို့ဖြစ်၍ စနစ်ရေရှည်အောင်မြင်ရေး၊ ပိုမိုကောင်းမွန်စေရန်ကြိုးပမ်းခြင်းအပြင် တရားမဝင်သစ်ဈေးကွက် ပျက်သုဉ်းရေးသည် အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းဆောင်ရည်နှင့် ကြိုးပမ်းအားထုတ်မှုအပေါ် လုံးဝတည်မှီနေပါသည်။

"အစိုးရအနေဖြင့် နိုင်ငံ၏သစ်တောသယံဇာတများ စီမံအုပ်ချုပ်ရာတွင် ပိုမိုထိန်းချုပ်ဆောင်ရွက်နိုင်မည့် စနစ်တစ်ခုကို အသက်သွင်းနိုင်ခဲ့သဖြင့် အတိုင်းမသိဝမ်းသာပါတယ်"ဟု ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုဌာန၏ ညွှန်ကြားရေးမှူးချုပ် Putera Parthama က ပြောကြားခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုများကလည်း ယခုသဘောတူညီချက်ကို မှန်ကန်သောလမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းမှုတစ်ခုဟုမြင်ကြောင်း မှတ်ချက်ပြုထားပါသည်။ သို့ရာတွင် စံချိန်စံညွှန်းများသည် ဒေသခံအစုအဖွဲ့များ၏ အခွင့်အရေးများ၊ မြေယာပိုင်ဆိုင်ခွင့်များနှင့် ကာဗွန်သိုက်များဖြစ်သည့် မြေဆွေးမြေများ၏ စီမံခန့်ခွဲမှုအပေါ်ကိုပါ လွှမ်းခြုံနိုင်ရန်လိုအပ်သည်ဟု ထောက်ပြကြပါသည်။ Greenpeace အဖွဲ့၏ သစ်တောသယံဇာတများ ထိန်းသိမ်းရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ YuyunIndradi မှ "စံချိန်စံညွှန်းများချမှတ်ရုံနဲ့တော့ မလုံလောက်ပါဘူး။ အဆိုပါစံချိန်စံညွှန်းများနှင့်အညီ ဆောင် ရွက်မှုရှိ/မရှိ စောင့်ကြည့်ခြင်းဟာလည်းအရေးပါ ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

Source: THE WALL STREET JOURNAL, 15 September, 2016

## ဥရောပသမဂ္ဂမှ အင်ဒိုနီးရှားနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်းအာမခံသည့်စနစ် (Timber Legality Assurance System)ကို ကြိုဆိုလက်ခံလိုက်ခြင်း




အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂ၏ သစ်ကုန်သွယ်မှုခေတ်သစ်သည် လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်းတွင် စတင်တော့မည်ဖြစ်သည်။ အကြောင်းမှာ အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်သော သစ်တောထွက်ပစ္စည်းများသည် ဥရောပသမဂ္ဂ၏တင်းကျပ်သော တရားမဝင် သစ်တောထွက်ပစ္စည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုကျော်ဖြတ်ပြီး လွတ်လပ်စွာကုန်သွယ်နိုင်တော့မည် ဖြစ်သောကြောင့်ဖြစ်ပါသည်။

သစ်တောဧရိယာ အများအပြားပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တရားမဝင်သစ်ထုတ်လုပ်မှုသည် အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောကဏ္ဍမှအခွန်ငွေရရှိမှု၊ သစ်တောပြုန်းတီးမှု၊ စီးပွားရေးလုပ်ငန်းများ၏ ဥပဒေလိုက်နာမှုနှင့် ရေရှည်တည်တံ့သော သစ်ထုတ်လုပ်မှုစနစ်အပေါ် ထိုးနှက်လာသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့အသိုက်အဝန်းသည် ရာသီဥတုဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန်အတွက် သစ်တောများပြုန်းတီးမှုကို လျှော့ချရန်အတူတကွ ကြိုးပမ်းအားထုတ်လာကြပါသည်။ ယင်းတို့အနက် ဥရောပသမဂ္ဂနိုင်ငံများသည် တရားမဝင်သစ်ထုတ်လုပ်မှုကို တားဆီးနိုင်ရန်ရည်ရွယ်၍ ၂၀၀၃ ခုနှစ်၊ မတ်လတွင် အသက်ဝင်

ခဲ့သော ဥရောပသမဂ္ဂ သစ်ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းမူဘောင်(EU Timber Regulation - EUTR)ကို စတင်ကျင့်သုံးခဲ့ပါသည်။

အဆိုပါစည်းမျဉ်းမူဘောင်အရ ဥရောပသမဂ္ဂအသင်းဝင်နိုင်ငံများအားလုံးကို တရားမဝင်အရင်းအမြစ်မှထွက်ရှိသော သစ်နှင့်သစ်အခြေခံပစ္စည်းများ တင်သွင်းရောင်းဝယ်ခြင်းကို ကန့်သတ်ထားပါသည်။ ထို့အပြင် အဆိုပါနိုင်ငံများရှိ ကုမ္ပဏီအားလုံးသည် တင်သွင်းလာသော သစ်နှင့်သစ်အခြေခံပစ္စည်းများ၏ တရားဝင်မှုကိုအာမခံရမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ်သည် ငွေကြေးအကုန်အကျများ၍ အချိန်နှောင့်နှေးစေသော လုပ်ငန်းစဉ်တစ်ခုဟုဆိုနိုင်ပါသည်။ သို့ရာတွင် တရားမဝင်သစ်ထုတ်လုပ်မှုကို လျှော့ချနိုင်မည်ဖြစ်ပြီး တရားဝင်ထုတ်လုပ်ထားသော သစ်နှင့်သစ်အခြေခံပစ္စည်းများ၏ ဈေးကွက်ကိုခိုင်မာလာစေမည်ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်းအာမခံသည့်စနစ် (National Timber Legality Assurance System - SLVK)ကို ဥရောပသမဂ္ဂမှ အသိအမှတ်ပြုလိုက်ခြင်းကြောင့် နိုဝင်ဘာ(၁၅)ရက်နေ့မှစတင်၍ အင်ဒိုနီးရှားနိုင်ငံသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ဥရောပသမဂ္ဂဈေးကွက်သို့ လွတ်လပ်စွာ တင်ပို့နိုင်တော့မည်ဖြစ်သည်။ အဆိုပါရလဒ်သည် အင်ဒိုနီးရှားနှင့် ဥရောပသမဂ္ဂတို့၏ နှစ်ပေါင်းကြာရှည်စွာ ကြိုးစားမှု၏မှတ်တိုင်လည်းဖြစ်ပါသည်။ ထိုသို့ သမိုင်းမှတ်တိုင်စိုက်လိုက်နိုင်ခြင်းနှင့် အတူ အင်ဒိုနီးရှားနိုင်ငံသည် ဆယ်စုနှစ်များစွာ ရင်ဆိုင်ခဲ့ရသော တရားမဝင်သစ်ထုတ်လုပ်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ပြသနိုင်ခဲ့ပြီဖြစ်သည်။

ယခုအောင်မြင်မှုသည် အင်ဒိုနီးရှားနိုင်ငံအတွက်သာမက ဥရောပသမဂ္ဂနိုင်ငံများရှိ သစ်တင်သွင်းသူများအတွက်ပါ မျှော်လင့်ချက်ရောင်ခြည်ဖြစ်စေသကဲ့သို့ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှု( Forest Law Enforcement, Governance and Trade - FLEGT)လုပ်ငန်းစဉ်အပေါ် ယုံကြည်ချက်ပြန်လည်ရရှိလာစေခဲ့ပါသည်။ ယခုစနစ်စတင်အသက်ဝင်လာပြီးနောက်တွင် သစ်တင်သွင်းသည့်ကုမ္ပဏီများသည် တင်သွင်းလာသည့်သစ်များ၏ တရားဝင်မှုနှင့်ပတ်သက်၍ စိုးရိမ်စရာမလိုတော့ပါ။ သို့ဖြစ်၍အချိန်နှင့် ငွေကြေးကုန်ကျမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ကုန်သွယ်မှုလည်းမြန်ဆန်လာမည်ဖြစ်ပါသည်။

မကြာသေးမီက ဥရောပသစ်ကုန်သွယ်မှုဖက်ဒရေးရှင်း(European Timber Trade Federation-ETTF)မှ ဥရောပသမဂ္ဂ အခြေစိုက်သစ်ကုမ္ပဏီများ၊ သစ်ကုန်သွယ်မှုနှင့် ဆက်စပ်ပတ်သက်သူများနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးများအရ ဥရောပသမဂ္ဂ အသိအမှတ်ပြုမှုရရှိပြီးနောက် FLEGT စနစ်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများအပေါ် ယုံကြည်စိတ် မြင့်တက်လာသည်ကို တွေ့ရှိခဲ့ရသည်။

ဥရောပသစ်ကုန်သွယ်မှုဖက်ဒရေးရှင်းမှ ဥရောပသမဂ္ဂသစ်ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းမူဘောင်ကိုပို၍ ကျယ်ကျယ်

(Source;The Jakarta Post,19 September,2016)

## ၂၀၃၀ တွင် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပိတ်သိမ်းနိုင်ရေး ကနေဒါပြင်ဆင်



ကနေဒါနိုင်ငံသည် သမားရိုးကျ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ၂၀၃၀ ခုနှစ်နောက်ဆုံးထား၍ ပိတ်သိမ်းနိုင်မည့် အစီအစဉ်ကို လာမည့်တနင်္လာနေ့တွင် ကြေငြာနိုင်သည်ဟု အမည်မဖော်လိုသော သတင်းအရင်းအမြစ်များကို ကိုးကား၍ ကနေဒါအခြေစိုက် the Globe and Mail သတင်းစာမှ ဖော်ပြခဲ့ပါသည်။

အဆိုပါ အစီအစဉ်သည် ဖက်ဒရယ်အစိုးရ၏ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု တိုက်ဖျက်ရေးကြိုးပမ်းမှုများကို ငြင်းဆန်နေသောအချို့သော ပြည်နယ်များအတွက် လုပ်သာကိုင်သာရှိသော ဝန်းကျင်တစ်ခု ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း အစိုးရဘက်မှ ပြောကြားခဲ့ပါသည်။ ကနေဒါအစိုးရသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအစီအစဉ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပြီးခဲ့သည့်လကပင် ကနေဒါပါလီမန်သည် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး ပဲရစ်သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ဆယ်စုနှစ်တစ်ခုအကြာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် အေးစက်စက်နိုင်ခဲ့သော ယခင်အစိုးရအဆက်ဆက်နှင့် ကွာခြားချက်ကို ဝန်ကြီးချုပ် Justin Trudeau ဦးဆောင်သော လစ်ဘရယ်အစိုးရတွင် တွေ့ရှိလာရခြင်းပင်ဖြစ်ပါသည်။



သို့ရာတွင် ယခုအစီအစဉ်နှင့်ပတ်သက်၍ မှတ်ချက်ပေးရန် ကနေဒါပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ(The Environment and Climate Change Canada Federal Agency)ကို မေးမြန်းခဲ့သော်လည်း ငြင်းဆန်ခဲ့ပါသည်။

ယခုကျောက်မီးသွေးစက်ရုံများ ပိတ်သိမ်းရေး အစီအစဉ်သည် ဒီဇင်ဘာလတွင်ကျင်းပမည့် ဗဟိုနှင့်ပြည်နယ် အစိုးရများ အစည်းအဝေးမတိုင်မီ ထုတ်ပြန်မည့် ဗဟိုအစိုးရ၏ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအားထုတ်မှု အစီအစဉ်များထဲမှ တစ်ခုဟု the Globe and Mail သတင်းစာမှ ဆက်လက်ဖော်ပြထားပါသည်။ အဆိုပါအစည်းအဝေးတွင် ကနေဒါ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး ကတိကဝတ်ဖြစ်လာမည့် ပန်-ကနေဒီယန် ရာသီဥတုပြောင်းလဲမှု သဘောတူညီချက် (Pan-Canadian climate accord)ကို အတည်ပြုနိုင်မည်ဟု ဝန်ကြီးချုပ် Justin မှမျှော်လင့်ထားပါသည်။

ထို့အပြင် ယခုအစီအစဉ်သည် လျှပ်စစ်အတွက် ကျောက်မီးသွေးကို အဓိကလောင်စာအဖြစ် အသုံးပြုလျက်ရှိသော ပြည်နယ်လေးပြည်နယ်ကို တွန်းအားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း the Globe and Mail မှ ရေးသားထားပါသည်။ အဆိုပါပြည်နယ်များအနေဖြင့် စက်ရုံများပိတ်သိမ်းခြင်း သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်မည့်နည်းပညာသုံးစက်ရုံများ ပြောင်းလဲလည်ပတ်ခြင်းနည်းများဖြင့် အစီအစဉ်တွင် ပူးပေါင်းပါဝင်နိုင်မည် ဖြစ်ပါသည်။ အကယ်၍ စက်ရုံများအနေဖြင့် ထုတ်လွှတ်လိုက်သည့် ကာဗွန်ပမာဏကို အခြားနေရာများတွင် နည်းလမ်းတစ်ခုခုဖြင့် လျှော့ချနိုင်မည်ဆိုပါက ဆက်လက်လည်ပတ်ခွင့်ရနိုင်သည်ဟုလည်း ဖော်ပြထားပါသည်။

ဝန်ကြီးချုပ် Trudeau သည် ပြီးခဲ့သည့်လကလည်း နိုင်ငံလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုအတွက် ပေးချေရမည့်အနည်းဆုံးပမာဏကို ထုတ်ပြန်ခဲ့ပါသေးသည်။

သို့ရာတွင် စွမ်းအင်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှု မြင့်တက်လာခြင်းနှင့်အတူ အခြားသောအချက်အလက်များအရ ကနေဒါ၏ ရာသီဥတုပြောင်းလဲမှု ပန်းတိုင်များကိုရောက်ရှိရန် အခွင့်အလမ်းအနည်းငယ်သာရှိပါသည်။

Source: Reuters (21 November, 2016)



**World Meteorological Organization**

Weather • Climate • Water

**ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)က ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတကာပါဝင်သော ထိပ်သီးညီလာခံအတွင်း ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်စောင်မှ ထုတ်နုတ်ဖော်ပြပါသည်။**

မော်ရိုကိုနိုင်ငံ မာရာကက်ရှ်မြို့တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတကာပါဝင်သော ထိပ်သီးညီလာခံကျင်းပခဲ့ရာ ကမ္ဘာ့မိုးလေဝသအဖွဲ့(WMO)က ညီလာခံအတွင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။

၄င်းအစီရင်ခံစာအရ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း ကမ္ဘာ့သမိုင်းတစ်လျှောက် မှတ်တမ်းတင်ထားသည့်အနက် အပူဆုံးနှစ်ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ထို့အပြင် ကမ္ဘာ့အပူချိန်မြင့်တက်လာရခြင်းမှာ လူများ၏ပယောဂကြောင့်ဖြစ်သည်ဆိုသော အဆက်အစပ်ကိုလည်း ၄င်းအစီရင်ခံစာတွင် ခိုင်ခိုင်မာမာ ဖော်ပြထားပါတယ်။

Germanwatch အဖွဲ့၏ သီးသန့်အစီရင်ခံစာတွင် ကမ္ဘာ့အပူချိန်မြင့်တက်စေသည့် အနည်းဆုံးနိုင်ငံများ၊ တစ်နည်းအားဖြင့် လေထုထဲသို့ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုအနည်းဆုံးဖြစ်သော အဆင်းရဲဆုံးနိုင်ငံများသည် ပြင်းထန်ဆိုးရွားသော ရာသီဥတုကို ရင်ဆိုင်ကိုင်တွယ်ရန် ပြင်ဆင်မှုအနည်းဆုံးနိုင်ငံများဖြစ်ပါသည်။

Germanwatch က ထုတ်ပြန်သော ရာသီဥတုဖောက်ပြန်မှုကြောင့် အန္တရာယ်အကျရောက်ခဲ့ဆုံး ထိပ်ဆုံး(၁၀)နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည်လည်းပါဝင်နေပြီး မိုဇမ်ဘစ်၊ ဒိုမနီကာ၊ မာလာဝီနဲ့ အိန္ဒိယတို့သည် ထိပ်ဆုံးနိုင်ငံများဖြစ်ပါတယ်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်လာမှုကြောင့် အပူလှိုင်းဖြတ်သောဒဏ်များ၊ မိုးခေါင်မှုများ၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ခြင်းတို့သည် အစွန်းရောက်ပြင်းထန်လာသည်ဟု သုတေသီများက ဆိုကြပါသည်။






ဓာတီးဟိန်း(သီပေါ)

သီပေါမြို့နယ်၊ တိန်းချေ/တိန်းစံကျေးရွာအုပ်စု၊ နောင်ကတ်ရွာလေးမှာ ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးတွင်တည်ရှိပြီး သီပေါမြို့မှ(၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။

ရှေးဟောင်းဘုရားများတည်ရှိပြီး ဘုန်းတော်ကြီးကျောင်းလည်းရှိပါသည်။ နောင်ကတ်ရွာလေးမှာ အိမ်ခြေ(၅၀)ခန့်ရှိပြီး လူဦးရေ(၁၅၀)ကျော်ရှိကာ ရှမ်းတိုင်းရင်းသားများ နေထိုင်ကြပါသည်။

ကျေးရွာသူ/ရွာသားများမှာ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း စသည့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကာ စပါး၊ ပြောင်း၊ ပဲ၊ နှမ်း၊ မြေထွက်သီးနှံ ငှက်ပျော၊ ခရမ်းသီး၊ မုန်လာ၊ မုံညင်း၊ ပဲတောင့်ရှည်၊ ခဝဲ စသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

အထူးသဖြင့် သီးနှံစိုက်ပျိုးပြီးချိန်မှာ မိရိုးဖလာဝါးနှီးဖြင့် တောင်း၊ ဆန်ကောဇကာ၊ ဖျာ၊ ယပ်တောင် စသည်ဖြင့် ဝါးနှီးကုန်ကြမ်းကိုအသုံးပြုကာ အိမ်တွင်းလက်မှုလုပ်ငန်းများကို အိမ်တိုင်း ကလေး လူကြီးပါမကျန်လုပ်ကိုင်၍ မိသားစုဝင်ငွေတိုးအောင် အသက်မွေးဝမ်းကျောင်း ပြုနေကြပါသည်။

သီပေါမြို့နယ်မှာ ဒုဋ္ဌဝတီမြစ်ကြီးနှင့်အတူ ရေမြေတောတောင် သဘာဝအလှအပများဖြင့် ပန်းတင့်လှသောမြို့ဖြစ်ပါသည်။ ထို့ကြောင့် ဟိုတယ်ပေါင်း(၄၀)ကျော်၊ ဟိုတယ်ဇုန်ရှိပြီး နိုင်ငံခြားသားခရီးသွားများ နေ့စဉ်ရာနှင့်ချီ အထူးစိတ်ဝင်တစားလာရောက်လေ့လာသည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်သောမြို့လည်းဖြစ်ပါသည်။

နောင်ကတ်ရွာသည် နိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စားသောရွာလည်းဖြစ်ပါသည်။ ထူးခြားချက်မှာ ထည်ဝါခန့်ငြားသည့် ရွာ၏ကျက်သရေဆောင် ရွှေတောင်စာကြည့်တိုက်ရှိခြင်း၊ သစ်ပင်ပန်းပင်များနှင့် ပိုးဥယျာဉ်ရှိခြင်း၊ ဒုဋ္ဌဝတီမြစ်၊ စိမ်းစိုသောတောင်တန်းများ၊ ကျေးလက်လယ်ယာ ကုန်ထုတ်လမ်းများဖြင့် သာယာလှပါသည်။ အိမ်တိုင်း ဝါး၊ နှီးယက်လုပ်မှုလုပ်ငန်းကို နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်ကြည့်ရှုလေ့လာကြပါသည်။

၉-၉-၂၀၁၆ ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် ရွှေတောင်စာကြည့်တိုက်ကော်မတီနှင့် သီပေါမြို့နယ် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ဝါးတန်ဖိုးမြှင့်အသုံးချသင်တန်းကို သစ်တောသုတေသနဌာနမှ ပညာရှင်များက သင်ကြားပို့ချပေးရာ သင်တန်းကို သီပေါမြို့နယ်အတွင်းရှိ တိန်းချေ/တိန်းစံ၊ ကွန်ကျောင်း၊ နောင်ကတ်၊ နမ့်အွမ် ရွာသူ/ရွာသားများ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာများမှ ဆရာ/ ဆရာမများ(၁၀၀)ကျော် အထူးစိတ်ပါဝင်စားစွာ တက်ရောက်ကြပါသည်။

ယနေ့ကမ္ဘာပေါ်တွင် သစ်တောများ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးလာနေပါသည်။ မြန်မာနိုင်ငံမှာလည်း သစ်တောပြုန်းတီးမှုများသော နိုင်ငံတစ်နိုင်ငံတွင် ပါဝင်လာပါသည်။ ထို့ကြောင့် သစ်ထုတ်ခြင်းကို ယာယီရပ်ဆိုင်းပြီး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ဝါးသည် ဆင်းရဲသားများအတွက် သစ်(Poor man's timber)ဟု တင်စားခေါ်ဝေါ်သော အပင်ဖြစ်ပါသည်။ နိုင်ငံ၏ လူဦးရေ(၇၀)ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများ ဖြစ်ပါသည်။ ဝါးကို အမိကသုံးစွဲလျက်ရှိပါသည်။ ဝါးပင်ကို ရွှေစိမ်း( Green Gold) ဟုပင် ခေါ်ဝေါ်လာကြပြီဖြစ်ပါသည်။

မြန်မာစကားပုံတွင် သစ်မရောက်ခင် ဝါးပေါင်းကွပ်ဆိုတဲ့ စကားရှိခဲ့ပါသည်။ ယခုအချိန်တွင် သစ်ခေတ်ရောက်ဖို့ဆိုသည်မှာ နှစ်ပေါင်းများစွာ သစ်တောကြီးများ ပြန်လည်ရှင်သန်အောင်စောင့်ရတော့မည်။ ထို့ကြောင့် ဝါးကိုပေါင်းကွပ်ဖို့အတွက်သာမက ရေရှည်ခံအောင်ပြုပြင်ပြီး သစ်နေရာအစားထိုး ဆောင်ရွက်ကြရတော့မည့် အချိန်ရောက်ပါပြီ။ ထို့ကြောင့် ဝါးလုပ်ငန်းများ ရေရှည်တွင် တွင်ကျယ်လာတော့မည်ဖြစ်သလို ဝါးပင်များကိုလည်း တရုတ်ပြည်ကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးရန် အချိန်ကျရောက်ပြီဖြစ်ပါသည်။

ကျေးရွာများတွင် နောင်ကတ်ရွာကဲ့သို့ ဝါးတန်ဖိုးမြှင့် အသုံးချသင်တန်းများကို ဖွင့်လှစ်ရင်းအနာဂတ်အတွက် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုသော နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေသည့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်သော မိသားစုဝင်ငွေကို တိုးမြှင့်စေမည့် ဝါးနှီးယက်လုပ်ခြင်း အစိမ်းရောင် စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန် တင်ပြလိုက်ရပါသည်။

# Soil and Water Conservation in Shan State of Myanmar

By

U Sein Thet; Director (Retired)

Agriculture and Forestry are dependent on the soil; without soil there can be neither Agriculture nor Forestry. The quality of forests depends in a great part on the kind of soil they grow on. The knowledge of soils is therefore necessary for the agriculturist and the forester. One of the most important duties of the forester is to maintain and improve the productive capacity of the soil. It is essential, therefore, that he knows the properties, status and behavior of his soils, in order to get the best results out of them.

Myanmar possesses wide variations in climatic and geologic conditions, resulting in an equally heterogeneous grouping of soils and forests. Although Myanmar's agricultural soils have been rather well mapped, forest soils have been define few studied. A detailed survey and mapping of her forest soil resources is much needed as a first step in intensive soil conservation and forest management including watershed management. An essential part of improved management is the matching of appropriate tree species to site. Available information indicates that Myanmar possesses a large group of soils derived from Tertiary sandstones and limestones, well suited for the production of teak and other commercially valuable species. Because of its great value, teak should be planted on those sites for which it is suited, with other native and introduced species planted on non-teak sites, after they have been well tested. Species selection for the Hill forests and Dry Zone forest should be given special attention because of the difficult soil conditions in those areas.

Water basin characteristics in Myanmar are quite variable due to the difference in physiographic feature. The three major drainage systems based on rivers Ayeyarwady, Chindwin and Thanlwin flow through the length of the country with Sittaung in between Ayeyarwady and Thanlwin. Most of the rivers run from north to south. Most rivers begin in forested mountainous watershed, follow course through the towns and villages and empty into the seas. Small rivers and streams that feed them flow from the East and West with different drainage patterns. Myanmar is richly endowed with water resources. The water ecosystem comprises the tributaries of the four major river systems, besides there are some river systems in Rakhine State and Tanintharyi Region. These river systems contribute for the surface water resources of the country. Due to favourable climatic condition and physiographic features, there are eight river basins namely 1.Chindwin, 2.Ayeyarwady Upper, 3.Ayeyarwady Lower, 4.Sittaung, 5. Rakhine, 6.Tanintharyi, 7.Than Lwin, 8. Mekong and those cover about 90% of the country's territory. Total surface and groundwater potential of Myanmar are approximately 828 $km^3$ and 495$km^3$ per year respectively.

When soil is unprotected it is at the mercy of the wind and rain; when it is protected by a vegetative cover of some sort, the destructive forces acting on it are reduced. The soil obtains its maximum protection under forests. Forests prevent soil erosion. The forest canopy, the foliage, twigs, branches and then down the stems and trunks of plants help to deaden the force of the raindrops, which flow down the branches and then down the stems harmlessly on to the soil. Gentle rains are entirely absorbed. In heavier showers the rate of precipitation is greater than the rate of absorption; but the flow of the storm-water over the surface of the soil is impeded by the soil covering and the violence of the floods in the streams is reduced. When man in his folly removed the forests in his search for areas to cultivate and to obtain materials for his dwellings, the bare soil was exposed to the mercy of the wind and the rain which eroded it.

When soil is protected by a vegetative cover, either of grass or forests it suffers little or no erosion. The rates of soil erosion, or soil removal, in such areas are generally unnoticeable and so slow that the rates of soil loss and the rates of soil formation from the parent rock are about balanced: soil loss, or soil denudation is made up by soil formation Some Soil Conservationist stated that necessary to erode or wash away 7 inches of soil under well protected grass and forests in America as thousands of years, depending on the kind of grass, forest and slope of the soil. Conservationists also estimate that it requires 400 years or more to produce one inch of topsoil.

Evidence of accelerated erosion in Myelat (Pindaya township and Kalaw township), Shan State, and the need for control measures have been documented in 1937. In 1948, a Soil Conservation Unit was established in Shan State to address the soil erosion problems in that State. A great number of works such as

establishment of conservation plantation, gully control works, natural regeneration, and establishment of demonstration farms were achieved within Shan and Kayah State. In 1984, this unit was inactive and dismantled because of insufficient funds and lack of trained personnel. Systematic Forest Management Started in Myanmar since 1856, by the appointment of Dr. Brandis. Watershed Management in not new to Myanmar, Watershed management concept included and is a traditional component of forest management Catchments Working Circle is one of the components included in some of Forest Division Working Plans. We could traced back to (1920+) working plans of some of Forest Division, such as, Chindwin Forest Circle, Meiktila Forest Division Working Plan, in which some watershed areas were allotted to Catchments working circle mainly means for soil and water conservation.

The documented evidence of the recognition of soil and water conservation in the Southern Shan State and attempt to ameliorate them could be traced as early as the last century. Brief references of accelerated soil erosion were noted by officers who visited Myelat and adjoining regions during those early years. However, serious recognition of the menace of resource degradation and need for arresting them seems to have taken its root only during the beginning of the 19 k century. The chronology of events which influenced the evolution of soil and water conservation practices in Myanmar is discussed below:- During 1915-1936, Agricultural Department of Myanmar started an experimental station in Nyaungshwe which was later shifted to Taunggyi to demonstrate sustainable land use practices focusing mainly on agricultural lands. Results on conservation farming in controlled environment developed. No marked improvement in the standard of cultivation by the farmers due to shortage of funds and resistant to change on the part of the beneficiary farmers.

In 1937, the Principal Forest Officer of the Federated Shan State reported to the Commissioner the seriousness of watershed conditions in the Myelat reason. The Commissioner organized an informal Soil Erosion Committee to cook at the seriousness of the condition and take necessary action. A demonstration area was set up near Thamaingkhan to initiate experiments in erosion control works. A detailed survey of Myelat region on scale of 4"-1 mile completed. General survey of soil erosion in parts of the Shan State other than Myelat was also completed. The experimental station was established but the impact was insignificant. The survey was carried out by Mr. T S. Thompson and his team and a report was published in 1944. This survey classified the eroded areas, delineated their boundaries, articulated the causes of erosion, noted the scale of the problem, and recommended control measures. Details of the survey was lost during the Japanese occupation. Systematic approach to document causes, effects and scale of soil erosion problems in the watershed areas started during this phase. No comprehensive action plan/management plan and implementation strategy emerged. The specification of treatments were site specific but not following the concept of the watershed boundaries. The Japanese occupation diffused the momentum including establishment of demonstration sites.

In 1937, the Principal Forest Officer of the Federated Shan State reported to the Commissioner the seriousness of watershed conditions in the Myelat reason. The Commissioner organized an informal Soil Erosion Committee to cook at the seriousness of the condition and take necessary action. A demonstration area was set up near Thamaingkhan to initiate experiments in erosion control works. A detailed survey of Myelat region on scale of 4"-1 mile completed. General survey of soil erosion in parts of the Shan State other than Myelat was also completed. The experimental station was established but the impact was insignificant. The survey was carried out by Mr T S. Thompson and his team and a report was published in 1944. This survey classified the eroded areas, delineated their boundaries, articulated the causes of erosion, noted the scale of the problem, and recommended control measures. Details of the survey was lost during the Japanese occupation. Systematic approach to document causes, effects and scale of soil erosion problems in the watershed areas started during this phase. No comprehensive action plan/management plan and implementation strategy emerged. The specification of treatments were site specific but not following the concept of the watershed boundaries. The Japanese occupation diffused the momentum including establishment of demonstration sites.

During 1947-1949, The survey and demonstration work was resumed. The Soil Erosion Committee was revived and demonstration centers revitalized. One full time senior officer was designated as Soil Conservation Officer Cooperative arrangements with the Agriculture Department was also sought.

Administrative actions from the highest level of the Government to streamline soil conservation activities were initiated. Extension services including radio talk were initiated. Draft Shan State Land Preservation Act and draft constitution of the Soil Conservation Committee were drafted and submitted to the Government. The name of the Soil Erosion Committee was changed to Soil Conservation Committee. A Five Year Soil Conservation Plan was completed by the Soil Conservation Committee, Shan State. Systematic approach to upland conservation strengthened. Awareness about the urgent need to arrest up land degradation increased at all levels. Need for legal tools to institutionalize appropriate land use practices was realized and developed. Organizational sup to cover forestry, agriculture and engineering aspects of integrated land management practices materialized.

During 1950-1985; five year plan was implemented systematically. Field organization were established. Site specific conservation activities in Government land as well as private land were implemented according to periodic plans. Extension staff representing forestry and agriculture departments were trained. In 1962, a special soil conservation unit was established under the supervision of Forest Department. This unit was given the status of a Forest Division. Due to the lack of fund and trained manpower the activities were scattered at different sites where open erosion were more pronounced. In late 1970s, the Government solicited technical assistant from FAO and UNDP to assist in organizing integrated watershed management programme. In 1984, the Soil Conservation Division was dismantled abruptly.

Impact of site specific rehabilitation started to be visible. Significant amount of extension staff were trained. Awareness was created at all levels. But due to the lack of funds and additional manpower, successes achieved could not be replicated. Search for a more comprehensive planning and implementation modality on a watershed basis started emerging. Inter-disciplinary approach comprising of a joint effort of the two major departments got diffused. A focal point to continue soil conservation activities also got diffused.

Analysis of the past actions and attending results reveal that the concern of GOM for upland conservation in the Southern Shan State reached at its peak during early 1950s and gradually slowed down in early 80s with ultimate closing down of the Soil Conservation Unit in 1984. At the later part of eighties, the momentum picked up again with emphasis on systematic appraisal of upland resources and adoption of multi-stage planning including focus on participatory planning and implementation of community based activities. However, this momentum seems to be a product of donor's drive to promote upland conservation since development funds were getting increasingly scarce for regular activities planned by Soil Conservation Division.




Windshield forests prevent the high-tide, maintain the dissolved particles from water and help in prospering of different fish species.

ရေတိမ်တောများသည် လှိုင်းလေကြီးမှုများကို ထိန်းသိမ်းပေးခြင်း၊ ရေတွင်ပါဝင်လာသော ပျော်ဝင်အနည်အနှစ်များကို ဖမ်းယူပေးခြင်းတို့အပြင် ငါးမျိုးစိတ်များ မျိုးပွားစေရန်လည်း အကူအညီပေးသည်။

# (၁၁၂)ကြိမ်မြောက် မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲအခမ်းအနား



ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၁၂)နှင့် မြန်မာနိုင်ငံမြေတိုင်းကျောင်း အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၅) သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို (၂၁-၁၁-၂၀၁၆)ရက်၊ နံနက်(၇း၃၀)နာရီအချိန်တွင် ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံမြေတိုင်းကျောင်းစစ်ရေးပြကွင်း၌ ပြုလုပ်ခဲ့ပါသည်။







စာမျက်နှာ (၄)သို့